အရူးမသရဲ
နဲ့
မဗဲဝါ
ကေနိမင်း

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၉ အောက်တိုဘာလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - ရန်မိုးအောင်
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးတင်ရွှေအောင်(၀၁၃၃၇)
သုံးလောကစာပေ၊ အမှတ်(၂၁)အေ၊
မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊
အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကေန်မင်း ၃၉၈.၂
အရူးမသရဲ့နဲ့ မဖဲဝါ/ ကေန်မင်း။
ရန်ကုန်မြို့၊
သုံးလောကစာပေ၊ ပထမအကြိမ်၊ ၂၀၁၉။
၁၁၁-စာ၊ ၁၂ x ၁၈ စင်တီ

အရူးမသရဲ့
နှင့်
မဖဲဝါ

ကောန်မင်း

အညွှန်း

၁။	အရူးမသရဲနဲ့ မဖဲဝါ	၅
၂။	ပါးစပ်သရမ်းမိလို့	၄၁
၃။	တစ္ဆေမှတ်ကြီးရဲ့ဆိုင်	၅၆
၄။	သရဲမ မိပန်းစေ	၈၄
၅။	အစားတစ်လုပ် အသက်တစ်ချောင်း	၁၀၀
၆။	အိမ်အလည်လာသော တစ္ဆေ	၁၄၃
၇။	အခြောက်ကြမ်းတဲ့ သရဲမ	၁၆၅
၈။	ညောင်ပင် တစ္ဆေ	၁၉၆

အရူးမသရဲနဲ့ မဖဲဝါ

ဝါး........ ဝါး.......... ဝါး..........

"ဟဲ့ – တပ်မြှ— တပ်မြှ— နင့်ကလေးငိုလှချည် လား"

"ဗိုက်နာလို့လား မသိဘူးအမေ"

"ရေနံ့ဆီ ပါးပါးလေး လိမ်းခိုင်းတာ မလိမ်းဘူး လား"

"လိမ်းပြီးပြီး— အငိုမတိတ်တာ"

"ဒုက္ခပါဘဲ--- သည်ကလေးကို ဘယ်လိုပဲဖြစ်ဖြစ် တိတ်အောင်လုပ်စမ်းပါ တော်ကြာ---

"ဒုန်း——— ဒုန်း——— ဒုန်း"

"အမယ်လေး စကားမဆုံးဘူး ရောက်လာပြီ"

"ဖိ——— ဖိ——— ဖိ"

"တံခါးတွေ အသေအချာ ပိတ်ထားလားကိုစံဖေ"

"အေး... ပိတ်ထားပြီးပြီး... နင်တို့ပါးစပ်တွေကို
ပိတ်ထား"

တီ........ တီ........ တီ

ဒုန်း.......... ဒုန်း......... ဒုန်း

အိမ်အပြင်မှာ အရူးမသာရဲရောက်နေပြီး အိမ်တံခါး
ထုရိုက်နေသည်။

"ငါး....... ပါး......... ငါး"

ကလေးက ဝူးဝူး... ငါးငါး ငိုသည်။ ဘယ်လိုမှ တိ
အောင်လုပ်မရ။ သို့ဖြင့် ဒေါ်အေးပွင့် ထိုင်ရာမှ ထကာ ဘု
စင်မှာ ချိတ်ထားသော သိမ်ဝင်ပုတီးကိုယူပြီး ကလေးလ
ပင်းမှာ စွပ်ထားပေးလိုက်သည်။

ဒေါ်အေးပွင့် အနည်းငယ် ငိုက်သွားသည်။

တံခါးဝမှ မဲမဲအရိပ်ကြီး အိမ်ထဲဝင်လာသည်။

တံခါးကို မဖွင့်ပဲ ဖြတ်ထွက်လာခြင်းဖြစ်သည်။

အိမ်ထဲရောက်လာသော သရဲမက — မတင်မြလ
ထဲမှ ဝူးဝူးငါးငါး အော်ဟစ်ငိုယိုနေသော ကလေးဆီရော
လာပြီး ဆွဲလုရန် ကြိုးစားသည်။

"ပေး ... ငါ့ကလေး.. ပေး"

အက်ထက်ထက် ရှတတ အသံကြီးထွက်လာ

ကလေးကို လုရန်အပြင် ....

"ဝှန်း"

ကလေးလည်ပင်း ... ထားသော သိမ်ဝင်ပုတီးကြောင့်
သရဲ နောက်သို့ရုတ်တရက် ဆုတ်သွားသည်။

သရဲကို အကောင်အထည်လိုက်မမြင်ရ... မဲမဲ သဏ္ဍာန်
ကြီးသာမြင်ရသည်။

"တီ.... တီ... တီ"

"ငါ့... ကလေး... ပေး"

ဒုတိယအကြိမ် ထပ်ယူရန် ကြိုးစားပြန်သည်။ ကလေး
ဆီ လက်မရောက်ဘဲ လက်နှစ်ချောင်းကို ရိုက်ထုတ်လိုက်သကဲ့
သို့ နောက်ဖက် လွင့်သွားသည်။

ဟီး ဟီး ဟီး

သရဲမကြီးလည်း ကလေးကို ကိုင်ချင်၍မရသဖြင့်
အခန်းထဲ လှည့်ပတ်အော်ဟစ်နေသည်။

"ဟီး... ဟီး.. ငါ့ကလေး.... ငါ့ကလေး"

ကလေးကလည်း အငိုတိတ်သွားသည်။

သရဲမကြီးလည်း ကလေးကိုခေါ်ရန် လက်လျော့သွား
သည်လားမသိ အိမ်ခန်းပတ်ပတ်လည် လှည့်ပတ်သွားနေရာက
နေ ... ပျောက်သွားသည်။

"တော်သေးရဲ့.. ကလေးအပေါ်မှာ ပုတီးတင်ပေးလိုက်မိလို့........ နို့မို့ဆို.... သရဲမလက်ထဲ ကလေးပါသွားလောက်ပြီ"

"ဒီရွာမှာလည်း မွေးကင်းစနဲ့... တစ်နှစ်သားအရွယ်.. ငါးယောက်လောက်ရှိမယ်ထင်တယ်.... အားလုံးကို သတင်းစုံစမ်းပြီး သတိလိုက်ပေးမှ...... ဖြစ်မယ်"

"ရှင်က ဘယ်လို သတိလိုက်ပေးမှာလဲ"

"ကလေးလည်ပင်းမှာ ဘုရားပုံတော်ဖြစ်ဖြစ်... ပုတီးကြိုးဖြစ်ဖြစ် ဆွဲပေးထားအောင် ... ကိုယ့်အိမ်ကအဖြစ်ကို ပြောပြီး...... လုပ်နိုင်းကြရမှာပေါ့.. မယုံလို့ မလုပ်လည်း....... သူတို့ကိစ္စပဲ"

"ရှင်ကြုံရင်လည်း...... ရှင်ပြော... ကျုပ်လည်း.. အေးညွန့်တို့..... လှစိန်တို့ကလေးတွေကို.... လည်ပင်းမှာ ဆွဲထားဖို့ပြောရဦးမယ်"

"သူတို့က .... ကြီးနေပါပြီ"

"အခုမှ လမ်းလျှောက် စကားပြောတတ်စ .... မဟုတ်လား။ သူတို့အရွယ်လည်း စိတ်မချရဘူး"

"အင်း....ကြုံရင်တော့ ပြောပေါ့.... နို့ရွာက ရှေးညည့်သည် အရူးမသရဲလည်း ....ဝင့်ကြွေးကြီးလွန်းလှတယ်.... ဒီ....သရဲဘဝက အမြန်ကျွတ်လွတ်ပါစေကွယ်"

ဦးစံဖေက သရဲမအကြောင်းစကားစလိုက်သည်နှင့် ဒေါ်အေးပွင့်က သရဲမဖိသားစု ရွာကို ရောက်လာသည့် အကြောင်း ပြန်....တွေးကြည့်လိုက်သည်။

× × × × ×

တန်ဆောင်မုန်းလဆန်းပြီ၊ ကံပေါက်ရွာ၏.... အနီးဝန်းကျင်ရှိ ကိုင်းတောကြီးရွာ၊ အောင်သာလှရွာတွေကို ဝိုင်းပတ်နေသော စပါးခင်းကြီးများက ရွှေဝါရောင် သန်းစပြုနေပြီ။

ရွှေဝါရောင် စပါးခင်းတွေကြားမှ စိမ်းစိမ်းစိုစို ထိုရွာသုံးရွာကို ...ကံပေါက်ချောင်းက ပက်ခွေထားသဖြင့်....အပေါ်မှ စီးမိုးကြည့်လျှင် အလွန်လှပသော ပန်းချီကားတစ်ချပ်အလား မြင်တွေ့ရမည်ဖြစ်သည်။

မကြာခင်ရက်ပိုင်းအတွင်း ရွှေဝါရောင် စပါးနှံတွေကို ရိတ်သိမ်းကြရတော့မည်။ ဖြည်းဖြည်းချင်းရိတ်၍မရ လူစုလူဝေးဖြင့် ....ရိတ်ရသည်။

စပါးနှံများ အရင့်လွန်သွားလျှင် စပါးစေ့တွေ ကြွေကျကုန်မည်။ စပါးအထွက်လျော့မည်။ အချိန်ကို လု၍ စပါးရိတ်ကြရသဖြင့် .... လုပ်အားပြုနိုင်မည့်လူ.... ရှာတိုင်းလိုအပ်သည်။

ထိုအချက်ကို သိကြသော အညာဘက်မှ လူများ အောက်ပြည် အောက်ရွာဘက်ဆင်းပြီး စပါးများ အခုပ်စုလိုက်

လာရိတ်ကြသည်။ လာသမျှ လူအားလုံး စပါးရိတ်ရာသီမှာ အလုပ်အကိုင် ရရှိကြသည်။

သည်လယ်ပြီးလျှင် နောက်လယ်သမားက စပါးရိတ် အဖွဲ့ကို ကြိုတင်ခေါ်ပြီး စရံပေးထားကြသည်။

တစ်လလုံးလုံး နားရက်မရှိ လုပ်ကြရသည်။ သည်ကွင်း မှာ.... ရိတ်၍ ကုန်လျှင် ရေနက်ကွင်းများက နောက်ကျမှစိုက် ၍ နောက်ကျမှရင့်မှည့်သည်။ စပါးရိတ်အဖွဲ့လည်း ရေနက် ကွင်းများရှိရာ စုံစမ်းပြီး။ ရွှေ့လျားသွားကြသည်။ နှစ်လနီးပါး အလုပ်သိမ်းကြုံးလုပ်ငွေရှာပြီး အညာသို့ ပြန်သွားကြတော့ သည်။

ထိုလူစုထဲတွင် ကိုကျော်တင့်နှင့် မလှရီတို့ လင်မယား က စပါးရိတ်ရန် ကံပေါက်ရွာကို အဖွဲ့လိုက်ရောက်လာပြီး ကျန် လူများ ပြန်သွားပေမယ့်.... အညာမပြန်တော့ပဲ ကံပေါက်ရွာမှာ ပင် အလုပ်မျိုးစုံ ရှာဖွေလုပ်ရင်း နေတော့မည်ဟု ဆုံးဖြတ်ကာ ရွာလူကြီး ဦးဝင်းမြိုင်ထံမှာ ခွင့်တောင်းခဲ့သည်။

ရွာလူကြီး ဦးဝင်းမြိုင်က သူ့လယ်မှာလည်း စပါးပင် ရိတ်ပေးရင်း ရင်းနှီးကျွမ်းဝင်သွားပြီမို့.... ရွာအစွန်မှာ နေလို့ ထိုင်လို့ရမည့် အိမ်တစ်လုံးဆောက်ပြီး နေခွင့်ပြုလိုက်သည်။

ဦးဝင်းမြိုင်၏ ကူညီမှုနှင့် ရွာထဲမှာ ဝါးပင်ရှိသူများက

ိမ်ဆောက်နိုင်ရန် ဝါးနက်၊ ဝါးဖယောင်းတို့ကို ခုတ်ယူစေသည်။

မလှရီက ကိုင်းခုတ်ပြီး သက်ကယ်ဖြစ်သည်။ မကြာ င် နတ်တော် ပြာသိုလအတွင်းမှာ ဆယ့်ငါးပေပတ်လည် သက် ယ်မိုးဝါးအိမ်တစ်လုံး ရရှိလိုက်သည်။

ရွာအစွန်း ကိုပေါက်စခြံနှင့် ဘေးချင်းကပ်ပြီး အိမ် ဆောက်ခွင့်ရလိုက်သည်။

"ကျွန်တော်ကို ရွာထဲမှာ ဘာအလုပ်ရှိရှိ ခေါ်နိုင်းပါ။ လှရီကလည်း ကိုင်းစိုက်နေ့စား လိုက်ပါ့မယ် လူလိုရင် ခေါ်ပါ"

ရွာလူကြီးက လယ်ဆယ့်ငါးဧကရှိသော ဦးကြည်လွင်ထံ ာ သူရင်းငှားအလုပ်ကို ပြောဆိုပေးသဖြင့် ....ကိုကျော်တင့် ူရင်းငှား အလုပ်ရရှိခဲ့သည်။

ကိုင်းစိုက်ရန် အလုပ်မျိုးစုံ လက်မလည်အောင်လုပ်ရ သည့်အချိန်မို့ ကိုကျော်တင့်လည်း နွားတစ်ရှဉ်းနှင့် နေ့မအား ညမအား လုပ်ရတော့သည်။

မလှရီကလည်း ရေတ်စိုက်၊ ပြောင်းစေ့ချ၊ မြေပဲစေ့ချ၊ ဲစိုက်၊ ဆေးရွက်ကြီးစိုက်နှင့် တစ်ခင်းပြီးတစ်ခင်း.... နေ့စား ခေါ်သမျှ လိုက်လုပ်သည်။

ဆောင်းတွင် စပါးရိတ်ချိန်မှသည် နွေကိုင်းချိန်သိမ်းပြီး သည်အထိ သူတို့လင်မယား လုပ်အားခငွေလေးအနည်းငယ်စု

မိသည်။ သူတို့အိမ်ထောင်ကျသည်ကလည်း အောက်ပြည်ကို လာသည့်အချိန်မှ ကျခြင်းဖြစ်သည်

အောင်ပြည်မှာ အိမ်ယာထူထောင်လိုက်သည့်အတွက် မွေးရပ်မြေ၊ မြင်းခြံဒေသသို့ မပြန်တော့ခြင်းဖြစ်သည်။

ထိုအရပ်မှာလည်း လယ်မရှိ၊ ယာမရှိသူတို့အတွက် အလုပ်အကိုင်ရှားပါးလှသည်။ သို့ကြောင့် နှစ်ဦးသဘောတူလက်ထပ်ပြီး အောက်ရွာမှာပင် အခြေစိုက်နေထိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခုအချိန်ထိတော့ လုပ်နိုင် ကိုင်နိုင်သည့် သူတို့အရွယ်အတွက် ကံပေါက်ရွာမှာ အလုပ်အကိုင်မရှား။

တစ်နွေပြီး၍လာမည့် မိုးနှင့် နွေကို ဦးကြည်လွင်ကပင် သူရင်းငှားအဖြစ် ဆက်၍ငှားသည်။ ဆန်နှင့်ငွေကို လုပ်ခထဲက တချို့တစ်ဝက် ထုတ်ပေးထားသည်။

သူတို့ လင်မယား တက်ညီလက်ညီ လုပ်နိုင် ကိုင်နိုင်သဖြင့် ....ငွေပို ငွေလျှံလေးစုမိသလို ....ဝါခေါင် တော်သလင်းလရောက်တော့ ....မလှရီမှာ ကိုယ်ဝန်ရနေကြောင်း သိလိုက်သည်။

သိ၍ ရွာက လက်သည်ကိုပြကြည့်တော့ ....ကိုယ်ဝန်နှစ်လခန့်ရှိပြီတဲ့.... ပြောသည်။

လက်သည် ပြောသည့်အတိုင်း ဝါခေါင်လမှစတွက်ရာ

...စပါးရိတ်ချိန်မှာ ကိုယ်ဝန်လေးလကျော်ပြီး ဗိုက်လည်းသိသိသာသာပေါ်လာသည်။

မလှရီက ကိုင်းမစိုက်ရလျှင်နေ စပါးတော့ရိတ်မည်ဟု ဆိုသဖြင့်....ကိုကျော်တင့်က အခြားလယ်မှာ ပေးမရိတ်ပဲ.... သူအလုပ်လုပ်သော ဦးကြည်လွင်လယ်မှာသာ ရိတ်စေသည်။

မလှရီကလည်း ....မခိုမကပ်ပဲ....ကျန်းမာသည့်လူများကဲ့သို့ပင် စပါးရိတ်နိုင်သည်။

ညဘက်ရောက်တော့ ခါးအနည်းငယ်ကိုက်သဖြင့် ကိုကျော်တင့်က ပူညံပူညံလုပ်ပြီး....ခါးနာပျောက်စေမည့် လိမ်းဆေးများ နားလည်သူများကို မေးစမ်းပြီး ပြုစုပေးရသည်။

ကိုင်းများပြီးပြီမို့ ကိုကျော်တင့်လည်း အလုပ်အားနေသည်။ ဇနီးသည် မွေးဖွားပြီး သွေးနု၊ သားနုအချိန် အနီးကပ်ပြုစုနိုင်သည်၊ နယုန်လဆန်းလောက်မှ သူရင်းငှားအလုပ်ကို ပြန်ဝင်ရမည်ဖြစ်သည်။

နှစ်လခန့်အထိ ဇနီးနှင့်သားအနီးမှာ လိုလေသေးမရှိ ...ပ်ကိုင်ပေးခဲ့သည်။

"သားဦးစနေဖြစ်၍ ....မွေးသည့်နေ့မှာ လက်သည် ...ါ်အေးစိန်က .... ရေတက် နေတက်၊ စနေသားဦး.... မွေးတာ ...ာ်... ကလေးကို ....အလိုလိုက်ဖို့ မစဉ်းစားနဲ့...."

ဒေါ်အေးစိန် ဘယ်လိုပြောပြော။ လုံးလုံးကျစ်ကျစ်လေး မအေတူသားလေးကို သူတို့လင်မယား ချစ်၍မဝ။

နယုန် လဆန်းကတည်းက ကိုကျော်တင့် အလုပ်ဝင်သွားပြီး ညဘက်ပြန်လာအိပ်သည်။

ထမင်းကို ညစာအိမ်မှာပြန်စားသည်။ သူရင်းငှား အလုပ်က တဲမှာနေ၊ တဲမှာစား။ လယ်ရှင်က နေရေး ထိုင်ရေး စားရေး သောက်ရေး အပြီးအစီး တာဝန်ယူထားသည်။ အလုပ်ပြီးသည်အထိ လယ်ထဲမှာပင် အိပ်ရမည်ဖြစ်သည်။

သူရင်းငှားက နှစ်ယောက်ဖြစ်၍ ကိုကျော်တင့်အား ကလေးငယ်ငယ်လေးနှင့် မိခင်တစ်ယောက်တည်းရှိသည်မို့ ညနေဘက် နွားများကို အစာထည့်ပေး၊ မီးမွှေးပြီးလျှင် ညဘက်ပြန်အိပ်ရန် ခွင့်ပြုခဲ့သည်။

ကိုကျော်တင့်နှင့်အတူ လုပ်ပေါ်ကိုင်ဖက် ဦးတင်ထွန်းကလည်း ကျေကျေနပ်နပ် ပြန်အိပ်ရန် ခွင့်ပြုထားခဲ့သည်။

သို့ဖြင့် တစ်လပြီး တစ်လ ကုန်ဆုံးခဲ့သည်။ ကလေးမိခင် နို့ကောင်းစွာမထွက်သဖြင့် ဖွံ့ထွားချင်သလောက် မထွား။ ကျန်းမာရေးလည်း အနည်းငယ်ချူချာသည်။ ညဘက်သိပ် မအိပ်သဖြင့် မိခင်ရော ဖခင်ပါ အိပ်ရေး ညတိုင်းလိုလို ပျက်ခဲ့သည်။

ထိုကဲ့သို့ တရှောင်ရှောင်နှင့်ပင် ကလေးက (၇)လထဲဝင်

လာခဲ့သည်။ သီးတင်းကျွတ်လကုန်၍ တန်ဆောင်မုန်းလထဲပင် ဝင်တော့မည် မကြာခင် စပါးများရိတ်သိမ်းရတော့မည်။

ကိုကျော်တင့်လည်း ကဲရောက်သည်နှင့် မြက်ခြင်းကို ထမ်းပြီး လယ်ကွက်ထဲဝင်လာခဲ့သည်။

လယ်ကန်သင်းရိုးပေါ်မှာ နွားစာမြက်များ မွေးထားသည့်အတွက် မရိတ်ရသေးသော လယ်ကွက်များဆီ လျှောက်ခဲ့သည်။ မြက်ရိတ်တံစဉ်တိုနှင့် ကန်သင်းရိုးပေါ်မှာ ထူထပ်စွာ ပေါက်နေသော မြက်နုများကို နွားစာအတွက် ရိတ်ယူနေသည်။

သူတို့လယ်ကွက်အတွင်း အခြားမြက်ရိတ်သမားများ ဝင်မရိတ်အောင် ... အမြဲကြည့်နေရသည်။ မြက်ရိတ်သမားများကလည်း လစ်လျှင်လစ်သလို ဝင်ရိတ်ကြသည်။ အချို့က မြက်ရိတ်သလိုနှင့် ကန်သင်းအောက်ဆင်းကာ စပါးပင်များကိုပင် ရိတ်ယူသွားတတ်သည်။

သို့ကြောင့် မိမိတို့ လယ်ကွက်များအတွင်း အခြားမြက်ရိတ်သမားများ ဝင်မရိတ်အောင် ကြည့်ရှုထားသဖြင့် တစ်မိုးတွင်းလုံး တောက်ရှိုးကျွေးစရာလိုအောင် မြက်နုများ အလုံအလောက်ရခဲ့သည်။

နာရီဝက်ခန့် ရိတ်လိုက်တော့ မြက်ခြင်းတစ်ထမ်းစာ မြက်များ အလုံအလောက်ရရှိသည်။ မြက်ရိတ်ပြီး ပုံထားသည်

များကို မြက်ခြင်းနှစ်လုံးထဲ အပြည့်အသိပ်ထည့်ပြီး တဲသို့ပြန်ထမ်းလာခဲ့သည်။

လယ်ကန်သင်းပေါ်လျှောက်လာစဉ်

"အား ... ကျွတ်ကျွတ်"

ခြေဖဝါး ပူကနဲဖြစ်၍ မြက်ခြင်းကိုချပြီး ခြေဖဝါးကို ကြည့်လိုက်သည်။ ခြေဖဝါးအလယ်တည့်တည့်ကို သံဆွေးတစ်ချောင်းစူးဝင်နေသည်။

မြေကြီးထဲက ဖေါ်ကြည့်လိုက်တော့ တစ်မိုက်ခန့်ရှိသော သစ်သားချောင်း အဆွေးများ သုံးလက်မသံချွန်က တစ်လက်မနီးနီး ထွက်နေသည်။ ထိုထွက်နေသော သံချွန်ကို ခြေဖဝါးနှင့်ဖိနင်းချလိုက်မိခြင်းဖြစ်သည်။

ခြေထောက်ကြွတော့ သံစူးက မြေမှာကျန်ခဲ့သည်။ ဘယ်လိုက ဘယ်လို ကန်သင်းရိုးပေါ် သစ်သားစမှာတပ်နေသည့် သံက ရောက်နေရတာလဲ...

မိုးကာလ စပါးမစိုက်ခင် ရေနှင့်မျောပါလာသော သစ်သားမှာ သံစိုက်လျှက်ပါလာပုံရသည်။

သံစူးထားသော နေရာကို သွေးညှစ်ထုတ်ပြီး တဲကို ပြ ခြင်းထမ်းပြန်ခဲ့သည်။

ခြေထောက် အနည်းငယ် စပ်ဖျင်းဖျင်းနှင့်နာသည်မှ

၍ ဘာမှမဖြစ် သွားလာနိုင်သည်။ ထို့ကြောင့် တဲရောက်တော့ စူးရာကို ဘာမှမလုပ်ပဲ နေ့စဉ်ပြုနေကျအလုပ်များကို လုပ်ကိုင် နသည်။

နွားတင်းကုတ်ယဲဝင်ပြီး နွားချေးကြုံးသည်။ တံမြက် ည်းလှဲသည်။ နွားစာခွက်ထဲမှ နွားမစားတော့သည့် အရိုး ရင်းများကို သယ်ထုတ်ပြီး မြက်နုများ ပွေ့ထည့်လိုက်သည်။ ားလုံးပြီးတော့ ရေချိုးရန် ရေတွင်းရှိရာသို့ ထွက်ခဲ့သည်။

လယ်ကွင်းထဲမှာ ရေတွင်းက ဝါးရိုင်းပတ်ချထားသော ရေတွင်များဖြစ်သည်။ မိုးကုန်ကာလဖြစ်၍ ရေက တွင်းနှုတ်ခမ်း ားအထိရောက်နေသည်။

ရေကို တဝခပ်ချိုးပြီး တဲသို့ပြန်လာခဲ့သည်။ ဦးတင်ထွန်း မြက်ဆင်းမရိတ်၊ တဲမှာနေပြီး မနက်စာ ထမင်းဟင်းချက် တ်နေသည်။

မနက်စာကို ကိုးနာရီခွဲမှာ စားဖြစ်ကြသည်။

ညနေငါးနာရီခွဲခန့် ထမင်းစားပြီး မလှရီရှိရာ ကံပေါက် သို့ ကိုကျော်တင့် ပြန်လာခဲ့သည်။ ညနေဘက် ရောက်တော့ ခြေထောက်က အနည်းငယ်နာလာသည်။

"ရှင့်ခြေထောက်က ဘာဖြစ်တာလဲ ..."

"မြက်ရိတ်ရင်း ငုတ်စူးတာ ... သိပ်မများပါဘူး"

"ငန်းဆေးလေး ဘာလေး ဝယ်သောက်ပါလား … တော်ကြာ ငန်းဝင်နေရင် ဘယ်လိုလုပ်မလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ မနက်ဖြန်ဆို ကောင်းသွားမှာ"

ဒါပေမယ့် နောက်နေ့ လယ်ကွင်းထဲဆင်းပြီး မြက်ရိတ်သည်။ မြက်ရိတ်ပြန်လာတော့ နွားချေးကြုံးသည်။ တံမြက်စီး လှဲသည်။

ထိုအခါ နွားချေးများ၊ နွားသေးများ သံစူးထားသော အနာအတွင်း ဝင်ကုန်တော့သည်။ ဆေးလည်း ကြိုတင်သောက်ထားခြင်းမရှိသည့်အတွက် ညနေပိုင်းရောက်တော့ မေးခိုင်းသလို ဖြစ်ကာ တဲပေါ်မှာ လဲတော့သည်။

စကားလဲ ပီပီသသ မပြောနိုင်တော့။ ဦးတင်ထွန်းလည်း ထိုအခါမှ လွန်ခဲ့သောရက်က ခြေဖဝါးသံစူးသည့်အကြောင်းကို သိလိုက်ရသည်။

"မင်းကွာ … ခြေထောက်သံစူးနေရက်နဲ့ နွားချေးတွေထဲ လျှောက်နင်းရလား။ ပိုးဝင်မှာပေါ့ … ခြေဖဝါးဆိုတာ အကြောဆုံလို့ ငါကြားဖူးတယ် … ဖြစ်မှဖြစ်ရလေကွာ …"

ဦးတင်ထွန်းလည်း လယ်နီးနားချင်းများကို အကူအညီ [illegible]င်းပြီး စောင်ကို ပုခက်လုပ်ကာ ဝါးလုံးဖြင့် လျှိုထမ်းပြီး ကံပေါက်ရွာရှိ သူ့အိမ်သို့ ထမ်းပို့ပေးကြသည်။

အိမ်နီးနားချင်း ဦးပေါက်၏ သားသမီးများ လာဝိုင်းပြီး ကူညီလုပ်ကိုင်ပေးသည်။

ဆေးရုံတင်ရန် ဝေးသဖြင့် နောက်နေ့မနက်မှ ပို့မည်။ သည်ညပိုင်း ရွာထဲမှာရှိသည့် မြန်မာတိုင်းရင်းဆရာနှင့် ငန်းမန်းကျဆေးများကို တိုက်ထားပေးသည်။

ဆရာကလည်း မေးစိုင်နေသည့် ရောဂါကို သက်သာအောင် နည်းမျိုးစုံနှင့် ကုသပေးသည်။

ဒါပေမဲ့ မေးခိုင်ပိုးက ဦးနှောက်ထဲ ရောက်သွားခဲ့ပြီး ထိုညတစ်ညလွန်ပြီး နောက်နေ့ မနက်လေးနာရီခန့် ကိုကျော်တင့် သားနှင့်ဇနီးကိုထားပြီး မပြန်လမ်းကို ထွက်သွားတော့သည်။

သားလေး (၇)လမြောက် သီးတင်ကျွတ်လဆုပ်ရက်ထဲမှာပင် ကိုကျော်တင့် ကွယ်လွန်သွားခဲ့သည်။ ကိုကျော်တင့်၏နာရေးကို … ရွာလူကြီး ဦးဝင်းမြင့်နှင့် ဦးကြည်လွင်တို့က ကိစ္စပြီးမြောက်သည်အထိ တာဝန်ယူပြီး ဆောင်ရွက်ပေးခဲ့သည်။

ရက်လည်ပြီးနောက်ပိုင်း … အိမ်နီးချင်း ဦးပေါက်စတို့ လင်မယားက အဖော်အဖြစ် လာအိပ်ပေးသည်။

ဦးကြည်လွင်ကလည်း လုပ်ခ လက်ကျန်များကို ရှင်းပေးခဲ့သလို နာရေးပြီးဆုံးတော့ ငွေအနည်းငယ် ပို့လှူခဲ့သေးသည်။ ထိုငွေများနှင့် တစ်လ နှစ်လ ပူပန်စရာမလိုဘဲ ထိုင်စား-

နိုင်ခဲ့သည်။

သုံးလေးလခန့်ကြာလာတော့ မလှရီအတွက် ဝမ်းရေး အခက်အခဲရှိလာသည်။ သားကလည်း လူမမယ် ... အိမ်မှာထား ပြီး အလုပ်သွားလုပ်၍လည်းမရ ... ခေါ်သွား၍လည်းမရသည့် အချိန်ဖြစ်နေသည်။ ကလေးက နို့ကောင်းစွာ မစို့ရသဖြင့် ကျန်း မာရေးကလည်း ချုချာသည်။

မလှရီလည်း အိမ်နီးချင်းများက နို့ထွက်ကောင်းသည် ဆိုသော အသီးအရွက်များကို ချက်ပြုတ်စားပေမဲ့ ထင်သလိုနို့ ထွက်မလာခဲ့။

မလှရီကို ရွာထဲကလည်း မကူညီနိုင်တော့။

မလှရီ တစ်ယောက် မကျန်းမမာဖြစ်နေသော သားလေးကို နည်းမျိုးစုံနှင့် ပြုစုစောင့်ရှောက်နေရင်းမှ သားဖြစ် သူ ... ပြန်လည် မကျန်းမာပဲ အသက်သေဆုံးသွားခဲ့သည်။

ထိုအချိန် မလှရီ၏စိတ်တွေလည်း မှုမမှန်သည့်အဆင့်သို့ ရောက်နေပြီဖြစ်သည်။ သူ၏ သားလေး အသက်သေဆုံးသွား သည်ကိုပင် သေမှန်းမသိ။

နို့ရည်မထွက်သောနို့ကို အသက်ကင်းမဲ့နေပြီဖြစ်သော သားဖြစ်သူအား အတင်းတိုက်သည်။

"နို့စို့ပါဆို ... မစို့ဘူး ... ဘာလဲ စိတ်ကောက်နေတာ

လား ... ငါ ရိုက်ရင် နာတော့မယ်နော် ... စို့စမ်းဟယ် ... စို့စမ်း"

တောင့်တင်းနေပြီဖြစ်သော ကလေးကို နို့အတင်းတိုက် သည်။

"မစို့ချင်လဲနေ ... ငါပင်ပန်းတယ် ခဏအိပ်ဦးမှယ်"

ကလေးကို ပြောရင်း မျက်စိမှိတ်ပြီး အိပ်လိုက်သည်။

ငါးမိနစ်ခန့်အကြာ မျက်လုံးပွင့်လာပြီး

"မေမေက ... အိပ်နေတော့ ... သားလေး နို့ဆာလို့ငိုနေ တယ်ပေါ့ဟုတ်လား"

"တိတ်ပါသားရယ် မေမေက မအိပ်တော့ဘူး ... ဟုတ် လား"

"ကြည့် ... ဘာမှမပြောပဲ ငါ့ကို စိတ်ကောက်နေတယ်"

"ကဲဟယ် ... ကဲဟယ်"

"ဟင် ,... သားလေး ... သားလေးကို ရိုက်မိပြီ"

"ဒီလက် ... တော်တော်ဆိုးတဲ့လက် ... ကဲဟာ ကဲဟာ"

"ဟား ဟား ဟား ... ငါ့သားကို ရိုက်တဲ့လက်ကို မေမေ အပြစ်ပေးလိုက်ပြီ ဟုတ်လား ... တိတ်တိတ် ... မေမေ ရိုက်ဘူး ..."

"ကဲ ... ဟယ် ... မငိုပါနဲ့ဆိုမရဘူး"

"နင့်ကို ထားပြီး ငါသွားတော့မယ်"

ကလေးကို ပစ်ချပြီး … အိမ်ပေါ်မှ ဆင်းကာ ရွှေသို့ ထွက်သွားသည်။

ထိုအချိန် ဦးပေါက်စ၏ ဇနီး ဒေါ်ငွေတင်က ထမင်းကို ဟင်းပုံပြီး လာပို့ပေးသည်။

အိမ်ပေါ်မှာ မလှရီကို မတွေ့ဘဲ တောင့်တင်းနေပြီဖြစ်သော ကလေးလေးကို တွေ့လိုက်သည်။

"ဟင် … မလှရီရဲ့သားလေး သေနေပါလား … အင်းဝင့်ကြွေးကြီးလိုက်တာ လင်လည်းသေ။ သားလည်းသေသွားပြီ …ကလေးသေတာတောင် မသိတော့ပဲ … သူ့စိတ်တွေ လုံးလုံးနောက်သွားပြီလား မသိဘူး"

ဒေါ်ငွေတင် အိမ်ပေါ်မှ အမြန်ဆင်းသွားပြီး ယောကျ်ားဖြစ်သူ ကိုပေါက်စအား အကျိုးအကြောင်းသွားပြောသည်။

ဦးပေါက်စလည်း အိမ်ပေါ်ဆင်းသွားပြီး ရွာလူကြီး ဦးဝင်းမြိုင်ကို အသိပေးတိုင်ပင်ရန် ထွက်သွားတော့သည်။

"ဒီအတိုင်းဆို … ကလေးကို သူ့အမေ မသိအောင် သွားယူပြီး မြှုပ်ပစ်လိုက်မှဖြစ်မယ်။ မမြှုပ်ပဲထားရင် ကလေးအပုပ်ကောင်ကြီးနဲ့ … နေ့နေ့ ညည … အတူတူနေမှာပဲ"

"ဟုတ်တယ် … ဒီအတိုင်း ပစ်ထားလို့ မဖြစ်ဘူး"

"ဒါဆို … မလှရီကို ကလေးအနားက ခွာအောင် ဘယ်

လိုလုပ်မလဲ …"

"အစားအသောက်ခေါ်ကျွေးရင် ကောင်းမလား"

"လုပ်ကြည့်ကြမယ်လေ"

"သူ့ကို ခေါ်လို့ရရင် ကလေးကို သွားမြှုပ်မယ် လူကလည်း အဆင်သင့်ရှိဦးမှ"

"ကျုပ် အောင်ဝင်းတို့ လူစုကို ခေါ်ပြီး စီစဉ်လိုက်မယ်၊ ခင်ဗျား ဇနီးမငွေတင်နဲ့ လှရီက ရင်းရင်းနှီးနှီးဆိုတော့ ခင်ဗျားတို့ အိမ်ကို ထမင်းလာစားဖို့ သွားခေါ်ခိုင်း ဟုတ်လား"

"ခင်ဗျားတို့အိမ်မှာ ထမင်းလာစားရင် … ကျုပ်လူတွေကို ကလေးအသေလေးကို သွားယူပြီး မြှုပ်ခိုင်းလိုက်မယ်"

ဦးဝင်းမြိုင်က အစီအစဉ်ချပြီး ဦးပေါက်စအား မလှရီကို ထမင်းခေါ်စားခိုင်းသည်။

မလှရီက ထမင်းစားရန်လာပါသည်။ သားလေးလည်း စားရန်ဆိုပြီး ပွေ့ချီလာသည်။

"ဟဲ့ … လှရီ … ညည်းသားကို အိမ်မှာပြန်သိပ်လိုက်ဦး … သူ့အိပ်သွားမှလာဟဲ့ … ဟင်းလည်း မကျက်သေးဘူး"

"အခုပဲလာစား … အခုပဲပြန်နဲ့ …မစားတော့ဘူးဟယ်"

"ဟင်း မကျက်သေးလို့ပါ … ခဏလေးစောင့်ဦး … ညည်းရဲ့သားကို အိမ်မှာသိပ်ထားပြီး … အေးအေးဆေးဆေး

လာစားပေါ့ ... ဟုတ်လား"

"ပြီးရင် ... ကျုပ်သားအတွက် ထမင်းနဲ့ဟင်းပေးလိုက်မှာလား ..."

"ပေးမှာပေါ့... ညည်းကိုလည်း ထမင်းကျွေးမယ် ... ညည်းသားလေးစားဖို့လည်း ပေးလိုက်မယ် ..."

"တကယ် ... ဟုတ်"

" တကယ် ပြောတာပါ သွားသိပ်လိုက်ဦး"

မလှရီက ကလေးကိုချီပြီး အိမ်သို့ပြန်သွားသည်။

ကလေးကို အိမ်ပေါ်တင်ပြီး ပါးစပ်က သီးချင်းဆိုကာ ချော့သိပ်နေသည်။ ခဏနေတော့ ကလေးအိပ်သွားပြီဟု ပြောကာ ဦးပေါက်စအိမ်သို့ ဆင်းသွားသည်။

မလှရီ ...တစ်ဖက်ခြံသို့ ကူးသွားသည်နှင့် ပုန်းကွယ်နေကြသော အောင်ဝင်းတို့လူစုလည်း အိမ်ပေါ်အမြန်တက်ကာ ကလေးအသေလေးကို ပုဆိုးအဟောင်းတစ်ထည်နှင့်ပတ်ထုပ်ပြီး ယူသွားသည်။

သချိုင်းကရွာ၏ မြောက်ပိုင်းမှာဖြစ်သည့်အတွက် ရွာမြောက်ပိုင်းသို့ မသွားတော့ပဲ ... မလှရီအိမ်နှင့် ပေတစ်ရာခန့်အကွာ မအုပင်ကြီးအမြစ်ရင်းမှာ ကလေးအလောင်းကို မြှုပ်လိုက်ကြသည်။

ကလေးကို မြှုပ်ပြီး ရွာထဲသို့ ပြန်လာကြသည်။ သူတို့အုပ်စု ရွာထဲဝင်လာသည်ကို ဦးပေါက်စအိမ်မှ ဆင်းလာသော မလှရီက မြင်သွားသည်။

"တော့ ဖိုးသားကို ခိုးမလို့လာတာလား"

ဟုပြောဆိုရင်း အိမ်ပေါ်သို့ ပြေးတက်သွားသည်။

အိမ်ပေါ်မှ သားဖြစ်သူကို မမြင်သဖြင့်

"ဖို့သားကို နင်တို့ ခိုးသွားတာလား ... အခုပြန်ပေး"

"ဟာ ... မလှရီသားကို မခိုးပါဘူး။ အခုမှ လယ်ထဲက ပြန်လာကြတာပါ။... မလှရီ အိမ်ပေါ်ကို ဘယ်သူမှမတက်ရသေးပါဘူး..."

"မသိဘူး ... ဖို့သားကို နင်တို့ခေါ်သွားတာ"

"မခေါ်ပါဘူး ... သေသေချာချာ ရှာကြည့်ပါဦး"

"မရှိဘူး.... ဖို့သားမရှိတော့ဘူး ... ပြန်ပေး အခုပြန်ပေး ... မပေးရင် လူကြီးနဲ့ သွားတိုင်မယ်"

"တကယ် မယူပါဘူးဗျာ ... ကျုပ်တို့ ရွာထဲဝင်တော့မယ်"

"သူခိုးတွေ ... ဖို့သားလေးပြန်ပေး ... အခု ပြန်ပေး"

"ဟီး ... ဟီး ... ဟီး ဖို့သားလေးကို သူခိုးတွေ ခေါ်သွားပြီး ချက်စားတော့မယ် ... ပေး ...အခုပေး"

မလှရီက အောင်ဝင်းတို့နောက်မှ တကောက်ကောက် လိုက်ရင်း ကလေးကို ပြန်တောင်းနေသည်။

ထိုညမှစပြီး မလှရီ အိမ်ပြန်မအိပ်တော့ ... ရွာထဲ လျှောက်သွားပြီး ကလေးပြန်ပေးဟုသာ ပြောဆိုနေသည်။

အစားအသောက်မစား၊ ညလည်းမအိပ်သဖြင့် စိတ် နောက်သထက်နောက်ကာ အရူးမကြီးဖြစ်သွားတော့သည်။

တစ်နှစ်အောက်ကလေးကိုမြင်သည်နှင့် အတင်းပြေး လုတော့သည်။ အချို့က အတင်းဆောင့်တွန်းလွှတ်သည်။

အချို့ကလည်း သနားပြီး ဝိုင်းဝန်းဆွဲကာ ကလေးကို လွှတ်ရာ ကျွတ်ရာ ခေါ်သွားသည်။

"ပေး ပေး ... ငါ့သားလေး ပေးပေး ... မပေး ပေး ပေး ငါ့သားလေး ပေးပေး ... ဟော့ ဟော့..."

"သားရေ... အမေလာပြီသား ... အမေရှာလို့ မတွေ့ အောင်ပုန်းနေတာလား ... ဟီး ဟီး"

မလှရီလည်း ... ငိုလိုက် ရီလိုက်နှင့် သားပျောက်လို့ နေ့စဉ်နှင့်အမျှ ရှာနေတော့သည်။

တစ်ရက် ... လယ်ကွင်းထဲမှာ မြေပဲနှုတ်နေသည့် အတွက် တစ်နှစ်သား [illegible]သားလေးကို တဲမှာ ပုခက်နှင့် သိပ်ထားခဲ့သည်။ ရှစ်နှစ်အရွယ်ရှိ အစ်မဖြစ်သူက သီချင်းဆို

ပြီး ကလေးပုခက်လွှဲပေးနေသည်။

လယ်ကွင်းထဲသို့ ကလေးအရှာထွက်လာသော အရူးမ မလှရီလည်း တဲတဲဝင်ပြီး ပုခက်ထဲမှ ကလေးကိုအတင်းဆွဲချီ ပြီး ပြေးပါလေတော့သည်။

ပုခက်လွှဲနေသောအစ်မဖြစ်သူက မိခင်နှင့်အနီးနားရှိ သူများအား အော်ပြောရာ အရူးမနောက်သို့ ဝိုင်းပြီးလိုက်ကြ သည်။ အရူးမ ... မလှရီကလည်း ကလေးချီပြီး အတင်းပြေး သည်။ နောက်မှ ကလေးမိဘနှင့် လယ်နီးနားချင်းများကလည်း အတင်းလိုက်သည်။

ရွာနားရောက်တော့ မလှရီကို မိသွားပြီး ကလေးကို အတင်းလုသည်။

စိတ်ဆိုးနေသော ဆွေမျိုးသားချင်းများက မလှရီအား ဝိုင်းရိုက်ကြသည်။ မလှရီလည်း အရိုက်ခံရသည့်ဒဏ်ရာနှင့် နာရီ ဝက်ခန့်လဲနေသည်။

အနီးနားရှိ လူကြီးများက ဝိုင်းဝန်းတောင်းပန်သဖြင့် သက်ပြီး မရိုက်နှက်တော့ပဲ ကလေးကို ခေါ်ပြီး တဲသို့ပြန်သွား ကြသည်။ မလှရီ ... သတိပြန်ရလာပေမယ့် ရရှိလိုက်သော ဒဏ်ရာများက ပြင်းထန်လှသည်။

အတွင်းကျေ– ကျေသွားသကဲ့သို့ ဖြစ်သည်။ ထိုဒဏ်ရာ

နှင့် သုံးလေးရက်ခန့်အကြာ ကံလှရွာနှင့် အောင်သာလှကျေးရွာ အကြား လှည်းလမ်းပေါ်မှာ ပျောက်လျက်အနေအထားနှင့် အသက်ဝိညာဉ်မဲ့နေသော အရူးမ မလှရီကို တွေ့ကြရသည်။

သားဇောနှင့် ကလေးခိုးမိသော အရူးမကို သေဆုံးသည်အထိ ရိုက်နှက်ခဲ့ကြသော သူများကို တစ်ရွာလုံးက ဝိုင်းဝန်း အပြစ်တင်ကြသည်။

ဘယ်လိုပဲ အပြစ်တင်တင် အရူးမကြီး မလှရီကတော့ သေဆုံးသွားခဲ့ပြီ ဖြစ်သည်။

မလှရီ သေဆုံးသွားသည့်အတွက် သူ့အိမ်လေးမှာ ရွာလူကြီး ဦးဝင်းမြိုင် ဦးဆောင်ပြီး ဘုန်းကြီးငါးပါးပင့်ကာ သပိတ်သွတ်အလှူလေး လုပ်ပေးခဲ့ပါသည်။

အလှူလုပ် အမျှဝေလိုက်သဖြင့် အရူးမ မလှရီ ကျွတ်လွတ်သွားပြီဟု တစ်ရွာလုံးက ထင်ကြသည်။

ဝဋ်ကြွေးကုန်သွားပြီဟုလည်း ပြောကြသည်။

ဒါပေမယ့် ရက်လည်ပြီး တစ်ပတ်ပင်မကြာ ရွာထဲမှာ အရူးမသရဲကြီး လှည့်ပတ်သောင်းကျန်းနေတော့သည်။

နွားရိုင်းသွင်းချိန်နောက်ပိုင်းမှစပြီး သရဲမကြီး၏ ငိုသံကြီး စကြားရသည်။

ဟီး ..... ဟီး ..... ဟီး .....

လူကို မတွေ့ရပေမယ့် ငိုသံကြီးကို ပီပီသသ ကြားရသည်။ သရဲမ ငိုသံနှင့် အတူ ခွေးများကလည်း သံပြိုင်အူကြသည်။

အစပိုင်းတော့ သရဲမ မကျွတ်မလွတ်ပဲ ရွာထဲဝင်သည်ဟု ထင်ကြသည်။

ဒါပေမယ့် သရဲမက အိမ်တွေထဲမှ ကလေးငိုသံကြားသည်နှင့် ငိုသံကြားသည့် အိမ်ထဲဝင်ကာ ကလေးကို အတင်းလုယူလေတော့သည်။

သရဲကို အကောင်လိုက် မမြင်ရပေမယ့် အသံကိုကြားရသည်။ အရိပ်မဲမဲကြီးကို မြင်ကြရသည်။

သူဝင်လုသော ကလေးများက ကံကောင်းထောက်မှာ သရဲမလက်ထဲပါမသွားခဲ့။ လူကြီးများ သရဲမဝင်သည်နှင့် ကလေးများကို ဘုရား၊ တရား အဆောင်များဖြင့် အကာအကွယ်ပြုထားကြသည်။ အရူးမ သရဲလည်း ကလေးများကို အပြင်သို့ ခေါ်ထုတ်၍မရ ဖြစ်နေသည်။

ညစဉ် ရက်ဆက်နီးပါး ရွာထဲဝင်ပြီး ကလေးပျောက်ကို လိုက်ရှာနေသည်။

သွက်သွက်ခါအောင် ရူးနေတာ့ အရူးမတစ်ယောက် အဖြစ်မှောက်ရှိပြီးမှ သေဆုံးခဲ့သည့်အတွက် အရူးမသရဲဟု

အားလုံးက အမည်ပေးထားသည်။

သရဲမအဖြစ် ရောက်ရှိစဉ် ရူး.....မရူးတော့ မသိ။ မသေခင်က သားရူး ..... ရူးနေသည့်စိတ်နှင့် သေဆုံးခဲ့သည့်အတွက် .....သူ့သားအရွယ် ကလေးများကို သားဟု စိတ်စွဲထင်ကာ ဝိညာဉ် တစ္ဆေအဖြစ်နှင့် လိုက်ပြီး ရှာဖွေ နေသည်။

ကလေးငိုသံကြားသည့် အိမ်ထဲဝင်ပြီး ကလေးကို အတင်းလုယူသည်။

ကြာတော့ ကလေးမိဘများ သရဲမဘယ်အချိန်ဝင်ပြီး ဆွဲခေါ်သွားမလဲ စိုးရိမ်နေကြသည်။

ပထမဆုံး ကလေးဝင်အဆွဲခံရသော ဦးစံဖေ၊ ဒေါ်အေးပွင့်တို့လည်း သူတို့မြေးကို သိမ်ဝင်ပုတီး စွပ်ပေးလိုက်သဖြင့် သရဲဆွဲခေါ်သည့် ဘေးအန္တရာယ်က ကင်းဝေခဲ့သည်။

နောက်နေ့ ရောက်သည်နှင့် ဦးစံဖေတို့ သတင်းဖြန့်လိုက်သည့်အတွက် လူမမယ်ကလေးများကို ပရိတ်ကြိုးများ၊ ဘုရားပုံတော်များ လည်ပင်းမှာ ဆွဲထားပေးကြသည်။

ထိုကလေးများကို အရူးမသရဲ ဘယ်လိုဝင်ဆွဲဆွဲ ဆွဲခေါ်၍မရ.....ဖြစ်တော့သည်။

ကလေးများကို ခေါ်၍မရတော့ လူကြီးများကို နှံရှံနှင့် ပစ်ဆောင့်အောင်လုပ်သည်။

နံရံပေါ်တက်ကပ်အောင်လည်း လုပ်သည်။

အိမ်ပေါ်ရှိ ပစ္စည်းများ လွင့်ပျံထွက်အောင် သူ့အစွမ်း ...လုပ်ပစ်သည်။

နေ့စဉ်နှင့်အမျှ အရူးမသရဲ ဝင်ရောက်သောင်းကျန်း...းကို ခံနေရသော ကံပေါက်ရွာသားတို့လည်း အရူးမသရဲကို ...မှ ထွက်သွားရန် နှိမ်နင်းနိုင်မည့် ဆရာ သမားကိုရှာရန် ...ဲ့အစည်းပြု တိုင်ပင်ကြသည်။

ထိုသို့ တိုင်ပင်ကြသည်နှင့် အောက်စုရွာမှ ဆရာလေး ...ကျော်သိုက်ကိုပင့်ရန် ဦးဝင်းမြိုင်က ပြောသည်။

"တာ ဥက္ကဌကြီး အရူးမသရဲကို ရွာကနှင်ထုတ်ရ...အောင် ဆရာပင့်ရမှာ..... ဆရာက ဃယ်ဃယ်ဆို အလုပ်ဖြစ်ပါ့...ား....."

"အဲ့ဆရာလေးအကြောင်း ငါ ..... သိပြီးပြီ ..... ငါက ...လိုက်တယ်လို့ ပြောပြပြီးပင့်ခဲ့ ..... ငါနဲ့ ရင်းနှီးတယ်"

"ထန်းသုံးပင်ရွာမှာ သရဲနှိမ်နင်းတဲ့အချိန်က ငါအဲ့ဒီရွာ ...ရှိတယ် အဲ့ဒီဆရာလေးပဲ သရဲကို ရွာကထွက်သွား အောင် ...င်းနိုင်တယ် ငါ့ကိုယ်တွေ့ပဲ"

"ဥက္ကဌကြီးက အာမခံတယ်ဆိုမှတော့ ကျွန်တော် ...ာ ဘာပြောရတော့မှာလဲ ဘယ်အချိန်သွားရမှာလဲ ဘယ်လို

သွားရမှာလဲ ပြောသာပြောပြပေတော့ ကျွန်တော်နဲ့ ဖိုးသာအောင် ဆရာလေးကို အပါပင့်ခဲ့မယ်"

ရွာသူကြီးက ..... ဖိုးသာအောင်တို့အား ..... ဆရာလေး ကျောင်းသိုက်နေသော ရွာသို့ သွားနိုင်အောင် ခရီးလမ်းညွှန်ပေး လိုက်သည်။

× × × ×

နောက်နေ့ ညနေ နှစ်နာရီခန့် ဖိုးသာအောင်တို့နှင့် အတူ ကံပေါက်ရွာသို့ ဆရာလေးကျောင်းသိုက်ရောက်ရှိလာတော့သည်။

ဆရာလေးကျောင်းသိုက်ကို ဦးဝင်းမြိုင် အိမ်မှာပင် နေစေ လိုက်သည်။

"လာတော့ မောင်ကျောင်းသိုက် ဦးတို့ရွာမှာ အကြောင်း ကိစ္စပေါ်လာပြန်ပြီ"

"ဟုတ်ကဲ့ဦးလေး လမ်းမှာ ကိုရင်ဖိုးသာအောင် ပြောပြ လို့ သိခဲ့ပြီးပါပြီ"

"ထိုင်ကွာ ဦးလေးကတော့ မင်းရဲ့ဆရာကြီး ဘိုးရှိန်း ကို မပင့်နိုင်းပဲ မင်း ဒါလောက်တော့ လုပ်နိုင်တယ်ဆိုပြီး ပင့်နိုင်း လိုက်တာပဲ ဘယ်လိုလဲ"

"ကျွန်တော်နည်း ကျွန်တော်တန်နဲ့ပဲ အရူးမ သရဲ ရွာထဲက ထွက်သွားအောင် လုပ်ပေးနိုင်မယ်ထင်ပါတယ်"

"ထင်မနေပါနဲ့ကွာ မင်းလုပ်နိုင်ပါတယ် အခု ဦးလေး ဘာလုပ်ပေးရမလဲ ပြောပေတော့"

"ဒီရွာမှာ နတ်ဝင်သည် ရှိရင် ခေါ်ပေးပါ"

"ရွာတစ်ရွာတည်ရင် စုန်းတစ်ယောက်ရှိတယ် ဆိုပေ ရွာမှာ စုန်းရှိ-မရှိတော့ မသိဘူး နတ်ကတော် နှစ်ယောက် ...ရှိတယ် တစ်ယောက်က မရင်ကြည် အခြောက်မ တစ် ...က ဒေါ်အေးပွင့် ဘယ်သူ့ခေါ်ပေးရမလဲ"

"ဒေါ်အေးပွင့်ကိုခေါ်လို့ လွယ်ရင် ဒေါ်အေးပွင့်ကိုပဲ ခေါ် ...တယ်"

"ပြီးတော့ ကြက်တစ်ကောင်ချက်နဲ့ ထမင်း တစ်အိုး ...ချင်ပါတယ်"

"ထမင်းက ဘယ်လောက်ချက်ရမှာလဲ"

"လေးဘူးလောက်ချက်ရင် ရပါပြီ"

"ကဲ ..... ဖိုးသာအောင်ရေ မင်းတို့ တစ်တွေ လူစု ပြီး ...းပွင့်လည်းသွားခေါ်။ ထမင်းတစ်အိုး ဟင်းတစ်အိုးလည်း ...ပေးကြဦး"

"ဟင်းနဲ့ ထမင်းကို အေးအေးဆေးဆေးချက်လို့ ...ယ်..... ခုနှစ်နာရီလောက် ကျက်ရင်အတော်ပါပဲ"

အိမ်ပေါ်မှာ ထိုင်နေကြသော ဖိုးသာအောင်တို့လူစု

ဦးဝင်းမြိုင် အိမ်ပေါ်မှဆင်းသွားကြသည်။

နာရီဝက်ခန့်ကြာတော့ ဒေါ်အေးပွင့်နှင့် လူတစ်ယောက် အိမ်ပေါ်တက်လာသည်။

"ဥက္ကဋ္ဌကြီးခေါ်ခိုင်းလိုက်တယ်ဆိုလို့"

"လာထိုင်မအေးပွင့် ဒီည မအေးပွင့်ကို ဒီဆရာလေးက အကူအညီတောင်းချင်လို့ ခေါ်လိုက်တာ"

"ဟုတ်ကဲ့ ...... ဘယ်လို ကူညီရမလဲပြောပါ"

"ကျွန်တော် ညရှစ်နာရီလောက် ဒီရွာသချိုင်းသွားပြီး မဖဲဝါကို ပင့်ချင်ပါတယ် မဖဲဝါကို ပင့်တဲ့အခါ အဒေါ်က ကြားခံ အနေနဲ့ လုပ်ပေးစေချင်ပါတယ်"

"ငါ့ကို ဝင်ပူးခိုင်းမယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် အဒေါ်"

"မင်းနဲ့ ငါ နှစ်ယောက်ထဲ သချိုင်းထဲ မသွားဝံ့ပါဘူး လူများရင်တော်သေးတယ်"

"ဒီရွာက ယောကျ်ား သုံးယောက်လောက်လည်းပါ လိမ့်မည် ကျွန်တော်နဲ့ဆို ငါးယောက်လောက်ဖြစ်ပြီပေါ့"

"အေး ...... အဒေါ်ပြောသလို လူများရင် သွားဝံ့ပါတယ်"

"မအေးပွင့် ကူညီပေးမယ်ဆို စိတ်ချနေမယ် ညရောက် ရင် ဗိုးသာအောင်တို့ကို လာခေါ်ခိုင်းလိုက်မယ်"

ဒေါ်အေးပွင့်လည်း အချိန်စောသေးသည့်အတွက် အိမ်သို့ ပြန်သွားသည်။

ကျော်သိုက်လည်း ဦးဝင်းမြိုင်နှင့်အတူ အရူးမသရဲ အကြောင်း စကားစမ်ကြ ပြောဆိုနေကြသည်။

× × × ×

ညရှစ်နာရီခန့်ကံပေါက်ရွာ သချိုင်းသို့ ရွာသားလေး ယောက်နှင့်အတူ ဒေါ်အေးပွင့်၊ ဆရာလေးကျော်သိုက်တို့သွားနေ ကြသည်။

ကောင်းကင်မှာ လဆန်းရက်လ ကွေးကွေးလေးသာ နေသည်။ သချိုင်းထဲရောက်တော့ ဂူတစ်လုံးပေါ်မှာတင်နေသော ခန်းများ သစ်ရွက်ခြောက်များကို ဖယ်ရှားလိုက်ပြီး ငှက်ပျော ရွက်များ ခင်းလိုက်သည်။

အသင့်ယူဆောင်လာသော ထမင်းနှင့် ကြက်သားဟင်း ကို ငှက်ပျောရွက်ပေါ်ပုံလိုက်သည်။ ရေပုလင်းထဲမှ ရေကို ဖလား ထဲ လောင်းထည့်ပြီး သောက်ရေအဖြစ် ချပေးလိုက်သည်။

ဒေါ်အေးပွင့်ကို ဂူဘေးနားမှာ ဒူးထောက်ထိုင်ခိုင်းပြီး ဆံပင်ကို ကျောပေါ် ဖြန့်ပြီးချထားစေသည်။

"အဒေါ် မဖဲဝါဆီစိတ်ကိုလွှတ်ထားလိုက်တော့ ကျွန် တော် မဖဲဝါကို ပင့်တော့မယ်"

"ကိုရင်ဖိုးသာအောင်တို့က နောက်နား နည်းန
ဆုတ်ပြီး နေကြ"

ဒေါ်အေးပွင့်က လက်အုပ်ချီထားလိုက်သည်။

"အရှေ့နေထွက် အနောက်နေဝင်၊ တောင်တံဇူ
မြောက်ရူဝံအတွင်း မဖဲဝါရှိသည်ဆိုပါက ဤနေရာ၊ ဤဌာ
ကြွရောက်ပါရန် ပင့်ဖိတ်ပါတယ် မဖဲဝါအတွက် စားပွဲ သော
များလည်း စီစဉ်ပေးထားပါတယ် ရောက်ရာ နေရာ၊ ရောက်
အရပ်မှ အမြန်ကြွလှမ်းခဲ့ပါ မဖဲဝါခင်ဗျား"

တစ်ကြိမ်ခေါ်ပြီး ခဏစောင့်ကြည့်သည် ထူးခြားမ
သည့်အတွက် နောက်တစ်ကြိမ်ခေါ်လိုက်သည်။

သုံးကြိမ်မြောက်ပင့်ခေါ်မှ သချိုင်းအတွင်း လှုပ်လှုပ်
ရှားဖြစ်ကာ မဖဲဝါ ရောက်လာတော့သည်။

ဒေါ်အေးပွင့် ထိုင်နေရာမှ တစ်ကိုယ်လုံး တွန့်လိမ်
ကောက်သလိုဖြစ်ကာ ထိုင်နေရာမှဂူပေါ်လွှားကနဲ ခုန်တ
သွားသည်။

ထမင်းပုံကို ဒူးနှစ်ချောင်းခွထိုင်ပြီး ထမင်းနှင့် ဟင်း
ကို အားပါးတရ နှိုက်ယူစားသောက်နေတော့သည်။

ဟင်းများကုန်သွားပြီး ထမင်းအနည်းငယ်သာကျ
တော့သည့်အချိန် စားနေသည်ကိုရပ်ပြီး ရေဖလားထဲမှ ရေ

ယူပြီး မော့သောက်လိုက်သည်။

"ကဲ မောင်ကျော်သိုက်လားဟေ့ ဘာအကြောင်း ကိစ္စ ပေါ်လို့ ဇါ့ကို ပင့်လိုက်တာလဲ"

"ဟုတ်ကဲ့ ဒီကံပေါက်ရွာမှာ အရူးမသရဲ ညစဉ် ညတိုင်း ရွာထဲဝင်ပြီး ကလေးတွေကို ဝင်ဝင်ဆွဲနေပါတယ်. တစ်ရွာလုံး ကလေးရှိသူရော မရှိသူပါသရဲမကြီး·သွားလာနေသည်ကိုလည်း မကြာခဏမြင်နေရလို့ ကြောက်လန့် နေကြပါပြီ၊ သရဲမကြီး ရွာကထွက်သွားအောင် ကူညီပေးစေချင်လို့ မဖဲဝါကို ပင့်လိုက်တာပါ"

"အေး ငါသိပြီသရဲမကို နှိမ်နှင်းဖို့ မလိုပါဘူး မသေခင် လူဖြစ်စဉ်က အပူအပင်တွေများပြီး အရူးမကြီးဖြစ် သွားပေမယ့် သရဲမဘဝပြောင်းသွားတော့ မရူးတော့ဘူး သူလိုကိုယ်လို သရဲပါ"

"သူရွာထဲဝင်နေတာက သူ့ကလေးကို ဒီရွာကယူထားတယ်ဆိုတဲ့ သောကာနီးစွဲလန်းသွားတဲ့စိတ်ကြောင့် သရဲဖြစ်ပေမယ့် ကလေးကို မရမက ရှာနေတာ"

"သရဲမ ဒီရွာမှာ ကလေးမရှာစေချင်ရင် သူ့ကလေး အသေမြှုပ်ထားတဲ့နေရာသိလား"

"ဟုတ်ကဲ့ သိပါတယ်"

နောက်က ရပ်နေသော ရွာသားတစ်ယောက်က ပြောလိုက်သဖြင့် မဖဲဝါက ဆက်ပြောသည်။

"အဲ့ဒီကလေး အသေမြှုပ်ထားတာကို ပြန်ဖော်ပြီး သူ့ရုပ်ခန္ဓာမြှုပ်ထားတဲ့ မြေပုံဘေးမှာ အတူတွဲပြီး မြှုပ်ပေးလိုက် ဝါကလည်း နင့်ကလေး လာပြန်ပို့ပြီ ရွာထဲမဝင်နဲ့တော့လို ပြောထားပေးမယ် မနက်ဖြန် ဝါနိုင်းတာလုပ်လိုက်ကြ ဒါဆို သရဲမ ရွာထဲကို ကလေးဝင် မရှာတော့ဘူး ကြားလား ဝါ သွားမယ်"

မဖဲဝါ ပူးကပ်နေရာကထွက်သွားတော့ ဒေါ်အေးပွင့်မှာ ခွေခေါက်လဲကျသွားသည်။ ပုလင်းထဲမှာ အနည်းငယ်ချန်ထားသော ရေနှင့် တောက်ပြီး သတိရအောင်လုပ်ကာ အားလုံးရွာသို့ ပြန်လာကြသည်။

လမ်းမှာ မဖဲဝါကြက်သား အရိုးပါမကျန် တရှုတ်ရှုတ် ဝါးစားသည်ကိုကြည့်ပြီး အံ့သြမိကြောင်း၊ ရွာသားတွေ တစ်ယောက်တစ်ပေါက် ပြောလာကြသည်။

"ဒေါ်အေးပွင့် ထမင်းလေးလုံး၊ ကြက်တစ်ကောင်စားတာ ဗိုက်တင်းနေလား"

"ဟဲ့ ဝါ့ ဗိုက်ပိန်ချပ်ချပ်လေး နင်တို့မမြင်ဘူးလား ဝါစားတာမဟုတ်ဘူး မဖဲဝါစားသွားတာ"

"အခု မဖဲဝါပြောတာ အားလုံးကြားတယ်မဟုတ်လား"

"ဟုတ်ကဲ့ ကြားပါတယ် ဆရာလေး"

"ကလေးအလောင်းကတော့ အရိုးကျနေလောက်ပြီ၊ အဲဒီအားလုံး ပြန်တူးပြီး သူ့အမေရဲ့ မြေပုံဘေးမှာ တစ်တောင်လောက်ကပ်တူးပြီး မြှုပ်ပေးလိုက်ပေါ့"

"အမေနဲ့သား အတူတူနေခွင့်ရသွားပြီဆိုရင် ရွာထဲဝင်တော့မှာမဟုတ်ဘူး။ မဖဲဝါကလည်း သရဲမရဲ့ကလေးကို ရှာတွေ့ပြီလို့ ကြိုပြောထားမယ်တဲ့"

မဖဲဝါက ပြောရင် ပြောတဲ့အတိုင်းလုပ်ပေးပါတယ် ကိုရင် ဖိုးသာအောင်တို့ကသာ မနက်လူစုပြီး လုပ်သင့်တာ လုပ်လိုက်ကြပေါ့"

"ဟုတ်ကဲ့ ဆရာလေး မနက်စာ စားသောက်ပြီးတာနဲ့ ကျွန်တော်တို့ပဲ သွားပြောင်းရွှေ့ထားပေးလိုက်ပါ့မယ်"

မဖဲဝါပြောသွားခဲ့သည့်အတိုင်း နောက်နေ့မနက် ကိုးနာရီခန့် ကလေးအလောင်းမြှုပ်ထားရာမှ ပြန်ဖော်ယူပြီး မိခင်ဖြစ်သူ မလှရီ၏ မြေပုံအနီးမှာ သွားပြီး မြှုပ်နှံပေးလိုက်ကြသည်။

ထိုကဲ့သို့ ပြုလုပ်ပေးပြီးနောက် ညရောက်တော့ သရဲမ ရွာထဲ ရောက်မလာတော့။

ထိုတစ်ည စိတ်ချလက်ချဖြစ်အောင် ဆရာလေး ကျော်သိုက် ကံပေါက်ရွာမှာပင် ညအိပ်စောင့်ကြည့်ခဲ့သည်။

ညစဉ် ဝင်လာသည်ဆိုသော အရှုံးမသရဲ ရွာထဲဝင်မလာတော့

နောက်နေ့မနက်စာ စားသောက်ပြီး ဦးဝင်းမြိုင်တို့ အာ
နှုတ်ဆက်ကာ ဆရာလေးကျော်သိုက် ကံပေါက်ရွာမှ ပြန်
သည်။ ကိုရင်ဖိုးသာအောင်တို့က လှည်းနှင့်အောက်စုရွာ
အရောက်ပြန် ပို့ပေးသည်။

ဇီးစပ်သရမ်းမိလို့

သင်္ကြန်ပွဲတော်ကြီးလည်းပြီးသွားခဲ့ပြီ ..... သင်္ကြန်ဒုလ္လဘ လာဝတ်ကြသော တင့်နိုင်၏ သူငယ်ချင်းများလည်း လူဝတ်လဲပြီးပြီး.....။

နောက်နေ့ ရန်ကုန်သို့ ပြန်ကြမည်ဖြစ်သည်။ ရန်ကုန်မှာ တစ်ရုံးတည်း လုပ်ငန်းအတူတူ၊ အခန်းအတူတူနေ သူငယ်ချင်းများလည်းဖြစ်သည်။

သခြေတန်းရွာသား တင့်နိုင်က သည်နှစ် သူ့မိသားစုများ သင်္ကြန်မှာ အလှူလုပ်ပြီး သူတို့ကိုပါ ရဟန်းခံပေးမည်။ ရန်ကုန်မှ ရဟန်းခံလိုသူရှိက အတူလိုက်ခဲ့ရန် ပြောသဖြင့် ရန်ကုန်မှာ မလည်မပတ်ချင်ကြသော ရန်ကုန်သား သူငယ်ချင်းများက တင့်နိုင်တို့ရွာသို့ လိုက်ခဲ့မည်ဟုဆိုသည်။

သခြေတန်းရွာသို့ လိုက်ကြသူများက ဝင်းစိန်၊ မျိုးနိုင်၊

အောင်ဝင်း၊ ကံမြင့်၊ ကြည်သန်း၊ လှလှ၊ အေးအေးမူ၊ ခင်မာထွေးတို့ဖြစ်သည်။

အောင်ဝင်းတို့အိမ်မှာ မီနီဘတ်(စ်)လေးတစ်စီးရှိသဖြင့် ဆီကို ဝိုင်းခံပြီး ကားကို သပြေတန်းရွာသို့ ယူလာခဲ့သည်။

ရွာမှာ ငါးရက်နေသည်။ မျိုးနိုင်၊ အောင်ဝင်း၊ ကံမြင့်၊ တင့်နိုင်တို့က သာသနာ့ဘောင်သို့ ဝင်ခဲ့သည်။ ခွင့်အပိုမရသဖြင့် သုံးရက်သာဝတ်ပြီး လူဝတ်လဲခဲ့ကြသည်။

ရွာမှာ တစ်ညအိပ်ပြီး ..... နောက်နေ့ မနက် ရန်ကုန် ပြန်ကြမည်။ နောက်နေ့ ရုံးပြန်တက်ကြရမည်ဖြစ်သည်။

အောင်ဝင်း၏ညီမ အေးအေးမူသည် အစ်ကိုရဟန်းခံမည်ဖြစ်၍ လိုက်ခဲ့မည်ဆိုကာ သူ၏သူငယ်ချင်း လှလှနှင့် ခင်မာထွေးတို့ကိုပါ အပါခေါ်ခဲ့သည်။

သို့ကြောင့် ယောကျ်ားလေးခြောက်ယောက်နှင့် မိန်းကလေး သုံးယောက်တို့ တစ်ခါမှ မရောက်ဖူးသော တင့်နိုင်တို့၏ သပြေတန်းရွာသို့ လိုက်လာခဲ့ကြသည်။

ရွာလုံးကျွတ် ကျေးမွေးသော ရဟန်းခံရှင်ပြုပွဲကြီးကို တစ်ခါမှ မကြုံဘူးဆိုကာ ပျော်နေကြသည်။

ရွာသုံးလေးရွာကို ရောက်အောင်စီတန်းလှည့်လည်သော ရှင်လောင်းလှည့်ပွဲမှာ .....ကွမ်းတောင်၊ ပန်းတောင်

ကိုင်သော မိန်းကလေးအုပ်စုထဲတွင် ရန်ကုန်သူ လှလှ၊ အေးအေးမူ၊ ခင်မာထွေးတို့သုံးယောက် ရွာသားတွေဝိုင်းကြည့်ရလောက်အောင် လှပလွန်းနေသည်။

ညစ်ခံပွဲရက်မှာ ဝက်သနီချက်နှင့် ညစ်ခံကျွေးမွေးသည်။ မျိုးနိုင်၊ အောင်ဝင်း၊ ကံမြင့်၊ တင့်နိုင်တို့ ရဟန်းဘောင် ဝင်ရောက်သွားသည့်အချိန် ဝင်းစိန်နှင့် ကြည်သန်း၊ လှလှ၊ အေးအေးမူ၊ ခင်မာထွေးတို့က ရွာသကြီးန်ရေကစားကြသည်။

ရွာ၏ လမ်းဆုံလမ်းခွများမှာ ကျွေးမွေးသော စတုဒိသာများရှိရာ ရေကစားရင်း လိုက်စားကြသည်။

မုန့်လုံးရေပေါ်၊ သာကူ၊ ထမင်းဆိမ့်၊ သကြီးန်ထမင်း စသည်ဖြင့် .....မဏ္ဍပ်တစ်ခုပြီးတစ်ခု လိုက်စားကြသည်။

နှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲမှာလည်း တက်အားသရွေ့ ဝင်လှူပြီး ..... ဘိုးဘွားများကို ဝင်ကန်တော့ကြသေးသည်။ ထိုနေ့ ညနေပိုင်း တင့်နိုင်တို့ လေးယောက် လူထွက်လာကြသည်။

နောက်နေ့ ရောက်တော့ မနက်စောစော ရန်ကုန်ပြန်ရန် ..... ရွာမှာကျန်ခဲ့သော မိတ်သစ် ဆွေသစ်များကို နှုတ်ဆက်ကြသည်။

ရှစ်နာရီခန့် ရွာမှထွက်လာခဲ့ကြသည်။ လမ်းက ကား

နှစ်စီးမရှောင်သာ၊ ဂဝံကျောက်လမ်းဖြစ်သည်။ သုံးမိုင်ခန့်ရှည်သည်။ ထိုသုံးမိုင်ခန့်ရှည်သော လမ်းဆုံးမှာ ..... ရန်ကုန် မန္တလေးလမ်းဟောင်းသို့ ရောက်သည်။

ဂဝံကျောက်လမ်း တစ်ဝက်ခန့်အရောက်မှာ ရှေ့က လာနေသော ထော်လာဂျီ ..... ဘီးပေါက်သွားသည့်အတွက် ဘီးဖြုတ်တပ်နေသဖြင့် ခဏရပ်ပြီး စောင့်နေလိုက်သည်။

"အောင်ဝင်း .....ငါအောက်ဆင်းပြီး အပေါ့သွားဦးမယ်"

"ငါပါလိုက်မယ်"

သူလိုက်မယ် ငါလိုက်မယ်နှင့် ယောက်ျားလေးအားလုံး ကားအောက်ရောက်သွားတော့သည်။

လမ်းဘေးမှာ လူနှစ်ဖက်နီးပါး ကုက္ကိုပင်ကြီးတစ်ပင်နှင့် ..... ဇီးချုံပင်သုံးလေးပင် ပေါက်ရောက်နေသည်။

မျိုးနိုင်၊ ဝင်းစိန်၊ ကြည်သန်းတို့ ကုက္ကိုပင်ကြီးနောက်ဘက် ပြေးသွားပြီး အပေါ့သွားမည်အပြု တင့်နိုင်က

"ဟေ့ကောင်တွေ ဒီကိုပြန်လာ"

"ဘာဖြစ်လို့လဲကွ"

"လာပါ ဒီဘက်အပင်တွေ ခြုံတွေဘေးမှာပေါက် အဲ့ဒီ ကုက္ကိုပင်ကြီးနားသွားမပေါက်နဲ့"

"အပင်ကြီးတော့ လုံလုံခြုံခြုံရှိတာပေါ့"

"အဲဒီအပင်မှာ သရဲရှိတယ် ..... နို့ ရွာကလူတွေ ဒီအပင်းကို ရှောင်ကြတယ်"

"မင်း ရန်ကုန်ရောက်တာပဲ လေးငါးနှစ်ရှိနေပြီ ..... ရဲရှိလား မရှိဘူးလား မင်းဘယ်လိုသိလဲ"

"သရဲဆိုတာ ..... သူတို့မကျွတ်မလွတ်သမျှ သူတို့နေတဲ့ ပင်မှာ စွဲစွဲမြဲမြဲနေတာပေါ့"

"ကျွတ်သွားလောက်ပါပြီ"

"ကျွတ်တာ မကျွတ်တာ အပထား ရှောင်တာကောင်း ာပေါ့..... သရဲတွေက သူနေတဲ့အပင်ကို အပေါ့လာစွန့်ရင် ကြိုက်ဘူးကွ"

"ဒီအပင်မှာ သရဲကြီး ရှိတယ်ဆိုရင် တို့ကားနဲ့ ခေါ်သွား ယ် ရန်ကုန်ရောက်ရင် အပင် တစ်ပင် ပင်မှာနေနိုင်းလိုက် မယ်"

"ဟာ ..... ကံမြင့် ..... ဘာတွေလျှောက်ပြောနေလဲ ဒီလို မပြောကောင်းဘူးကွ"

"မင်းတို့ပဲ သရဲရှိတယ် မရှိဘူး ပြောနေတာ အမြင့်ကပ် သရဲကြီး ဒီသစ်ပင်မှာရှိရင် ကားနဲ့ခေါ်သွားမယ်လို့ပြောတာ ဘကယ်ကို ခေါ်သွားမှာ"

"ဟာ ဒီကောင် ပါးစပ်သရမ်းလိုက်တာ"

"ကဲ ..... စကားများမနေကြနဲ့ ဟိုရှေ့က ဘီးတပ်ပြီးလို့

လမ်းဘေးချပေးနေပြီ၊ ကားပေါ်တက်ကြတော့”

အားလုံး ကားပေါ်ရောက်သည်နှင့် ကားကို ဆက်ပြီး မောင်းထွက်ခဲ့သည်။ မကြာခင် ရန်ကုန်–မန္တလေးလမ်းမကြီး ပေါ်ရောက်ခဲ့သည်။

လမ်းဟောင်းအတိုင်း ရန်ကုန်ဘက်သို့ မောင်းလာခဲ့သည်။ ကားပေါ်မှာ ကြည်သန်းက နောက်ဆုံးအတန်းမှာထိုင် ဂစ်တာတီးပြီး ကံမြင့်နှင့် မျိုးနိုင်တို့က သီးချင်းဆိုနေကြသည်။ မိန်းကလေးများက ရှေ့ပိုင်းရှိ ခုံနားမှာထိုင်ကြသည်။

အောင်ဝင်းက ကားမောင်းသည်။

ရေတာရှည်မြို့လွန်တော့ ကားက ဘာ့ကြောင့် မှန်းမသိ စက်သံမမှန်ဖြစ်ပြီး ထိုးရပ်သွားသည်။

အောင်ဝင်းက ကားစက်အကြောင်း အနည်းငယ် နား လည်သဖြင့် စက်ကို အအေးခံပြီး ဟိုနှိုက် သည်နှိုက် လုပ် နေသည်။

“ကားက ...ဘာမှဖြစ်တာမဟုတ်ဘူး နိုးကြည့်ဦး မယ်”

စက်နှိုးလိုက်သည်နှင့် ချက်ချင်းနိုးသွားသဖြင့် ရှေ့ကို ဆက်ပြီး မောင်းလာခဲ့ကြသည်။

တောင်ငူမြို့ကိုဝင်ကာနီးကားစက်ဖောက်လာသလို ကား ပေါ်မှ အပုတ်နံ့ကလည်း စူးစူးဝါးဝါးနံလာသည်။

“ဟာ နံလိုက်တာကွာ ခွေးသေကောင်ပုပ်ကြီး ပါလာ သလိုကို နံနေတာပဲ.....”

“ဟော့ကောင် ကံမြင့် မင်းပါးစပ်သရမ်းလို့ လိုက်လာ ပြီလားမသိဘူး”

“မဖြစ်နိုင်ပါဘူး ငါက အပြောင်အပျက် ပြောလိုက်တာ ပါ”

“မှန်တွေဖွင့်လိုက်ကြကွာ တော့ အောင်ဝင်း အဲယား ကွန်းခဏပိတ်ထား ငါတို့မှန်တွေ အကုန်ဖွင့်လိုက်မယ်”

“တော်တော် နံတယ်ကွာ ငါရှေ့ဆုံးမှာ ကားမောင်း နေတဲ့ဆီတောင် အပုတ်နံ့က စူးစူးဝါးဝါး ရောက်လာတယ်”

“တော်တော်နံတဲ့အပုပ်နံ့ပဲ အစ်ကို အောင်ဝင်း သူငယ် ချင်းတွေ ဘာလုပ်ခဲ့လို့ အပုပ်နံ့ နံနေတာလဲ ဘာတွေ သယ်လာ တာလဲ ငါးပိနံ့လည်းမဟုတ်ပါဘူး.....”

“ဝေါ့”

“ဟဲ့ အေးအေးမူ ကားပေါ်ကိုတော့ မအန်ချနဲ့”

“ငါးပိနံ့ မဟုတ်ဘူးဟေ့ သရဲနံ့ သရဲနံ့”

“ဟိုကောင် ကံမြင့် ကုက္ကိုပင်မှာ သရဲရှိတာ မယုံဘူးတဲ့ သရဲရှိတာမှန်ရင် ရန်ကုန်ကိုလိုက်ခဲ့လို့ ပါးစပ်သရမ်းခဲ့တယ် ့ကြောင့် ငါ့စိတ်ထင် သရဲပါလာတာ ဖြစ်မယ်”

"တင် တကယ်ပြောတာလား"

"ဟာ ငါက နင့်တို့ကို ညာရမှာလား ဒီကောင် တားနေရက်ကြားက ခေါ်ဖြစ်အောင် ခေါ်ခဲ့တယ်"

"ဟေ့ကောင် ကံမြင့် ဘယ်လိုလုပ်မလဲ မင်း အိမ်ကို ခေါ်သွားမှာလား"

"ဟာ အောင်ဝင်း မင်းပါးစပ်ကြီးနဲ့ လျှောက် ပြောနေတယ် မင်းတို့ပြောသလို မဟုတ်ပါဘူး အပုတ်နံ့ က ကားထဲမှာ ကြွက်တွေဘာတွေများသေပြီး ပုတ်နေတာလား မှမသိတာ ဝိုင်းရှာကြပါလား"

"ဘာ ကြွက်မှမသေးဘူး"

"နင်တို့ ငါ့ကိုခေါ်လာပြီးတော့မှ မခေါ်ဘူး လုပ်နေ တယ် နင်တို့ခေါ်လို့ ငါလိုက်လာတာ"

ကားပေါ်မှ ငြိမ်ပြီးထိုင်နေသော အေးအေးမူထံမှ အသက်ကြီးကြီး အသံကြီးထွက်လာသံကို အားလုံးကြားလိုက်သည်။

"ဟင် အေးမူ ဘာဖြစ်တာလဲ"

"ငါ အေးမူမဟုတ်ဘူး သူခေါ်လို့ ငါလိုက်လာတာ ကို့နဲ့ ငါလိုက်ခဲ့မှာ"

"ဟာ ဒီကောင် နောက်ပြောင်ပြီးပြောတာတကယ်

ခေါ်တာမဟုတ်ဘူး ကားပေါ်ကဆင်းပြီး ပြန်ပါ"

"မပြန်ဘူး မပြန်ဘူး"

"လိုက်ချင်လဲ ကားအောက်ဆင်းပြီးလိုက် ကျုပ်ခေါ်တာမဟုတ်ဘူး ဒါကျုပ်ကား ကျုပ်ခင်ဗျားကို တင်မသွားဘူး ကျုပ်ကားပေါ်ကဆင်း"

"ဘာ ပြောတယ်"

အေးအေးမူထံမှ ဝင်ရောက်ပူးကပ်နေသော သရဲမက အောင်ဝင်းကို လက်ဆန့်ပြီး လက်ညှိုးထိုးလိုက်စဉ် အောင်ဝင်း နောက်လှည့်ပြောနေရာမှ ကားစတီယာရင် ဘီးခွေ ပေါ် ခေါင်းနှင့် ဝင်ဆောင့်သွားသည်။

သရဲမ ဝင်ပူးသည်ကို သိကတည်းက ကားကိုရပ်ထားလိုက်သဖြင့် ကားမှောက်မည့်ဘေးမှ လွတ်သွားသည်။

"မောင်း ...... အခုမောင်း ငါပါလိုက်မယ်"

အောင်ဝင်းလည်း လူမှာဝင်ပူးနေသော သရဲမနှင့် စကားပြိုင်ပြောမနေတော့ပဲ ကားကို ဆက်ပြီးမောင်းခဲ့သည်။ တောင်ငူမြို့မဝင်ခင်မှာ ရွာလေးတစ်ရွာကိုမြင်လိုက်သလို ဘုန်းကြီးကျောင်းကြီးကိုလည်း ကားလမ်းအနီးမှာ တွေ့လိုက်သည်။

အောင်ဝင်းကားကို ဘုန်းကြီးကျောင်းထဲဝင်သော လမ်းသို့ ခေါင်းလှည့်လိုက်သည်။

"မမောင်းနဲ့ ..... မဝင်နဲ့ ..... မဝင်နဲ့"

အောင်ဝင်းက ကျောင်းဝင်းထဲအထိ ကားကိုမောင်းဝင် ပြီး စက်သက်လိုက်သည်။

ကိုရင်လေးနှစ်ပါး ကားနားရောက်လာသည်။

"ကိုရင် .... ဆရာတော်ရှိလား ဘယ်ကျောင်းမှာလဲ"

"ဆရာတော် အခုပဲ ဆွမ်းစားပြီးလို့... ကျောင်းပေ တက်သွားပြီ အဲဒီကျောင်းကြီးပေါ်မှာ ... ဆရာတော်ရှိတယ်"

"ကဲ အားလုံး ဆင်းမယ်၊ဆရာတော်ကို ဝင်ဖူးကြမယ်"

"မဆင်းဘူး ..... မသွားဘူး"

"လာ... အခုဆင်းခဲ့....... ဆရာတော်ကို ဝင်ဖူးရမယ်"

ကားသံကြား၍ ဆရာတော်က ကျောင်းအောက်ဆင် လာသည်။ မျိုးနိုင်က ဆရာတော်ကို မြင်လိုက်သည်အတွက် ကျောင်းလှေကားထိပ်မှာ ရပ်နေသော ဆရာတော်အား သွာ လျှောက်တင်လိုက်သည်။

ဆရာတော်က ကားနားရောက်လာပြီး ကားပေါ် မဆင်းပဲ ပေကပ်နေသော အေးအေးမူအား ဝပ်ပူးကပ်နေသော သရဲမကို ..... ကျောင်းပေါ်လာခဲ့ရန်ခေါ်တော့သည်။

ဆရာတော်က ခေါ်သည့်အတွက် အေးအေးမူလည် တုန်တုန် ချိချိနှင့် ဆင်းလာသည်။

ဆရာတော်က ကျောင်းပေါ်သို့ ရှေ့မှကြွပြီး တက်သွား သဖြင့် ..... ဆရာတော်နောက်မှာ အေးအေးမူကိုထား၍ နောက်မှ အားလုံး လိုက်ခဲ့ကြသည်။

ဆရာတော်က ဆက်တီပေါ်ထိုင်လိုက်သည်နှင့် အေးအေးမူမှလွဲ၍ အားလုံး ဘုရားနှင့် ဆရာတော်အား ရှိခိုး လိုက်ကြသည်။

"ကဲ ..... မိန်းကလေးခန္ဓာကိုယ်မှာ ပူးကပ်လိုက်ပါ လာတဲ့ ဝိညာဉ်တစ္ဆေ .....ဘာအကြောင်းကိစ္စရှိလဲ ..... ဘုန်းကြီး ကိုလျှောက်စမ်း"

"သူတို့ထဲက တစ်ယောက်က သူတို့ကားနဲ့ လိုက်ခဲ့ လို့ပြောတဲ့အတွက် လိုက်လာခဲ့တာပါ"

"သူတို့ပြောတဲ့အချိန်က သင့်ကို ပြောတဲ့သူငယ်က မြင်လား"

"မမြင်ပါဘူး"

"သရဲထီး၊ သရဲမလိုကော ခွဲခြားခေါ်ခဲ့လား"

"မခေါ်ပါဘူး"

"ဘယ်လိုခေါ်လဲ"

"ဒီသစ်ပင်မှာရှိတဲ့ သရဲကြီးရှိရင် ရန်ကုန်ခေါ်သွားမယ် လို့ နှစ်ကြိမ်ပြောပါတယ်"

"သင်နားကြားလွဲလို့ဖြစ်မယ်.....သူတို့ခေါ်တာ သရဲကြီး လို့ခေါ်တာ .....သရဲမလို့ ခေါ်တာမဟုတ်ဘူး"

"အဲဒီအပင်မှာ ရှေးကရှိခဲ့တဲ့ သရဲကြီးက ကျွတ်လွတ်သွားလို့ လွတ်နေတဲ့နေရာမှာ .....ကျွန်မဝင်နေတာ"

"သူတို့သိတာက အရင်ရှိခဲ့တဲ့ သရဲကြီးကိုရှိရင် လိုက်ခဲ့လို့ပြောတာ..... သင့်ကိုပြောတာမှမဟုတ်တဲ့အတွက် သင်လိုက်လို့မဖြစ်ဘူး လာတဲ့နေရာပြန်ပါ"

"ပြန်လို့မဖြစ်ပါဘူးဘုရား"

"မပြန်ရင် ဘုန်းကြီးသင့်ကို ဘုရားနွတ်ကပတ်တော်နဲ့ ချုပ်ပြီး ..... နေရပ်ပြန်ပို့မယ်"

"မလုပ်ပါနဲ့ .....ဘုရား"

"မလုပ်စေချင်ရင် .....ပြန်မလား"

"သူတို့ခေါ်လာခဲ့တဲ့ နေရာကို ပြန်ပို့ပေးပါဘုရား"

"အံမယ် .....သင်တို့လို သွားချင်ရာသွား လာချင်ရာလာနိုင်တဲ့ တစ္ဆေသရဲတွေကိုများ နေရာထိုင်ရာအရောက် ကားနဲ့ ပြန်ပို့ပေးရမှာလား"

"ရေတာရှည် မြို့အလွန်ထိပို့ရင် ပြန်ပါ့မယ်ဘုရား ရေတာရှည်က ဘိုးဘိုးကြီးကို ကြောက်လို့ပါဘုရား"

ဒါတော့ ကြောက်တတ်သားပဲ ရန်ကုန်ရောက်ရင်

ဆူးလေဘိုးဘိုးကြီးတို့ ဗိုလ်တစ်ထောင်ဘိုးဘိုးကြီးတို့ ကျိုက္ကဆံဘိုးဘိုးကြီးတို့လက်သွားအပ်လိုက်ရင် ဂျမ်းထိုးမှောက်ခုံဖြစ်တော့မယ်။အခု ...ဘုန်းကြီးမေတ္တာရပ်ခံတဲ့အတိုင်း နေရပ် ပြန်.....။

ဒီသူငယ်တို့က ရေတာရှည်မြို့အလွန်ထိ ပို့ပေးလိုက်။ ကားပေါ်မှာ ပါသွားရင်း ပူးကပ်တာတို့ အပုတ်နံ့ပေးတာတို့ လုပ်ဦးမှာလား"

"အလုပ်ပါဘူး ဘုရား"

"အေး.....အေး ..... ဂဲ ..... သူငယ်လေးတို့ အချိန်လည်း ရှိပါသေးတယ် ..... ကိုယ်က အမှားလုပ်ထားတာဆိုတော့ ရေတာရှည်မြို့အထွက်ထိ ပို့ပြီး .....ကား ..... တံခါးဖွင့်ပြီး ဆင်းခိုင်းလိုက်"

"ဘုန်းကြီး ဒကာလေး၊ ဒကာမလေးတို့ကို ပရိတ်ရေနဲ့ ဗျာနရေ တစ်ခွက်စီ တိုက်လိုက်မယ်"

"ဒီ ဒကာမလေးကို ပူးကပ်ရာကခွာပြီး ကားပေါ်မှာ သင်နေလို့ရအောင် စီစဉ်ပေးမယ်"

"ဒကာလေး ကျောင်းအောက်ဆင်းပြီး ပိတောက်ကိုင်းလေးတစ်ကိုင်း တစ်တောင်လောက် ချိုးလာခဲ့"

ကံမြင့်က ကျောင်းအောက်ဆင်းပြီး ပိတောက်ခက်လေးတစ်ခက် ချိုးလာခဲ့သည်။ ဆရာတော်အား ဆက်ကပ်လိုက်သည်။

"ဒကာလေးပဲ ကိုင်ထားလိုက်၊ ကဲ.....ကလေးမလေးမှာ ပူးကပ်လာတဲ့ ဝိညာဉ်သရဲမ..... သင်ပိတောက်ခက်မှာ ခိုနားပြီး .....ဘယ်သူ့ကိုမှ အနှောက်အယှက်မပေးပဲ လိုက်သွား"

ဆရာတော် စကားဆုံးသည်နှင့် ပိတောက်ခက်လှုပ်ခါ သွားသည်ကို အားလုံးမြင်လိုက်သည်။

ဆရာတော်ငွန့်ပေးလိုက်သော ရေသန့်တစ်ပုလင်းကို အားလုံးမျှသောက်လိုက်ကြသည်။

"အခုသောက်တာက ပရိတ်ရေ၊ ရော့ ဒီပုလင်းက သင်္ကြန်တုန်းက ပဌာန်းပူဇော်ထားတဲ့ ပဌာန်းရေပုလင်း ကားပေါ် ဆောင်သွား သရဲမကိုဆင်းခိုင်းပြီးတာနဲ့ ကားထဲမှ နည်းနည်း လက်နဲ့တောက်ပြီး ဖျန်းထားလိုက်"

"တင်ပါ့ဘုရား"

ဘုန်းကြီးကိုရှိခိုး၍ အောင်ဝင်းနှင့်လှလှတို့က ဝတ္ထုငွေ ဆက်ကပ်လှူဒါန်းပြီး ကျောင်းပေါ်မှ ဆင်းခဲ့ကြသည်။

အောင်ဝင်းဘေးတစ်ဖက်ရှိ လွတ်နေသောခုံပေါ်မှာ ပိတောက်ခက်ကိုတင်ပြီး နောက်ကြောင်းလှည့်ကာ ပြန်မောင်း ခဲ့ကြသည်။ ရေတာရှည်မြို့ထွက်ပြီးသည်နှင့် ကားကိုရပ်ကာ ပိတောက်ခက်ကို လမ်းဘေးမှာ ချလိုက်သည်။

"ကဲ .....ကိုယ့်နေရာကိုယ် ပြန်ပေတော့"

ထိုကဲ့သို့ ပြောဆိုပြီးသည်နှင့် ခေါင်းပြန်လှည့်ကာ ရန်ကုန်သို့ ပြန်ခဲ့ကြသည်။

"နောက်ကို ပါးစပ်သရမ်းဦး ဟုတ်လားကံမြင့် နံမည် သာ ကံမြင့် ကံကောင်းလို့ သရဲမယောက်ျားမဖြစ်တာ"

"ဘယ်လိုလဲ မှတ်ပြီလား"

"တော်ကြစမ်းပါကွာ.....ကြောက်ရတဲ့အထဲ..... သရဲမ ကမပြန်ဘဲ ပြန်လိုက်လာမှ ဟုတ်ပေ့ဖြစ်နေမယ်"

"ဆရာတော်ကြီးပေးလိုက်တဲ့ ပဌာန်းရေလည်း ပတ်ဖျန်းထားပြီးပါပြီ ဘယ်သရဲမှ မပါတော့ပါဘူး"

သူတို့လည်း အပူပင်ကင်းသွားပြီမို့ ဂစ်တာတီးလိုက်၊ သီချင်းဆိုလိုက်နှင့် ရန်ကုန်သို့ ညမှောင်မှောင်မှာ ရောက်လို့ လာကြတော့သည်။

တခွေမှတ်ကြီးရဲ့ဆိုင်

မိုးက ဖွဲဖွဲရွာရာမှ သည်း၍လာချေပြီ ဒဂုံအရှေ့ပိုင်းမှ ကျွန်စစ်သားလမ်းအတိုင်း တောင်ဒဂုံ(၇၀)ရပ်ကွက်သို့ နိုင်နာဆယ့်လေးပေကားပေါ်မှ အိမ်ပြောင်းပစ္စည်းများတင်ပြီး တရွေ့ရွေ့မောင်းလာခဲ့သည်။

အိမ်ပြောင်းပစ္စည်းများ အိမ်ထောင်ပရိဘောဂများဖြစ်သည့်အတွက် ကားဝန်မပိသော်လည်း ကျိုးနိုင် ပဲ့နိုင်၊ ကွဲနိုင်သည့် ပစ္စည်းများပါလာသဖြင့် ကားကို ခပ်မှန်မှန်မောင်းခဲ့ခြင်းဖြစ်သည်။

ကျောက်ဇမ်းလွန်ကတည်းက လမ်းကမကောင်း

"အောင်ခန့် မင်းက မြောက်ဒဂုံထဲမှ အိမ်မရှာဘဲ ဘယ်လိုဖြစ်ပြီး တောင်ဒဂုံမှာ အိမ်သွားငှားရတာလဲ"

"ငါ့အမေစိတ်ဝင်တာပဲ မောင်ညွှန့် ဈေးလည်းသက်သာတယ် လုံးချင်းလည်းနေရမယ်ဆိုပြီး ငှားလိုက်တာ၊ ငါ့အမငှားလိုက်တဲ့ အိမ်ပိုင်ရှင်နဲ့ ရင်းနှီးတယ်ဆိုပြီး ငှားတာပါပဲ"

"မင်း အဲ့ဒီအိမ်သွားကြည့်ပြီးပြီးလား"

"အေး .မနေ့က အိမ်သွားကြည့်ပြီး သန့်ရှင်း ထားခဲ့ဘယ် အိမ်ကတော့ မဆိုးပါဘူး လမ်းထောင့်အိမ်ပဲ လူနေရပ်ကွက်ကတော့ ခပ်ကျဲကျဲပဲ ငါတို့နေမယ့်အိမ်ဘေးက နှစ်ခြံဆိုလူမနေသေးဘူး ကွက်လပ်အတိုင်းပဲ"

"အခု ငါတို့ငှားတဲ့အိမ်ရဲ့ ပိုင်ရှင်က တာမွေမှာ နေတယ် အိမ်ဆောက်ပြီး လူငှားထားတာ ငါတို့ရှေ့က ငှားနေတဲ့လူတွေပြောင်းသွားတာ တစ်လကြာသေးတယ်တဲ့ ပြီးတော့ အဲဒီ မိသားစုက အိမ်ဆောက်ပြီးကတည်းက ငှားနေခဲ့တာတဲ့၊ ခြောက်နှစ်ပြီလို့ အိမ်ရှင်ကပြောတာပဲ"

"ဘာကြောင့် ပြောင်းသွားတာလဲ"

"လိုင်သာယာနဲ့ ရွှေပြည်သာမှာသူတို့မိသားစုတွေ အလုပ်ရသွားလို့ လှိုင်သာယာကို ပြောင်းသွားတယ်လို့ပြောတာ ပဲ"

"မောင်ညွှန့် ကားကို ကြည့်မောင်း ရပ်ကွက်ထဲဝင်လာ ပြီ"

"ဒီလောက်တော့ ကျွမ်းပါတယ် အောင်ခန့်ရာ"

ကားနောက်မှာ ပစ္စည်းများ ဝိုင်းဝန်းသယ်ချပေးမည့် အောင်ခန့်သူငယ်ချင်းနှစ်ယောက် ပါလာသည်။ မောင်ညွှန့်ကလည်း အောင်ခန့်သူငယ်ချင်းဖြစ်သည်။ သို့ကြောင့် အိမ်ပြောင်းရန် သူပိုင်ကားနှင့် လိုက်ပို့ပေးခြင်းဖြစ်သည်။

"မင်းတို့ အမေနဲ့ အဖေကလည်း တစ်ခါတည်းလိုက်

ပြောင်းရွှေ့တာမဟုတ်ဘူး နောက်ထပ်တစ်ပတ်နေဦးမယ် ဟုတ်လား ငါ့ကားက ဒီနေ့ပဲအားတာ ဟိုမှာကျန်ခဲ့တဲ့ ပစ္စည်းတွေ တစ်ခါတည်းသယ်လိုက်ရင်ပြီးရော”

“မဖြစ်ဘူး ငါ့ကိုစိတ်မချလို့ တစ်ခါတည်းအကုန်မသယ်တာ အမေတို့ပြောင်းတဲ့နေကျမှ ဒိုင်နာတစ်စီးငှားပြီး သယ်လိုက်တော့မယ်”

“ငါမော်လမြိုင်ကို စောစောပြန်ရောက်ရင် ငါသယ်ပေးပါ့မယ်၊ စောင့်နိုင်ရင် စောင့်လေ”

“မစောင့်တော့ပါဘူး မင်းက ဟိုမှာဆယ်ရက်လောက်ကြာမှာဆိုတော့ ကျန်တဲ့ပစ္စည်းတွေ ကားငှားပြီး သယ်လိုက်တော့မယ် ဟိုမှာ တင်ထားတဲ့ စပေါ်ကတစ်ဝက်ပဲပြန်ရသေးတယ် လာမယ့်အပတ်မှာ ကျန်တဲ့ပိုက်ဆံပြန်ရမှာ”

“ဒီဆို ဒီအိမ်မှာ မင်းနဲ့ မင်းညီနဲ့ ကျော်သိန်းနဲ့ နေကြမှာပေါ့ဟုတ်လား”

“ဟုတ်တယ် မော်လမြိုင်သွားဖို့ သုံးရက်လိုသေး တယ်ဆိုတော့ ငါ့အိမ်မှာ လာနေလေ ညဘက် အမူးဆွဲရတာပေါ့”

“ငါ ကားမောင်းကတည်းက အရက်ဖြတ်လိုက်ပြီ၊ ကွမ်းယာပဲစားတော့တယ် ခရီးမထွက်ခင်ကားကို အောက်ပိုင်းကိုင်ရဦးမယ်”

“ဒီဆိုလည်း မခေါ်တော့ဘူးကွာ ကျော်သိန်းနဲ့ပဲ အပေါ် လုပ်ရတော့မှာပဲ နှစ်ယောက်ထဲဆို ပျင်းစရာကောင်းတယ်” (၇၀)ရပ်ကွက်ထဲရောက်လာခဲ့သည်။

“ရပ်ကွက်ထဲတော့ဝင်ပြီ ..... ဒါပေမယ့် ရပ်ကွက်ဆုံးတဲ့အထိ မောင်းဦး ငါတို့ငှားထားတဲ့အိမ်က (၆၉)ရပ်ကွက်နဲ့ လမ်းပဲခြားတယ်” “၃၉ ဘတ်စ်ကားဂိတ်နဲ့နီးလား”

“ဂိတ်တိုင် ငါးတိုက်လောက်ပဲ ဝေးမယ်”

“မင်းနေတဲ့ ရပ်ကွက်ကလည်း ကျည်စုနဲ့နီးနီးလေးပါ လား”

“ကျည်စုမင်းရောက်ဖူးလား ငါတော့ကြားတာကြာပြီ မရောက်ဖူးသေးဘူး”

“ငါက ကားမောင်းနေတာလေ နာရေးကိစ္စနဲ့ ကားငှားလို့ ငါးခေါက်လောက် ရောက်ပြီးပြီ”

“ပြီးခဲ့တဲ့နှစ် နာဂစ်ကစပြီး ငါ့ကားနဲ့ လိုက်ပို့ဖူးတာ”

“နာဂစ်တုန်းက ကံကောင်းလို့မသေတာ ငါတို့ ငှားနေတဲ့အိမ်ရဲ့ခြေရင်းမှာ သရက်ပင်တစ်ပင်ရှိတယ် နာဂစ် မုန်တိုင်းကျတော့ လေဒဏ်မခံနိုင်ပဲ အိမ်ပေါ်လဲကျတယ်၊ သရက်ပင်က ဝုန်းကနဲလဲကျတာမဟုတ်ဘူး တဖြည်းဖြည်းအိဆင်းလာတာ”

“နောက်ဖက်မီးဖိုအခြမ်းပေါ် သစ်ပင်ပိတာ သစ်ကိုင်း တစ်ကိုင်းက ငါအိပ်တဲ့ဘေး တစ်တောင်လောက်အကွာကို ထိုး

ထွက်လာတယ် ကံသီလို့ မသေတာ”

“မင်းတို့အိမ်သားတွေ ဘယ်သူမှ မထိခိုက်ဘူးလား”

“အားလုံး အိမ်ရှေ့ဘက်မှာ အိပ်တာ ငါက မီးဖိုဘေးမှာ အလုပ်ခန်းဖွဲ့ထားပြီး အဲဒီမှာပဲအိပ်တာ”

“အခု ငါတို့အသစ်ငှားတဲ့ခြံထဲမှာ သရက်ပင် နှစ်ဆယ့်ငါးပင်လောက်ရှိတယ်ကဲ့ နာဂစ်မှာ ဆယ့်ငါးပင်လဲသွားတယ် အခု ကိုးပင်ပဲ ကျန်တော့တယ်လို့ အိမ်ရှင်ကပြောတယ်”

“ဟိုရှေ့လမ်းထဲဝင်ရမယ့်လမ်းထဲမှာ လိုင်းကားတွေ ရပ်ထားလို့ လမ်းကပျက်သလောက်ဖြစ်နေပြီ သတိထားပြီး မောင်း”

(၃၉)ဘတ်စ်ကားဂိတ်မှာ ကားကြီးငါးစီး လမ်းထဲဝင်ပြီး ရပ်ထားသဖြင့် ချိုင့်ခွက်များကို သတိထားပြီး မောင်းခဲ့သည်။ ချိုင့်ခွက်များ ရေတင်နေသဖြင့် နက်လား တိမ်လားမသိသဖြင့် ဘီးလိမ့်ရုံသာ မောင်းနေရသည်။

မကြာခင်မှာပင် အောင်ခန့်တို့ ငှားနေသည့်အိမ်သို့ ရောက်လာခဲ့သည်။

မြေက ပေသုံးဆယ် အရှည်က ပေခြောက်ဆယ်ရှိသည်။ ဘေးမှာ ရပ်ကွက်ထဲဝင်သောလမ်းရှိသည်။ ထောင့်အိမ်ဖြစ်သည့်အတွက် နေလို့ ထိုင်လို့ကောင်းသည်။ လမ်းက ခေါင်းရင်းဘက်

မှာဖြစ်သည်။ လမ်းတစ်ဖက်မှာတော့ လူနေသည့်အိမ်များရှိနေသည်။

ခြံ၏ ခြေရင်းမှာ လူမနေသော ခြံလွတ်နှစ်ကွက်ရှိသည်။ ထိုနှစ်ကွက်လွန်မှ လူနေသောအိမ်များရှိကြသည်။

ကားရပ်လိုက်သည်နှင့် အောင်ခန့်က ဆင်းပြီး အိမ်တံခါးသွားဖွင့်သည်။ မောင်ညွန့်နှင့် ကျော်သိန်း၊ အေးမောင်တို့က ကားပေါ်က ပစ္စည်းများသယ်ချပြီး အိမ်ပေါ်သယ်တင်နေကြသည်။

နာရီဝက်ခန့်အတွင်းမှာပင် ဒိုင်နာကားတစ်စီးစာ အိမ်ထောင်ပရိဘောဂနှင့် မီးဖိုချောင်သုံးပစ္စည်းများ အိမ်ပေါ်အားလုံး ရောက်ကုန်တော့သည်။ ထမင်းစားရန်ပြင်တော့ မောင်ညွန့်နှင့် အေးမောင်က မစားဟုဆိုရာ

“ဒါဆိုလည်း နောက်မှ သင့်တော်တဲ့နေရာချတော့မယ် မောင်ညွန့် လက်ဖက်ရည်သောက်မလား၊ ဘီယာ သောက်မလား”

“ငါလမ်းမှာ မင်းကိုပြောလာတယ်လေကွာ”

“အော် အေးသိပြီ ဒါဆို လက်ဖက်ရည်ဆိုင် ကောင်းကောင်းရှာထိုင်ကြတာပေါ့ စျေးကြီးနားသွားကြမယ်”

“ဟာ မဝေးဘူးလား အပြန်ငါလိုက်မပို့ပေးဘူးနော်”

"လိုင်းကားစီးပြီး ပြန်လာမှာပေါ့"

"ဒါဆို လိုက်ခဲ့ကြ အေးမောင်က ငါနဲ့တစ်ခါတည်း ပြန်လိုက်မှာမဟုတ်လား"

"ဟုတ်တယ် အောင်ခန့်နဲ့ ကျော်သိန်းက ညမှ ကြိုက်သလောက်သောက် အခု လက်ဖက်ရည်ပဲ လိုက်တိုက်"

သို့ဖြင့် သူငယ်ချင်းလေးယောက် မောင်ညွန့်ကားနှင့် လိုက်ခဲ့ကာ (ရာ)ဈေးကြီးရှေ့က လက်ဘက်ရည်ဆိုင်မှာ ထိုင်သောက်ရင်း တစ်နာရီခန့်အချိန်ဖြုန်းလိုက်ကြသည်။

မောင်ညွန့်နှင့် အေးမောင်တို့ ကားပေါ်တက်ပြီးထွက်သွားသည်နှင့် အောင်ခန့်သည် လက်ဖက်ရည်ဖိုးရှင်းကာ (၃၉)ဘတ်(စ်)ကားကြီးနှင့် ဂိတ်ဆုံးသို့ လိုက်ပါခဲ့ကြသည်။

× × ×

ညနေ ငါးနာရီမှစပြီး မိုးက ဝုန်းဒိုင်းကျဲပြီး ရွာချနေသည်။ အောင်ခန့်၏အောက် ညီလည်း ရောက်မလာ။

"ကဲ..... ငါ့ညီတော့ လာမယ် မထင်တော့ဘူး .....နို့ အရက်နှစ်ပုလင်းလောက် သွားဝယ်မယ်ကွာ၊ အရက်နှစ်ပုလင်းဆိုအတော်ပဲ မကုန်တော့နောက်ညသောက်ဖို့ ချန်ထားတာပေါ့"

"မင်းနေခဲ့ ..... ငါပဲသွားလိုက်မယ်"

"အေး ......အမြည်းလုပ်ဖို့လည်းကြည့်ပြီး

ယ်ခဲ့ဦးနော်"

အောင်ခန့် ထီးဆောင်းပြီး အိမ်ပေါ်ကဆင်းသွားသည်။

"အရက်ရောင်းတဲ့ စတိုးဆိုင်ရှာလိုက်ရတာ ဈေးနားရောက်ရောပဲ၊ အားလူးကြော်၊ မြေပဲကြော်နဲ့ ဆေးပေါ့လိပ်ပဲတယ်"

"မင်းတို့အမေ ချက်ပေးလိုက်တဲ့ ဟင်းတွေကျန်သေးသပဲ .....အဲ့ဒါအမြည်းလုပ်ကြတာပေါ့"

"ထမင်းမစားတော့ဘူးလား ..... ထမင်းမစားရသေးဘူးလေကွာ"

"ငါတော့ မစားတော့ဘူး၊ အရက်သောက်ရင်း အမြည်းစားရင်းနဲ့ ဗိုက်ပြည့်တာ အကျင့်ပါနေပြီ ညဘက်အရက်သောက်ရင် ထမင်းမစားဘူး"

"အစာအိမ်ရောဂါဖြစ်မှာပေါ့ ဝင်သလောက် စားပေါ့ကွာ ကြက်သားဟင်းရော ဝက်သားဟင်းပါ အတော်များများကျန်သေးတယ်"

"မစားတော့ပါဘူး လက်ဖက်ရည်ဆိုင်က ပြန်လာပြီး ခုနေနေ့လည်စာစားထားတာအစာတောင်မကြေချင်သေး ဘူး"

"ဒါဆို သောက်ကြတော့မလား သောက်မယ်ဆိုရင်အဝတ်ရေစိုတွေ လဲပြီးတာနဲ့ ပြင်ဆင်လိုက်တော့မယ်"

အောင်ခန့်က အဝတ်ရေစိုများလဲဝတ်ပြီး ထမင်းစားပွဲဝိုင်းကိုချကာ အရက်ပုလင်းနှင့်အမြည်းထုတ်များကို ချပေးသည်။ "အားလူးကြော်နဲ့ မြေပဲကြော်အိတ်တွေဖောက်ထား ငါပန်းကန်တွေသွားယူလိုက်ဦးမယ်"

အောင်ခန့် မီးဖိုခန်းထဲမှာထားသော ထမင်းဟင်း ပန်းကန်များယူရန်ထသွားသည်။

"ဟာ ကျော်သိန်း လာပါဦးကွ"

"ဘာဖြစ်တာလဲ လန့်လိုက်တာကွာ"

"ဝက်သားဟင်းအိုးထဲမှရော ကြက်သားဟင်းအိုး ထဲမှာရော တစ်ဖတ်မှမရှိတော့ဘူး"

"ငါတို့စားပြီးတော့ ဟင်းတစ်မျိုးကို တစ်ပန်းကန်စာလောက်ကျန်သေးတယ်မဟုတ်လား ခွေးလည်း မတက်ပါဘူး မင်းအရက်သွားဝယ်နေတုန်း ငါစားလိုက်တယ်လို့တော့ မထင်ပါဘူးနော်"

"ဟာ သောက်ကောင် ထင်မလား မင်းတစ်ယောက်တည်း စားလို့ ဘယ်လိုကုန်မှာလဲ"

"ဒါဆို .....ကြောင်လည်းမရှိဘူး ခွေးလည်းမတက်ဘူး ...ရင်.....ဖြစ်နိုင်တာ တစ်ခုပဲရှိတယ်"

"ဘာဖြစ်နိုင်တာလဲ ကျော်သိန်း"

"သ.....သရဲတက်စားသွားတာဖြစ်မယ်ထင်တယ်"

"ဟုတ်ပါ့မလားကွ မင်းတစ်ယောက်လုံးကျန်ခဲ့တာ ...အသံ ခွက်သံမကြားဘူးလား"

"မကြားဘူး သရဲက အသံမထွက်အောင် ဖွင့်ပြီး ...းမှာပေါ့"

"ဒို့ကိုများ လာခြောက်ဦးမလားမသိဘူး"

"လာကွာ.....ပန်းကန်တစ်ချပ်ယူခဲ့ အားလူးကြော်နှစ် ...တ်၊ မြေပဲကြော်နှစ်ထုတ်နဲ့ပဲ အမြည်းလုပ်ကြတာပေါ့"

သို့ဖြင့် နှစ်ယောက်သား အိမ်ရှေ့ထွက်လာပြီး အရက် ...င်သောက်ကြတော့သည်။

အရက်သောက်နေပေမယ့် သရဲဘယ်က ထွက်လာ ...ည်လဲဟူသော စိုးရိမ်စိတ်နှင့် ရှေ့မလုံ နောက်မလုံ ဖြစ်နေ ...သည်။

"ကျော်သိန်း မင်းခေါင်းက အငြိမ်မနေပါလား"

"မင်းတို့အိမ်မှာ သရဲရှိတာသိနေလို့ ကျောမလုံဖြစ် ...တာပေါ့။ ဒီညအိပ်ရမှာတောင် ခက်လန့်လန့်ပဲ"

"အခုအချိန်ထိ ဘာသံမှမကြားဟာ သရဲအိမ်မှာမရှိလို့ ...ကွ ဟင်းနံ့ရလို့ အပြင်ကလာပြီး စားသွားတာဖြစ်နိုင် တယ်"

"နောက်ညတွေ ငါလာမအိပ်တော့ဘူး အေးမောင် ဖြစ်

ဖြစ် ကံလှဖြစ်ဖြစ်ခေါ်အိပ်"

"ငါကတော့ မင်းလောက် မကြောက်ပါဘူး ဘယ်သူမှ ခေါ်မရလည်း ငါတစ်ယောက်ထဲပဲ အိပ်မယ်။ ငဲ့ညီကိုခေါ်လို့ ရရင် ငဲ့ညီနဲ့ အိပ်မယ်"

ရှစ်နာရီခန့်ဆိုပြီး မိုးကဖွဲဖွဲလေးသာရွာတော့သည်။ အရက်တစ်ပုလင်းမကုန်သေးသော်လည်း အမြည်းအားလုံး ကုန်သွားပြီ။

"ငါဓါတ်မီးရှာပြီး အမြည်းလုပ်လို့ရတာ ရှာဝယ်ဦးမယ် မင်းနေရဲတယ်မဟုတ်လား"

"အိမ်ပေါ်မှာ စားစရာအညှိအဟောက်မရှိဘူးဆိုတော့ နေရဲပါတယ် မင်းတို့နားသည်နားပဲ ရှာကြည့်ဝေးမယ် ထင်ရင် မသွားပဲ ပြန်ခဲ့ကွာ၊ အမြည်းရှာမရရင် ခဏနေအိပ်ကြတာပေါ့"

"ငါက .....အရင်အိမ်မှာ ဆယ့်တစ်နာရီမကျော်မချင်း အိပ်တာမဟုတ်ဘူး အမြည်းရအောင်ရှာဝယ်မယ် ဆေးလိပ် လည်းကုန်တော့မယ်မရ..ရအောင်ရှာဝယ်မယ်တံခါးကို စေ့ထား"

အောင်ခန့်က ဓါတ်မီးယူပြီး တံခါးဖွင့်ကာ အိမ်ရှေ့က ပြင်သို့ထွက်လိုက်သည်။

"ဟာ.....ခေါင်းရင်းဘက်လမ်းထောင့်က ခြံစပ်မှာ ဈေး ဆိုင်တစ်ဆိုင်ရှိတယ်ကွ ဆိုင်မပိတ်သေးဘူး ကွမ်းယာဆိုင်ဖြစ်

ယ်"

"ဒါဆို အမြည်းလုပ်လို့ရမယ် တာ ရှာဝယ်ခဲ့ ဆိုင် နီးနီး ာရှိတော့လည်း အဆင်ပြေတာပေါ့"

အောင်ခန့် အိမ်ပေါ်ကဆင်းသွားသဖြင့် ကျော်သိန်းက ံခါးပြန်စေ့ပြီး လက်ကျန်အရက်ခွက်ကို ထိုင်သောက်နေလိုက် သည်။

အောင်ခန့်လည်း နေခင်းက အိမ်ရှေ့ကားရပ်ပြီး ပစ္စည်း ျားတင်ချနေစဉ် လမ်းထောင့်နား ဆိုင်ရှိနေသည်ကို မမြင်ခဲ့။

အမှတ်တမဲ့နှင့်သတိမထားမိခဲ့ခြင်းဖြစ်သည်။ ဝယ်စရာ ကိစ္စလည်းမပေါ်ခဲ့သဖြင့် ဆိုင်တစ်ဆိုင်လုံး မိမိငှားထားသော ခြံနှင့် လမ်းအကျော်ခြံထောင့်မှာရှိသည်ကို မမြင်မိခြင်းဖြစ်နိုင် သည်။

ယခုကဲ့သို့ ကွမ်းယာဆိုင် အိမ်အနီးနားမှာရှိသည်ဆို လျှင် အသေးအမွှားဝယ်စရာရှိလျှင် အဝေးသွားစရာမလို၊ မီးခြစ်၊ ဖယောင်းတိုင် ဆေးလိပ်ဆိုသည်က မကြာခဏဝယ်ကုန်များဖြစ် သည်။ သည်လိုပစ္စည်းမျိုးကို ကွမ်းယာဆိုင်များမှာ အလွယ် တကူ ဝယ်၍ရသည်မဟုတ်ပါလား.....။

ကျေနပ်သည့်စိတ်နှင့် ကွမ်းယာဆိုင်သို့ ရောက်သွား သည်။ ဆိုင်ထဲမှာ အသက်သုံးဆယ်ခန့် အမျိုးသားတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။

ကွမ်းယာဆိုင်မှာ .....မုန့်မျိုးစုံ ချိတ်ဆွဲထားသည်ကိုတွေ့ရသဖြင့် .....လိုချင်တာ ရွေးရှာလိုက်သည်။ အားလူးကြော်၊ တော်ကြီးပဲကြော်၊ ဇီးသီးထုပ်နှစ်ထုပ်စီဝယ်လိုက်သည်။

"ဆေးပေါ့လိပ် ဂျိုးသိန်းရှိလားအစ်ကိုကြီး"

"ကုန်သွားပြီ"

"ဒါဆို ဘယ်ဆေးလိပ်ရမလဲ"

"ဆေးလိပ်ကုန်နေပြီ"

"စီးကရက်ရှိလား"

"ကုန်ပြီ"

ဆေးလိပ်မှန်သမျှ ဘာမှမရတော့၊ ကွမ်းယာမစားကြသဖြင့် ကွမ်းယာမဝယ်ဖြစ်၊ သို့သော် အမြည်းအတွက် ရသမျှနှင့် ကျေနပ်ပြီး ကျသင့်ငွေ တစ်ထောင်ပေးကာ အိမ်ပြန်လာခဲ့သည်။

ဆေးလိပ်က နှစ်လိပ်ကျန်သေးသဖြင့် တစ်ယောက်တစ်လိပ်ကို ခွဲတာသောက်လျှင် ရနိုင်သည်ဟု စိတ်ပိုင်းဖြတ်ပြီး အခြားဆိုင်မှာ သွားဝယ်ရန် မစဉ်းစားတော့ပဲ ပြန်လာခဲ့ခြင်းဖြစ်သည်။

အသွားအပြန်မှ ဆယ်မိနစ်ခန့်ပင်ကြာသည်။

အောင်ခန့်၏ခြေသံကြားသဖြင့် ကျော်သိန်းက တံခါး

ဖွင့်ပေးပြီး အထုပ်များကို လှမ်းယူလိုက်သည်။

"ဆိုင်မှာ ဆေးလိပ်ဆိုလို့ ဘာမှမရခဲ့ဘူး၊ အမြည်းအတွက်လည်း ကံကောင်းလို့ရခဲ့တာ.....ဆိုင်က အဖြစ်ရောင်းနေတာ.....ပြုတ်တော့မယ်နဲ့ တူပါတယ်"

"ဆေးလိပ်က တစ်ယောက်တစ်လိပ်ရှိသေးတယ် ခွဲဘာပြီး သောက်ကြတာပေါ့....."

အောင်ခန့်က အိမ်ရှေ့တံခါးကို တံခါးဂျက်များထိုးလိုက်သည်။

အိမ်ပေါ်မှာ မီးချောင်းတစ်ချောင်းဆင်ထားသည်။ မီးအလင်းရောင် ကောင်းစွာရရှိနေသဖြင့် ကျော်သိန်း အမြည်းလုပ်ရန် အားလူးကြော်များ ပန်းကန်ထဲဖောက်ထည့်နေသည်ကို အောင်ခန့်အမှတ်မဲ့ကြည့်လိုက်မိသည်။

"ဟာ ဟော့ကောင် ကျော်သိန်း မင်းလက်ထဲက အာလူးကြော် အထုပ်တွေကိုကြည့်လိုက်စမ်း"

"ဟာ မှိုတွေတက်နေပါလား ဘုရား ဘုရား မူးမူးနဲ့ တားမိရင်တော့ အခက်ပဲ နေဦး ကျန်တဲ့အထုပ်တွေ ကြည့်ဦးမယ်"

"ဟာ အကုန်လုံး အမှိုက်ပုံက ကောက်လာတာကမှ သန့်ဦးမယ် မှိုတက်တွေကြီးပဲ"

"လာကွာ ဒီအထုပ်တွေယူပြီး သွားပြန်ပေးမယ် အစားရရင် ပြန်ယူမယ် မရရင် ပိုက်ဆံပြန်တောင်းမယ်"

"အားနာဖို့ကောင်းပါတယ် ကျော်သိန်းရာ. ပိုက်ဆံလည်း ပြန်မတောင်းတော့ပါဘူး ထားလိုက်တော့"

"ပိုက်ဆံမတောင်းချင်လည်း ဆိုင်ရှင်သိအောင်သွားပြမယ် ထကွာ ဒီအထုပ်တွေ ငါကိုင်ခဲ့မယ် မင်းရှေ့ကသွား"

အရက်မူးနေသော ကျော်သိန်းက ရစ်နေသဖြင့် အောင်ခန့်လည်း ကျော်သိန်းကျေနပ်အောင် အိမ်တံခါးဖွင့်ပြီး အပြင်ထွက်လိုက်သည်။

"တော့ကောင် ကျော်သိန်း ဟိုဆိုင်ပိတ်သွားပြီ မီးမရှိတော့ဘူး"

"အဲဒီဆိုင်နောက်က အိမ်ကဖွင့်တာဖြစ်မှာပေါ့ လှမ်းအော်ပြီးပြောမယ်ကွာ"

"ဟာ လမ်းဘေးကဆိုင်ကို လမ်းတွင်းထဲက ထွက်ပြီးဖွင့်တာလည်းဖြစ်နိုင်တာပဲမနက် သူ့ဆိုင်ဖွင့်မှသွားပြပြီး အစားတောင်းမယ်"

"တောက်.....နည်းနည်းနောက်ကျသွားတယ် နေဦး ဆိုင်ကအခုမှပိတ်တာဖြစ်မှာပေါ့ ဆိုင်နားမှာ လူရှိချင်ရှိနိုင် တယ် ပေးစမ်းမင်းဓါတ်မီး"

ကျော်သိန်းက ဓါတ်မီးကိုလှမ်းယူလိုက်ပြီး သရက်ပင်နှစ်ပင်ကြားမှ အိမ်ပေါ်ကလှမ်းမြင်ရသော ကွမ်းယာဆိုင်ကို မီးထိုးကြည့်လိုက်သည်။

"ဟင် .....ဆိုင်က ဘယ်နားမှာလဲ"

"လမ်းဟိုဘက်ကခြံထောင့်မှာလေ လမ်းဘေး ထောင့် မှာ"

"ဘာဆိုင်မှ မရှိဘူး အမှိုက်ပုံလိုလိုမြင်ရတယ်"

"မင်းမူးနေပြီမဟုတ်လား စိတ်လျှော့လိုက်တော့လာ အိမ်ထဲဝင်"

အောင်ခန့်က လက်ဆွဲပြီး ဝင်ခိုင်းသည့်အတွက် မကျေမနပ်နှင့် အိမ်ထဲပြန်ဝင်ခဲ့သည်။

"ဆိုင်ရှိလို့သာ ငါ့ဒါတွေဝယ်ခဲ့တာပေါ့"

"ဆိုင်တော့မတွေ့ဘူး အမှိုက်ပုံပဲတွေ့တယ် မင်း မူးမူးနဲ့ အမှိုက်ပုံက ကောက်လာတာမဟုတ်လား"

"တော့ကောင် မမူးသေးလို့ လမ်းလျှောက်တာလည်း ခြေလှမ်းမမှားသေးဘူး၊ စကားပြောတာတောင် အာလေးလျှာလေးမဖြစ်သေးဘူး မင်းရော မူးနေပြီလား"

"ငါလည်း .....မမူးသေးဘူး"

"မင်းလည်း မမူး ငါလည်းမမူးမှတော့ မဟုတ်တာတွေလျှောက်လုပ်ပါ့မလား မနက်မှ အဲဒီဆိုင်ရှင်ကို သွားပစ္စည်းတွေသွားပြမယ်"

"အခု.....ကျန်တဲ့ပုလင်း ဆက်သောက်ဦးမလား"

"အမြည်းမရှိလည်း ရေမျှားများရောပြီး အချိန် ဖြန်းကြတာပေါ့ အိပ်ချင်တဲ့ အချိန်အိပ်မယ်"

သို့ဖြင့် ဒုတိယအရက်ပုလင်းကို ဖွင့်ပြီး ဆက်၍သောက်နေလိုက်သည်။ ညဆယ်တစ်နာရီခန့်အရောက်

ကျွီ.....ဂျွတ်.....ဂျွတ်.....ဝုန်း.....

အိမ်ရှေ့လှေကားပေါ် ခြေသံခပ်ပြင်းပြင်းတက်လာသည့်အသံမျိုးကြားလိုက်သည်။

တစ်ဆက်တည်း အိမ်ပေါ်ခုန်တက်လိုက်သည့် အသံနှင့်အတူအိမ်ပါသိမ့်ကနဲ လှုပ်သွားသည်ကိုပါ သိလိုက်သည်။

"ဟာ.....အိမ်ပေါ်ကို .....သ.......သရဲ ခုန်တက်တယ်နဲ့ တူတယ်"

"အေးကွာ.....တင်းတွေခိုးစားသွားတဲ့ သရဲ ရောက်လာတာဖြစ်မယ်"

"ဂလိုး.....ဂွမ်း.....ဒုန်း"

"ဟာ.....မီးဖိုထဲရောက်သွားပြီး"

"အိမ်ထဲမှာဘာတင်းမှမရှိလို့ အိုးတွေလှန့်ပစ်တာ လားမသိဘူး"

မီးဖိုခန်းဘက်ကျောပေးထိုင်နေသော ကျော်သိန်းက အောင်ခန့်ထိုင်ရာအနီးတိုးကပ်သွားပြီး မီးဖိုဖက်သို့ လှည့်ကြည့်နေသည်။ "ဟာ .....မဲမဲအကောင်ကြီး"

မီးဖိုအခန်းဝမှာ ရိပ်ကနဲဖြတ်သွားသော အကောင်ကြီးကို နှစ်ယောက်လုံးမြင်လိုက်သည်။

"ဒုန်း ..... ဂွမ်း"

ဝုန်း

အိုးသံ ခွက်သံများကြားပြီး ရေကပြင်မှာနေ၍ အောက်သို့ ခုန်ချလိုက်သည့်အသံမျိုး ကျယ်လောင်စွာကြားလိုက်သည်။

ဗွမ်း ..... ဗွမ်း.....ဗွမ်း

တစ်ညနေလုံးမိုးရွာထားသဖြင့် မြို့ထဲမှာ ရေကတစ်ထွာတစ်မိုက်ခန့်တင်နေသည့်အတွက် သရဲလျှောက်သွားသော ခြေသံကိုအတိုင်းသားကြားလိုက်ကြသည်။

ရေထဲလျှောက်သွားသောခြေသံက အိမ်ရှေ့ဘက်သို့ထွက်သွားပြီး အသံပျောက်သွားသည်။

"ကဲ သရဲတော့ လမ်းပေါ်ရောက်သွားပြီ အပေါ့အပါးသွားပြီး အိပ်ကြမယ်ကွာ"

"အေးအိပ်ကြမယ် ပုလင်းတွေ ပန်းကန်တွေဒီအတိုင်းထားလိုက် မနက်ကျမှ သိမ်းတော့မယ်"

နှစ်ယောက်သား မကြာခင်မှာပဲ အိပ်ယာပြင်ပြီး အိပ်ကြတော့သည်။

တစ်ယောက်အိပ်ဇခြင်ထောင်ကို ကျော်သိန်းအတွက်

ထောင်ပေးပြီး သူလည်း ခြင်ထောင်တစ်လုံးထောင်ကာ အိပ်လိုက်သည်။အိပ်ယာထဲဝင်ပြီး အိပ်မပျော်သေးသည့်အချိန် ကွမ်းယာ ဆိုင်က ဝယ်လာသော အားလူးကြော်အမြည်းထုပ်များကိုမြင် ယောင်ကာ မျက်လုံးပြူးကျယ်သွားသည်။

"ဒီလူ.....မှိုတက်တွေကို လူတော်တော်များများကို ရောင်းပြီးပြီလားမသိဘူး စားမိကုန်ရင်တော့ ရောဂါမျိုးစုံ ရကုန်တော့မှာပဲ လူကြီးဆိုအကြောင်းမဟုတ် ကလေးတွေကို ရောင်းလိုက်ရင် မှိုတက်မှန်း ပုပ်သိုးမှန်းသိကြတာမဟုတ်ဘူး ဝယ်ပြီးရင်စားကြမှာပဲ"

အိပ်နေရင်းက စိတ်ထဲမကျေမနပ်ဖြစ်လာသည်။ ထို့ကြောင့် ဆက်၍မအိပ်ပဲ အားလူးကြော် တောင်ကြီးပဲကြော်ဇီးထုပ်များကို သိမ်းကြုံးယူပြီး တံခါးဖွင့်ကာ အိမ်အောက် ဆင်းခဲ့သည်။ထူးထူးခြားခြား ညဥ့်နက်သန်းကောင်မှာ အရာရာ လင်းထိန်နေသည်။ သူ့လက်ထဲမှာလည်း ဓါတ်မီးမပါပေမယ့် ခပ်လှမ်းလှမ်းအထိ မြင်နေရသည်။

သူအိမ်ပေါ်ကဆင်းကတည်းက ရွာဇနေသောမိုးကလည်းတိတ်သွားသည်။ လမ်းမပေါ်ရောက်လာခဲ့သည်။ ခေါင်းရင်းဘက်လမ်းအကျော်ကကွမ်းယာဆိုင်စီလမ်းလျှောက်ခဲ့သည်။

"ဟင်.....ကွမ်းယာဆိုင်မရှိတော့ဘူး အမှိုက်ပုံတစ်ပုံ ပါလား"

"ဟီး .....ဟီး.....ဟီး .....ငို့.....ဆီကို လာတာလား"

ရုတ်တရက် အမှိုက်ပုံပေါ်မှာ ရာဝင်အိုးခန့် အမွေးအမှင်မည်းမည်းနှင့်အကောင်ကြီးတစ်ကောင်ထိုင်လျှက်ပေါ်လာ သည်။

သူ့လက်ကြီးဆန့်တန်းပြီး အောင်ခန့်ကို စကားလှမ်းပြောသည်။

"မင်းလက်ထဲက အထုပ်တွေလာပြန်ပေးတာလား ငါ့အမှိုက်ပုံက ကောက်ပေးလိုက်တာ မလိုချင် ထားခဲ့လေ .....ဟီး .....ဟီး.....ဟီး"

အောင်ခန့်လည်း တစ္ဆေကောင်ကြီးကို မြင်ပြီး ကြက်သေ သေနေသည်။ ရှေ့လည်းမတိုးဖြစ် နောက်ကြောင်းလည်း ပြန်မလှည့်နိုင် ခြေလက်များ လှုပ်မရသလိုဖြစ်ပြီးရပ်နေမိသည်။

"ဟီး.....ဟီး.....ဟီး.....မင်းကြောက်နေပြီမဟုတ်လား မင်းလက်ထဲက အထုပ်တွေ အမှိုက်ပုံမှာ ပစ်ထားခဲ့လေ လာပါ မကြောက်ပါနဲ့ လာပါကွာ ဟားဟား"

ထိုအခါမှ အောင်ခန့်အသိဝင်လာပြီး လက်ထဲက အထုပ်များကို အမှိုက်ပုံသို့ လှမ်းပစ်လိုက်သည်။

လက်များလှုပ်ရှား၍ရသဖြင့် အထုပ်များကို ပစ်ချပြီး နောက်ကြောင်းလှည့်ပြန်ရန်ပြင်လိုက်စဉ်–

"ငါ့.....ကို .....ကူညီလို့ရရင် ကူညီပါ.....ငါ့အကူအညီ

လိုနေတယ် ငါ့ကို ကူညီပေးပါ”

အောင်ခန့်လည်း ခြေလက်များလှုပ်ရှား၍ရသည်နှင့် နောက်ဘက်လှည့်ပြီး အိမ်သို့ ခြေကုန်သုတ်လာခဲ့သည်။

တစ္ဆေကြီးပြောလိုက်သော စကားသံများက သူ့နားထဲ အတိုင်းသားဝင်လာသည်။

အိမ်ခြံထဲ လှမ်းဝင်ပြီး အိမ်ပေါ်တက်လိုက်သည်နှင့်ပတ် ဝန်းကျင်တစ်ခုလုံး နေ့အလင်းရောင်ကဲ့သို့ လင်းထိန်နေရာက မှုန်ညှင်းနက်သန်းကောင်အရောင်သို့ ချက်ချင်းပြောင်းလဲသွား သည်။အမှောင်ထုကို ကြောက်လန့်ပြီး အောင်ခန့်တံခါးအမြန် ပိတ်ကာ အိပ်ယာထဲ ပြေးဝင်ခဲ့သည်။

ဝုန်း ......ဒုန်း

“ဟေ့ အောင်ခန့်.....အောင်ခန့်.....ဘာဖြစ်နေတာလဲ ဘီလူးစီးနေတာလား”

ကျော်သိန်းက ကြမ်းပြင်ကိုပုတ်ခတ်ပြီး နိုးနေသဖြင့် အောင်ခန့် အိပ်ပျော်နေရာက နိုးသွားသည်။

“ဘာဖြစ်နေတာလဲ ငြီးသံလိုလို.....လှုပ်ရှားရုန်းကန် သလို ကြားလို့ ကြမ်းပုတ်ပြီး နှိုးလိုက်တာ”

“ငါ အိပ်မက် မက်နေတာ.....ငါအကြော်ထုပ်တွေယူပြီး ကွမ်းယာဆိုင်သွားပြန်ပို့တာ ဆိုင်မတွေ့ဘဲ အမှိုက်ပုံကြီးတွေ့

တယ် အမှိုက်ပုံပေါ်မှာ သရဲကြီးတစ်ကောင်နဲ့တိုးပြီးငါ့ကို သရဲ ကြီးက မခြောက်မလှန့်ပဲ စကားပြောတယ်”

“အကြော်ထုပ်တွေကို အမှိုက်ပုံမှာပစ်ခိုင်းတာနဲ့ ပစ်ချ ပြီးပြန်လှည့်အလာမှာ ငါ့ကိုကူညီပါ ငါ့ကိုကူညီပါလို့ ပြောရင်း အမှိုက်ပုံမှာ သရဲကြီးကျန်ခဲ့တယ် ငါလည်းကြောက် ကြောက်နဲ့ အိမ်ပေါ်ပြန်တက်ပြေးလာခဲ့တာပဲ”

“သိပါဘူး မင်းကိုသရဲစီးနေတာလားလို့ မင်းစိတ်စွဲပြီး အိပ်လို့ သရဲအကြောင်း မက်တာပဲ အိပ်ပျော်အောင် အိပ်တွာ အကြော်ကိစ္စမနက်ဆိုင်ဖွင့်မှာ သွားရှင်းကြမယ်”

သို့ဖြင့် မကြာခင်မှာပင် နှစ်ယောက်လုံးပြန်အိပ်ပျော် သွားကြတော့သည်။

× × ×

“ဟာ.....ဘယ်လိုလဲ”

နှစ်ယောက်သား အိပ်ယာကနိုးတော့ မနက်ရှစ်နာရီ ကျော်ပြီ၊ မျက်နှာသစ်ပြီး လက်ဘက်ရည်ဆိုင်ထွက်မည်ဟုဆို ကာ အားလူးကြော်အထုပ်များပါ တစ်ခါတည်း ကွမ်းယာဆိုင်မှာ ပေးပြသွားမည်ဟု ဆုံးဖြတ်ပြီး ယူလာခဲ့ကြသည်။

လမ်းပေါ်ရောက်တော့ သူတို့မြင်လိုက်ရသည်က ကွမ်း ယာဆိုင်နေရာမှာ အမှိုက်ပုံကိုသာတွေ့ရသည့်အတွက် ကျော်သိန်း

ပါးစပ်ကအသံထွက်သွားရခြင်းဖြစ်သည်။

"မင်းညက ဈေးဝယ်ခဲ့တဲ့ဆိုင်က တကယ်ပဲ အမှိုက်ပုံကြီးဖြစ်နေပါလား ဒါဆို သရဲဖန်ဆင်းပြီး ဈေးရောင်းလိုက်တာဖြစ်မယ်"

"ငါတို့ဈေးထွက်ဝယ်မယ်ပြောတဲ့အချိန် တစ္ဆေကောင်က ငါတို့အိမ်ပေါ်မှာရှိနေလိမ့်မယ်။ ဒို့ဆေးလိပ်နဲ့ အမြည်းထွက်ဝယ်မယ်ကြားတာနဲ့ ဈေးဆိုင်ဖန်ဆင်းပြီး လမ်းထဲကလာပစ်ထားတဲ့ ရက်လွန်အပုပ်အသိုးတွေ ရောင်းလိုက်တာပဲ"

"အေးဖြစ်နိုင်တယ် ငါညက ပေးလိုက်တဲ့ပိုက်ဆံ အမှိုက်ပုံမှာရှိသေးလား သွားကြည့်မယ်"

"ညက မင်းအိမ်မက်ကလည်း ထူးထူးဆန်းဆန်းပဲ အမှိုက်ပုံကို ရောက်သွားပြီး သရဲနဲ့တွေ့လိုက်တာလည်း ထူးဆန်းသလိုပဲ"

ကျော်သိန်းနှင့် အောင်ခန့်တို့နှစ်ယောက်အမြင်ရှိနေသည့် အမှိုက်ပုံမှာ ပိုက်ဆံတစ်ထောင်တွေ့လို တွေ့ပြားရှာနေကြသည်။

"ဟေ့.....သူငယ်တွေဘာပျောက်လို့လဲ"

"ပိုက်ဆံတစ်ထောင်တန်တစ်ရွက်ရှိမလားလို့ ရှာနေတာအဘ"

"ပိုက်ဆံတော့ရှိမလားကွ ပိုက်ဆံဆို ပုလင်းခွံတွေ

ရှာတဲ့ ကလေးတွေရသွားရောပေါ့"

"ညက.....ဒီအမှိုက်ပုံကမရှိဘူး ကွမ်းယာဆိုင်ဖြစ်နေလို့ တစ်ထောင်တန်ပေးပြီး ဝယ်လိုက်မိတယ် ဝယ်တဲ့မုန့်တွေက မှိုတက်တွေကြီးပဲအဘ ဒီမနက်အဲဒီအထုပ်တွေယူပြီး လာခဲ့တာဆိုင်မရှိဘဲ .....အမှိုက်ပုံဖြစ်နေတယ်"

"မင်းတို့ .....မှတ်ကြီးသရဲနဲ့ ဆုံလိုက်တာဖြစ်မယ် မင်းတို့ မှတ်ကြီးအကြောင်းမသိသေးဘူးလား"

"မသိဘူးအဘ ကျွန်တော်တို့က မနေ့ကမှ ဟိုအိမ်ကို ပြောင်းလာကြတာပါ"

"အဲဒီအိမ်ကို ပြောင်းလာတော့ ဘာထူးခြားသေးလဲ ကွဲ့"

"ဟာ.....အိမ်ပြောင်းပေးတဲ့သူငယ်ချင်းတွေကို ကျွေးမယ့် ဝက်သားဟင်း၊ ကြက်သားဟင်းတွေ သူငယ်ချင်းတွေ မစားသွားတာနဲ့ အတော်များများ ကျန်ခဲ့တယ်။ ညစာစားမလို့ သွားဖွင့်တော့ ဟင်းနှစ်မျိုးလုံး တစ်ဇက်မှမရှိတော့ဘူး..... နောက်ပြီး ညဆယ့်တစ်နာရီလောက် အိမ်ပေါ်တက်လာပြီးအိုးတွေ ခွက်တွေလျှောက်ပစ်တယ်"

'သူစိတ်ကြိုက်လုပ်ပြီး အိမ်ပေါ်က ခုန်ဆင်းသွားတာပဲ"

"အေး .....ငါ့တူတို့ငှားနေတဲ့အိမ်ကို အစောဆုံးငှားနေကြတာ မှတ်ကြီးတို့မိသားစုပဲ မှတ်ကြီးက ဒီခြံထောင့်မှာ ကွမ်း

ယာဆိုင်လေးဖွင့်ပြီးရောင်းနေတယ်.....

"လွန်ခဲ့တဲ့ ငါးလလောက်က (၃၉)ကားကြီးဂိတ်မှာ ရန်ပွဲဖြစ်ဘယ် ကွမ်းယာပစ္စည်းတွေ ဝယ်ပြီးပြန်လာတဲ့မှတ်ကြီးက ကားဂိတ်ဆင်းပြီး အိမ်တန်းမပြန်ဘဲ ရန်ပွဲကို သွားစပ်စုပြီးကြည့်တယ်"

"ဓါးကိုင်ရမ်းကားနေတဲ့အကောင်က ဓါးနဲ့ မြင်မြင်သမျှ ထိုးရင်း ထွက်ပြေးတာ မှတ်ကြီးကိုပါ တစ်ချက်ဓါးနဲ့တွက်သွားတယ်"

"ချက်ကောင်းထိုးမိသွားပြီး အဲဒီဒဏ်ရာနဲ့ သေသွားတာပဲ သူသေသွားတော့ ကွမ်းယာဆိုင်လည်း ပျက်စီးပြီး အမှိုက်ပုံဖြစ်သွားတယ် ဒီနေရာက အဲဒီအချိန်ကတည်းက အမှိုက်ပုံဖြစ်သွားတာ"

"အစိမ်းသေဆိုတော့ ဒီနေရာမှာလည်းခြောက်တယ် အိမ်မှာလည်းခြောက်တာပဲ..... နှစ်လ သုံးလလောက်အထိ ဆက်နေပြီးသူ့မိသားစုလည်း သရဲခြောက်မခံနိုင်လို့ အိမ်ကိုအပ်ပြီး လှိုင်သာယာပြောင်းသွားတယ်လို့ကြားတာပဲ"

"အဲဒီလူတွေဆင်းသွားတော့ ကျွန်တော်တို့ကို ဆက်ငှားတာပေါ့ဟုတ်လား"

"မဟုတ်သေးဘူး ..... ငါ့တူတို့နဲ့ အဲဒီမှတ်ကြီးတို့ မိသား

စုကြားမှာ တစ်ဦးပြောင်း ငှားကြသေးတယ် .....တစ်လလောက်ပဲနေပြီး သရဲခြောက်တယ်ဆိုပြီး ပြောင်းသွားကြတယ်လို့ ဦးလေးလည်းကြားတာပဲ"

"ဦးလေးက ဘယ်မှာနေတာလဲ"

"မင်းတို့နောက်ကြောပေးထားတဲ့ အိမ်ဟာ ဦးလေးတို့အိမ်ပဲ..... ဦးလေးက မနက်လမ်းလျှောက်နေကြ၊ ဒီနေ့ မိုးမရွာတာနဲ့ လမ်းလျှောက်ပြီး ပြန်လာတာ"

"ညက ဒီအမှိုက်ပုံပေါ်မှာ သရဲကြီးနဲ့ ဆုံလိုက်တယ် သရဲကြီးက ကျွန်တော်ကို မခြောက်မလှန့်ပဲ ကူညီပေးပါလို့ပြောတယ် ငါ့ကိုကူညီလိုရင် ကူညီပါလို့ ခဏခဏပြောတယ်"

"ငါ့တူ သရဲနဲ့ တွေ့တာ မကြောက်ဘူးလား"

"တကယ်တွေ့ရင်တော့ ကြောက်တာပေါ့ ညက သေသေချာချာတွေ့တာက ကွမ်းယာဆိုင်ပေါ်မှာ ဈေးရောင်းနေတာ ညရှစ်နာရီခွဲလောက်ပဲရှိမယ်"

"အဲဒါတော့ လူအတိုင်းတွေ့လိုက်တာ၊ သရဲကတော့ အိပ်မက်ထဲမှာဆုံလိုက်တာ အိပ်မက်ထဲမှာ ကွမ်းယာဆိုင် မဟုတ်တော့ဘဲ အစုမြင့်တဲ့ အမှိုက်ပုံပဲ အမှိုက်ပုံပေါ်မှာ သရဲကြီးက ထိုင်နေတယ် ငါ့ကိုကူညီလို့ရရင် ကူညီပါလို့ ပြောတယ်"

"ဘယ်လိုကူညီရမှာလဲ မမေးလိုက်ဘူးလား"

"ကျွန်တော်လည်း ကြောက်တာနဲ့ မမေးလိုက်မိဘူး နောက်ကြောင်းပြန်လှည့်ပြေးလာခဲ့တယ် အကူအညီပေးပါလို့ ပြောတဲ့လူအသံကို အိမ်ထဲရောက်တဲ့အထိ ကြားနေရတယ်"

"ဦးလေးအထင် ဖိုတူကို မခြောက်လှန့်ပဲ အကူအညီ တောင်းတယ်ဆိုတော့ သရဲဘဝက ကျွတ်ချင်လွတ်ချင်လို့ အလှူ အတန်းလုပ်စေချင်တာလားမသိဘူး အလှူလုပ်ပေးလို့ သူတို့ကို အမျှပေးဝေနိုင်ရင် သူတို့ကလည်း လိုလိုချင်ချင် သာဓုခေါ်ရင် သရဲဘဝက ကျွတ်လွတ်သွားနိုင်တယ်"

"ဦးလေးဆန္ဒကတော့ မင်းတို့လည်း အိမ်ပြောင်းလာ တာ အိမ်ပိုင်ဖြစ်ဖြစ်၊ အိမ်ငှားပဲဖြစ်ဖြစ် အိမ်တက်အလှူလေး တက်နိုင်သလောက်.....လုပ်လိုက်ပါလား"

"ကားဂိတ်နားမှာ ဘုန်းကြီးကျောင်းတွေလည်းရှိ တယ် ..... သုံးပါးဖြစ်ဖြစ်၊ ငါးပါးဖြစ်ဖြစ် ပင့်ပြီး အိမ်တက်မင်္ဂလာ အလှူလေးလုပ်ရင်း အမျှပေးဝေလိုက်ပေါ့"

"ကျွန်တော်.....အမေတို့နဲ့ တိုင်ပင်လိုက်မယ်အဘ အမြန်ဆုံး အလှူလေးလုပ်ပေးလိုက်မယ်"

"အေး.....အေး.....အဲ့ဒီလို လုပ်ပေးလိုက်တော့ ကိုယ့် အိမ်မှာနေရ ထိုင်ရ စိတ်သန့်သွားတာပေါ့ မကျွတ်မလွတ်သေး တဲ့ တစ္ဆေဝိညာဉ်တွေရှိရင်လည်း ကျွတ်လွတ်သွားနိုင်တာပေါ့

ကွယ်....."ဦးလေးကြီးက စကားဖြတ်ပြီး လမ်းထဲဝင်သွား သည်။ကျော်သိန်းနှင့် အောင်ခန့်တို့လည်း ပိုက်ဆံပျောက်ကို ရှာမနေတော့ဘဲ လက်ဖက်ရည်ဆိုင်ရှိရာသို့ ထွက်ခဲ့ကြသည်။

လက်ဖက်ရည်ဆိုင်မှာ ပိုက်ဆံရှင်းပြီး ဒဂုံတောင်(၁၀၆) နှင့် ဒဂုံအရှေ့ပိုင်း (၁၃၃)ရပ်ကွက်သို့ ပြေးဆွဲနေသော (ဂရ)လိုင်း ကားပေါ်တက်ကာ အောင်ခန့်မိဘများရှိရာသို့ ထွက်လာခဲ့ကြ သည်။

အောင်ခန့်လည်း သူတို့ပြောင်းရွှေ့နေထိုင်သည့် အိမ်မှာ မကျွတ်မလွတ်သေးသည့် သရဲမှတ်ကြီးအကြောင်းပြောပြလိုက် သည်။ အောင်ခန့်၏မိဘများလည်း နားလည်သဘောပေါက်ပြီး ဒဂုံတောင်သို့ လိုက်လာကြကာ အလှူလုပ်ရန် စီစဉ်တော့သည်။

ဘုန်းကြီးငါးပါးပင့်ပြီး အနီးနားအိမ်အချို့ကိုဖိတ်ကာ အိမ်တက်မင်္ဂလာအလှူနှင့်အတူ မကျွတ်မလွတ်သေးသော တစ္ဆေမှတ်ကြီးအပါအဝင် ဝေနေယျအပေါင်းတို့အား အမျှပေးဝေ ကာ သာဓုခေါ်စေလိုက်ပါသည်။

ထိုကဲ့သို့ အလှူပြုလုပ်ပြီး မှတ်ကြီးကိုပင့်ဖိတ်ကာ တရားနာစေခဲ့သဖြင့် တရားနာပြီး သာဓုခေါ်ဆိုနိုင်ကာ ကျွတ် တန်းဝင်သွားသည်လားမသိ။ အလှူလုပ်ပြီးနောက်ပိုင်း ချိုးချိုး ချွတ်ချွတ်အသံပင် မကြားရပါလေတော့။

သရဲမ မိစန်းဝေ

ဦးအောင်သာတို့မိသားစု မြိုင်သာမြို့အစွန်မှာရှိသော အောင်မင်္ဂလာတန်(၅၀)ကျ ဆန်စက်သို့ ပြောင်းရွှေ့လာကြသည်။ အောင်မင်္ဂလာဆန်စက်က ဦးသာအောင်၏မိဘများပိုင်သော ဆန်စက်ဖြစ်သည်။

ဆန်စက်မန်နေဂျာ ဦးဘဝင်း ကျန်းမာရေးမကောင်းသည့်အတွက် အလုပ်မှ အနားယူသွားစဉ် မိခင်ဖြစ်သူက ဦးအောင်သာအား ဆန်စက်ကိုလာ၍ ကူညီလုပ်ကိုင်ပေးရန် ခေါ်လိုက်ခြင်းဖြစ်သည်။

ယခင်က ဦးအောင်သာက ဆန်စက်ကို တာဝန်မယူချင်သဖြင့် ဆန်စပါးရောင်းဝယ်ရေးတာဝန်ယူပြီး ရန်ကုန်မှာ နိုင်ဖွင့်

ထားသည်။

ဆန်စက်မှ ကြိတ်ခွဲရသမျှကို ရန်ကုန်သို့ ပို့ပေးပြီး နယ်ညီဖြန့်ချိခဲ့သည်။ ခေတ်ကာလ ပြောင်းပြီး သယ်ယူပို့ဆောင်ရေး ကားလမ်းများ ပွင့်သွားသည့်အတွက် ဆန်စက်အထိ ကုန်သည်များ အဝယ်ဆင်းလာသည်။

သို့ကြောင့် ရန်ကုန်သို့ ပို့ရသော စရိတ်သက်သာသွားလို ဆန်စက်မှပင် တစ်ခါတည်း ဝယ်ရောင်းကိုလုပ်ကိုင်နိုင်သည်။

ထို့ကြောင့် ရန်ကုန်မှာ အလုပ်ပါးသွားသည့်အတွက် ဖြစ်သူ ဦးအောင်သာအား လစ်လပ်သွားသော စက်ရုံ မန်နေရာထူးပေးပြီး စက်ရုံမှာပင် အလုပ်ကြီးကြပ်ရေးရော၊ ဝယ်ရောင်းကိစ္စပါ တာဝန်ပေးထားသည်။

မိသားစုလိုက် ပြောင်းရွှေ့လာသည့်အတွက် ဦးအောင်သာ သားနှစ်ယောက်လည်း အတူလိုက်ပါလာသည်။ သားကြီးနှင့် ကြီးတို့ကတော့ ရန်ကုန်က ဦးအောင်သာ၏ဇနီးဒေါ်မြရင်၏ များထံမှာ တက္ကသိုလ်ကျောင်းတက်ရန် နေခဲ့ကြသည်။

ဦးအောင်သာတို့မှာ သားသမီးငါးယောက်ရှိသော်လည်း ကြီးနှစ်ယောက်နှင့် အငယ်နှစ်ယောက်သာ အဖက်တင်ပြီး တိယမြောက်သမီးလေးက သက်ဆိုးမရှည်ခဲ့.....

အငယ်ဆုံးကျော်မင်းက ငါးနှစ်၊ သူ့အထက်က ရှစ်နှစ်ရှိပြီး တတိယတန်းမှာ ကျောင်းတက်နေသည်။ ကျော်မင်းက ရှေ့နှစ်မှ ကျောင်းထားရမည်ဖြစ်သည်။

လူကြီးများက အလုပ်မှာအချိန်ကုန်နေချိန် ညီအစ်ကိုနှစ်ယောက်က အချိန်ရှိတိုင်း စက်ရုံဝင်းအတွင်း စပါးလှမ်းသော ကွင်းကြီးထဲမှာ စက်ဘီးကိုယ်စီနှင့် လှည့်ပတ်နင်းကာ ကစားနေကြသည်။

ဦးအောင်သာက အသက်(၅၀)ရှိပြီး ဒေါ်မြရင်က (၄၈)နှစ်ရှိကာ ဆန်စက်မှာ လင်မယားနှစ်ယောက်လုံး တာဝန်ယူထားကြသည်။

အိမ်မှာ ချက်ရေး ပြုတ်ရေးတာဝန်ကို ဆန်စက်အထမ်းသမား ကိုချက်ဇော်ဇနီး မစန်းတင်က အချိန်ပြည့် တာဝန်ယူထားသည်။ ဇော်လင်းနှင့် ကျော်မင်းတို့ ညီအစ်ကိုနှစ်ယောက်တာဝန်ကိုပါ ယူထားရသည်။

ဇော်လင်းက စက်ရုံနှင့် မဝေးသော အလယ်တန်းကျောင်းမှာ ကျောင်းတက်ရသည်။ နှစ်ချိန်ကျောင်းဖြစ်သည့်အတွက် မနက် ခုနစ်နာရီကျောင်းအရောက်သွားပြီး နေ့လည်ဆယ့်နှစ်နာရီအိမ်ပြန်ရောက်လာသည်။

နေ့လည်စာ စားသောက်ပြီးသည်နှင့် ညီအစ်ကိုနှစ်

ယောက် စက်ဘီးလေးများကိုယ်စီနှင့် အပြင်ထွက်ကြတော့သည်။

“တဲ့ ကလေးတွေ အဝေးကြီး လျှောက်မသွားကြနဲ့နော်”

“ဟုတ်ကဲ့ .....ဒေါ်လေးစန်း”

ပါးစပ်ကသာ ဟုတ်ကဲ့ပြောပေမယ့် .....မစန်းတင်ကို ကြောက်ရကောင်းမှန်းမသိ၊ ကစား၍ဝမှသာ အိမ်ပေါ်ပြန်တက်လာကြသည်။

“ကိုကို .....ဒီထဲမှာပဲ နေတိုင်းစီးရတာ ပျင်းလာပြီ မြို့ထဲလိုက်စီးကြမယ်”

“ဟာ.....မြို့ထဲစီးရင် အန္တရာယ်များတယ်၊ အေးသာယာရွာဘက်ကို လိုက်စီးကြမယ် ဆန်စက်နဲ့ ရွာနည်းနည်း ဝေးတယ်အသွားအလာလည်းနည်းတယ်၊ ရွာဘက်သွားတဲ့ လမ်းအတိုင်း လျှောက်စီးကြမယ်”

ကျော်မင်းက ကလေးစီးစက်ဘီးဆိုသော်လည်း သူနှင့် အနည်းငယ်ကြီးသော အရွယ်မှသာ အဆင်ပြေပြေစီးနိုင်သည့် စက်ဘီးမျိုးမို့ ထိုင်စီး၍မရပဲ ခြေထောက်ရပ်လျက်စီးရသည်။

ဇော်လင်းကတော့ သူ့အရွယ်နှင့်အကိုက်ဖြစ်သဖြင့် ထိုင်၍စီးသည်။ အငယ်ကောင်က လူသာငယ်ပေမင့် စက်ဘီးစီးကျွမ်း

ကျင်သည်။

ရှေ့ကနင်းသွားသောအစ်ကိုကို မီအောင်လိုက်နင်းနိုင်သည်။ သူတို့ ဆန်စက်ဝင်းအတွင်းက ထွက်လာတော့ သုံးနာရီခွဲကျော်ပြီ။

ရွာဘက်သွားသောလမ်းက လူသွားလမ်းနှင့် လှည်းလမ်းသာဖြစ်၍ လမ်းကြမ်းသည်။ လူသွားလမ်းမြောင်မြောင်လေးပေါ်မှသာ စီး၍ရသည်။ လှည်းလမ်းက ချိုင့်ခွက်များဖြစ်ပေါ်နေသည့်အတွက် စက်ဘီးနင်း၍မရ။

ညီအစ်ကိုနှစ်ယောက် စက်ရုံဝင်းမှထွက်ပြီး အေးသာယာရွာသို့ သွားသည့်လမ်းပေါ်မှာ စက်ဘီးကို သတိထားပြီး နင်းလာကြသည်။

"ဟေ့.....ဟေ့ ကလေးတွေ ဘယ်သွားမလို့လဲ"

"အေးသာယာရွာဘက် စက်ဘီးလျှောက်စီးမလို့"

"ဟာ....,မစီးနဲ့ လူကြီးမပါဘဲ အဲ့ဒီဘက်မသွားနဲ့ သရဲမကြီး မင်းတို့ကို လိုက်ဆွဲလိမ့်မယ်"

စိုးရိမ်တကြီး လှမ်းပြောနေသော ဦးလေးကြီးက နောက်မှာကျန်ခဲ့သည်။

"ဟာ ဒီကလေးတွေတော့ သရဲမနဲ့တွေ့တော့မှာပဲ"

ထိုလူကြီးမှတ်ချက်စကားကို ဇော်လင်းတို့ညီအစ်ကို

ကြားလိုက်။

"ကိုကို .....ခုကဦးလေးကြီးက သရဲမကြီးအဆွဲခံရမယ်လို့ ပြောတယ် ပြန်လှည့်ကြမလား"

"မဖြစ်နိုင်တာပဲညီညီရာ သရဲဆိုတာ ညဘက်မှ ချောက်လှန့်တာ အရှုံးမနဲ့တော့ တိုးချင်တိုးလိမ့်မယ် နေ့ခင်းဘက်ကြီး သရဲနဲ့တိုးမှာလား ကိုကိုတော့ မယုံဘူး"

"ဒါဆိုလည်း ဆက်သွားကြမယ်"

ညီအစ်ကိုနှစ်ယောက် အေးသာယာရွာဘက်သို့ မှန်းပြီး လူသွားလမ်းအတိုင်း စက်ဘီးစီးလာခဲ့ကြသည်။

လမ်းဘေးမှာ ကုက္ကိုပင်၊ မအူပင်၊ ဇီးချုံပင်များ အစီအရီပေါက်နေသဖြင့် ညနေစောင်းကျနေကို ကာကွယ်ပေးထားသကဲ့သို့ဖြစ်နေသည်။

တစ်လမ်းလုံး လှည်းလည်းမတွေ့၊ လူလည်းမတွေ့ ဆယ့်ငါးမိနစ်ခန့်နင်းလာတော့ တိုးဝေးဝေးမှာ အေးသာယာရွာကို.....မှိုင်းမှိုင်းညိုညိုလေး လှမ်းမြင်လိုက်သည်။

"ကိုကို.....အေးသာယာရွာက ဝေးတယ် အပြန် မှောင်လိမ့်မယ်ထင်တယ် ပြန်လှည့်ကြမလား"

"မျက်လုံးနဲ့ကြည့်ရင်ဝေးတယ်ထင်ရပေမယ့် စက်ဘီးနဲ့ဆို နာရီဝက်မနင်းရပါဘူး ရွာထဲမဝင်တော့ဘူးကွ ရွာနားနီးရင်

.....ပြန်လှည့်ကြမယ်"

"ဒီလမ်းမှာ စက်ဘီးစီးရတာမပျော်ဘူးလား၊ လူလည်း မရှောင်ရဘူး လှည်းလည်းမရှောင်ရဘူး"

ညီအစ်ကိုနှစ်ယောက် တရွေ့ရွေ့နှင့် ရွာလမ်းအတိုင်း စက်ဘီးကိုစီးလာခဲ့ကြသည်။

ဆန်စက်ဝင်းအတွင်းမှ ထွက်လာချိန် နာရီဝက်ခန့်ရှိ သွားပြီ အေးသာယာရွာသို့ ခပ်နီးနီးလှမ်းမြင်နေရပြီ

တော်ပြီ .....ညီညီရေ ရှေ့ကကုက္ကိုပင်ကြီးအောက် ခဏ ရပ်ပြီး ပြန်လှည့်ကြမယ်.....။

မကြာခင်မှာ ကုက္ကိုပင်ကြီးအောက်မှာ ခဏရပ်ပြီးနား ရန် စက်ဘီးပေါ်မှဆင်းမည်အပြု

"သားလေး.....သားလေး မေမေ့ဆီလာ"

"ဟင်.....အရူးမကြီး"

ကုက္ကိုပင်စည်ကြီးနောက်မှ ဆံပင်ဖါးလျားချထားသော အဝတ်အစားညစ်စုတ်စုတ်နှင့် အမျိုးသမီးတစ်ယောက် ထွက် လာသည်။ အသက်က သုံးဆယ်ကျော်ခန့်အရွယ် အမျိုးသမီး တစ်ယောက်ဖြစ်သည်။

"သားလေး.....သားလေး မေမေ့ဆီလာ မေမေ သားကို လာစောင့်နေတာ"

ဖော်လင်းတို့ညီအစ်ကိုနှစ်ယောက်လည်း စက်ဘီးပေါ်မှ ဆင်းမည့်အကြံကို ဖျက်ကာ စက်ဘီးပေါ်ပြန်တက်ပြီး နောက် ဘက်သို့ ပြန်လှည့်စီးလိုက်ကြသည်။

"သားလေး.....သားလေး မသွားနဲ့"

"မေမေ့ဆီလာ.....ဟီး ဟီး"

"ကိုကို ..... အရူးမကြီးက ကလေးရူးရူးနေတာလား မသိဘူးနော်"

"ဟုတ်တယ် ကိုကိုတို့ကို သူ့ကလေးမှတ်နေလား မသိဘူး"

ညီအစ်ကိုနှစ်ယောက် စကားလှမ်းပြောရင်း အပြေးနင်း ချလာသည်"

"ဟာ.....ဟာ ရှေ့က သစ်ပင်ဘေးမှာ အရူးမကြီး —ရောက်နေတယ်"

သူတို့ရှေ့ ပေငါးဆယ်ခန့်အကွာအဝေးရှိ ကုက္ကိုပင် အောက်မှာ စောစောက အမျိုးသမီးကိုတွေ့လိုက်ပြန်သည်။

"ဟာ.....အရူးမက ဘယ်လိုရှေ့ကိုရောက်နေတာလဲ"

ရှေ့ကိုသွား၍မဖြစ်တော့သည့်အတွက် စက်ဘီးကို နောက်ဘက်လှည့်ပြီး ပြန်နင်းလိုက်ရပြန်သည်။

"အရူးမကြီးက စက်ဘီးထက်မြန်အောင်ပြေးနိုင်

တယ်"

"ကိုကို တို့ကိုသူဘယ်တုန်းက ကျော်တက်သွားတာလဲ ညီညီရောသိလိုက်လား"

"မသိဘူး....."

"ဟာ.....ဟိုမှာ ဟိုမှာ ပထမစမြင်တဲ့သစ်ပင်ကြီးအောက်ရောက်နေပြန်ပြီ"

သူတို့ညီအစ်ကို စောစောက ရောက်ခဲ့သော ကုက္ကိုပင်ကြီးအောက်မှာ.....အရူးမက အရင်ရောက်နှင့်နေသည်။

"သားလေး.....မေမေစောင့်နေတယ်"

ညီအစ်ကို နှစ်ယောက်စက်ဘီးကို နောက်ဘက်ပြန်လှည့်ပြီး နင်းရပြန်သည်။

သည်တစ်ခါတော့ အရူးမက စက်ဘီးနောက်မှ သိပ်မကွာသောအနေအထားနှင့်ပါလာရင်း

"သားလေး မေမေ့ကိုထားပြီး မသွားနဲ့ မေမေဆီလာခဲ့ မေမေသားကို စောင့်နေတာ"

"ကျုပ်တို့က ခင်ဗျားသားမဟုတ်ဘူး"

ဇော်လင်းက စက်ဘီးကို ဂရုစိုက်နင်းရင်း အသံကုန်အော်ပြောလိုက်သည်။

"သား.....မသွားနဲ့ သား မေမေ့ဆီလာခဲ့"

အရူးမက နောက်ကပါလာသည်။

ဇော်မင်းတို့ညီအစ်ကိုကလည်း ကြောက်ကြောက်လန့်လန့်နှင့် စက်ဘီးကိုနင်းနိုင်သရွေ့ မြန်အောင်နင်းနေကြသည်။

"ဟီး.....ဟီး.....ငါ့သားလေး ပြန်တွေ့ပြီ"

ထိုအသံက နောက်ကလာသည်မဟုတ်ပဲ ရှေ့မှာရှိသော ပိတောက်ပင်ကြီး၏ ပင်စည်ဘေးက ပေါ်ထွက်လာသော အသံဖြစ်သည်။

"ကျွီ"

အရူးမကြီးကို ရုတ်တရက် လှမ်းမြင့်လိုက်သဖြင့် ဇော်လင်းက စက်ဘီး ဘရိတ်ကို ရုတ်တရက်ဆွဲညှစ်လိုက်သည်။

"ဘုန်း"

ထိတ်ထိတ်ပြာပြာနှင့်ဘရိတ်ညှစ်လိုက်သဖြင့် အရှိန်နှင့်လုရော စက်ဘီးပါ ပစ်လဲသွားသည်။

"ကျွီ"

"ဝုန်း"

"အား"

နောက်က ပါလာသော ကျော်မင်းလည်း အရှိန်မထိန်းနိုင်ပဲ ဇော်လင်းနှင့် စက်ဘီးကိုဝင်တိုက်ပြီး အပေါ်မှ ထပ်ကာ ပစ်လဲကျသွားသည်။

"ဟယ် .....ဖိုးသားလေး နာပါပြီ"

အရူးမကြီး သစ်ပင်အောက်မှ ထွက်ကာ ဇော်လင်းတို့ ရှိရာ ပြေးထွက်လာစဉ်

"ဟော့.....မိပန်းဝေ နောက်ဆုတ်စမ်း အဲ့ဒီ နင့်သား မဟုတ်ဘူး .....သွား .....အခုထွက်သွား"

အရူးမကြီးက ရှေ့လည်းမတိုး နောက်လည်းမဆုတ်ပဲ ရပ်နေသည်။

"ငါပြောနေတယ်.....အဲ့ဒီ နင့်သားမဟုတ်ဘူး"

"ဟုတ်တယ်.....ဖိုးသား"

"ဒီကောင်လေးတွေက မြို့သာမြို့ဘက်က လာကစား တာ နင့်သားမဟုတ်ဘူး.....နင့်သားကို တွေ့ရင် ငါခေါ်ခဲ့မယ်.... သွား.....နင်နေတဲ့နေရာကိုသွားတော့"

"တကယ်မဟုတ်ဘူးလား"

"အေး.....မဟုတ်ဘူး ငါနင့်သားကိုတွေ့ရင် နင့်ဆီခေါ် လာမယ် .....သွား .....သွားတော့"

ထိုလူစကားဆုံးသည်နှင့် ရပ်နေရာက ရုတ်တရက် ပျောက်သွားသည်။

"ဟင် .....ဘကြီး.....အဲ့ဒီ .....အဲ့ဒီ .....အရူးမကြီးမဟုတ်

ဘူးလား....."

"မဟုတ်ပါဘူးကွယ်.....သေတဲ့အထိ သားရူးရူးပြီး အစွဲ အလန်းကြီးနေတဲ့ သရဲမကြီးပါ"

"ဦးလေး .....ဒီသရဲမကြီးကို သိလား"

"အေး.....ဦးလေးသိတာပေါ့ ဒီသရဲမနာမည်က မိပန်းဝေ တဲ့....."

"နာမည်လေးက လှတယ်နော်ဦးလေးကြီး"

"အေးကွ နာမည်လှပေမယ့် သူ့ဘဝက မလှပခဲ့ပါဘူး ကွယ် နောက်ကို လူကြီးမပါဘဲ ဒီလမ်းကို ဘယ်တော့မှ မလာနဲ့ မင်းတို့အရွယ်ကလေးလာလို့ကတော့ မိပန်းဝေ သရဲမ ထွက် ထွက်ဆွဲတာကွဲ့"

"သားတို့မသိဘူး အဲ့ကြောင့် ဒီဘက်ကို စက်ဘီး အပျော် ထွက်စီးကြတာ"

"သားတို့ကို တိုရှေ့နားထိ လိုက်ပို့ပေးပါလား ဦးလေးကြီး"

"အေးအေး.....လိုက်ပို့ပေးမယ်.....ဒါနဲ့.....ကလေးတို့ကို ဦးလေးသတိပေးရဦးမယ် လူကြီးမပါဘဲ အဝေးကို လျှောက် သွားကြနဲ့ သားတို့အရွယ်တွေကို ဖမ်းခေါ်ပြီး တိုဘက်

နိုင်ငံတွေကို ရောင်းစားကြတယ်"

"သားတို့ကို ဖမ်းပြီး ဘာလုပ်ဖို့ရောင်းတာလဲ"

"လွယ်လွယ်ပြောရရင် သားတို့ တောဒီခန္ဓာကိုယ် အတွင်းမှာရှိတဲ့ အသည်းတို့ ကျောက်ကပ်တို့ နှစ်လုံးတို့ မျက်စိ တို့ကိုထုတ်ပြီး ရောင်းတာ ဟိုဘက်တိုင်းပြည်တွေမှာ အဲ့ဒီ ခန္ဓာ ကိုယ်ထဲက ကလီစာတွေကို ဝယ်တဲ့သူတွေ ပေါ်မှပေါ်တဲ့"

"အဲ့ကြောင့် ကလေးတွေကို ဖမ်းဆီး ဟိုဘက်နိုင်ငံမှာ သွားရောင်းနေကြတယ်"

"တကယ်တုတ်လို့လား"

"ဟ....ဦးလေးတို့ ကြုံခဲ့လို့ပြောတာပေါ့ ဦးလေးက တောတောက သရဲမ မပန်းဝေနဲ့ အမျိုးတော်တယ် ဦးလေးတစ် စမ်းကွဲပဲ အဲ့ကြောင့် ဦးလေးပြောစကားနားထောင်ပြီး ထွက် သွားတာ"

"အဲဒီမပန်းဝေက အခုမှ အသက်သုံးဆယ်ကျော်ပဲ ရှိသေးတယ်။ ပြီးခဲ့တဲ့နှစ်က သူ့ကလေးစိတ်နဲ့ ဆုံးသွားပြီး မကျွတ်မလွတ်တဲ့ သရဲမကြီးဖြစ်နေတာ"

"မိပန်းဝေမှာ သားဦး'သူရ'ဆိုတဲ့ ကောင်းလေးမွေး ကာ၊ ဒုတိယသမီးလေးမွေးတယ် အဲဒီသမီးလေးက မိုးဦးကျ မှာ တုတ်ကွေးဖြစ်ပြီး တစ်နှစ်ခွဲအရွယ်မှာ ဆုံးသွားတယ်"

"တတိယမြောက်သားလေး မွေးခဲ့ပြန်တယ်။ အဲ့ဒီ ချိန်မှာ သားကြီးသူရက ခုနစ်နှစ်ရှိနေပြီ တတိယမြောက်သား းကိုမွေးပြီး သုံးရက်မြောက်မှာ ဘာရောဂါပါလာလည်းမသိ ဘူးကွာ သေသွားတယ်"

"ဦးလေးတူမ မိပန်းဝေလည်း အငယ်ဆုံးသားလေး သွားလို့ စိတ်ထိခိုက်နေတဲ့အချိန် ဒုတိယတန်းရောက်နေတဲ့ း'သူရ'ကျောင်းကအပြန် ယောကျ်ားနှစ်ယောက်က ဆိုင် ယ်ပေါ်အတင်ဆွဲတင်ပြီး ထွက်သွားတဲ့အကြောင်း ကျော းလေးတစ်ယောက် အမောတကောလာပြောတယ်"

"အဲဒီကလေးလာပြောတဲ့အသံကို ....မိပန်းဝေကြား ာင်ဘယ်သူမှမလုပ်လိုက်နိုင်ဘူး၊ မီးတွင်းထဲကနေ အိမ် ာက်စာက ရွာပြင်လမ်းရောက်တဲ့အထိ ပြေးထွက်သွား ယ်"

"ငါ့သားပြန်ပေး" "ငါ့သားပြန်ပေး"

"သားရေ.....အမေလိုက်လာပြီ"

"အမျိုးမျိုးအော်ဟစ်ပြီး ပြေးလိုက်သွားတာ၊ တောတော ကိုစတွေ့တဲ့ ကုက္ကိုပင်အောက်မှာ အမောဆို့ပြီး သေသွား အိမ်ကစထွက်ကတည်းက ရူးသွားတာလား မသိပါ ာ သူကိုမြင်တဲ့လူတိုင်း သရဲမလို့မထင်ဘဲ အရူးမတစ်

ယောက်ရှိပဲ ထင်ကြတယ်”

“ဒီတူမ မိပန်းဝေဆုံးပြီး မကြာဘူး ဒို့ရွာက ကလေးတစ်ယောက် ထပ်ပျောက်သွားသေးတယ်”

“ဒါကြောင့် လူကြီးမပါပဲ အဝေးကိုလျှောက် အသွားနဲ့လို့ ဦးလေးပြောတာ”

“နောက်ကို အခုလို မသွားတော့ပါဘူး ဦးလေး ပြောတဲ့ကိုသရဲမ မပန်းဝေအဖြစ်က အတော်သနားဖို့ ကောင်းတာပဲနော်”

“ဟုတ်တယ်.....ကလေးသုံးယောက်မွေးပါတယ်၊ နှစ်ယောက်က လူ့လောကမှာနေခွင့်ရှိသလောက်နေပြီး သေသွားတယ်၊ သူ့ရဲ့လေးကတော့ ဒီနေ့အထိ ရှင်လား၊ သေလား မသိတော့ဘူး၊ သူ့အမေကတော့ သူ့သားသေပြီဆိုတဲ့ စိတ်နဲ့ ရင်ကွဲနာကျပြီး သေသွားခဲ့တာပဲ”

“ကလေးတွေ တွေ့ရင် သရဲကနေ လူယောင်ဖန်ဆင်းပြီး ထွက်ထွက်ဆွဲနေတော့တာပဲ အခုဦးလေးမြင်သာက အမြန်မင်းတို့နဲ့ကြုံလို့ ကံကောင်းသွားတာ ဦးလေးနဲ့မဆုံရင် မိပန်းဝေက မရရအောင်ဆွဲနေမှာ မင်းတို့လည်း လှည့်ပတ်ပြေးနေရမှာ တစ်ညလုံးလည်းဖြစ်ချင်ဖြစ်နိုင်တယ်”

“ဦးလေးပြောမှပဲ တကယ်ကြောက်စရာကောင်းမှန်း

သိတော့တယ် နောက်ကို ဘယ်တော့မှ ဒီဘက်ကို မလာတော့ဘူး.....” “ကဲ.....ဒီကသွားကြတော့ ဦးလေးလည်း လှည့်ပြန်တော့မယ်” လမ်းတစ်ဝက်ခန့်လိုက်ပို့ပေးသော ဦးလေးကြီးအား နှုတ်ဆက်ပြီး ဇော်လင်းတို့ ညီအစ်ကိုမြင်သာဘက်သို့ လျှင်မြန်သောနှုန်းဖြင့် စက်ဘီးကို နင်းလာခဲ့ကြတော့သည်။

အစားတစ်လုပ်၊ အသက်တစ်ချောင်း

သစ်ဆိမ့်ရွာ၊ အောက်ဝဲကြီးရွာ၊ ဖန်ခါးကုန်းရွာသ
နယ်ဝန်းကျင်မှာ ထိုသုံးရွာက နာမည်တစ်မျိုးစီနှင့် ကျော်ကြ
ခဲ့သည်။

သစ်ဆိမ့်ရွာက အိမ်ခြေသုံးရာကျော်ခန့်ရှိပြီး.....တစ်
လုံးလိုလို .....လယ်ယာအလုပ်၊ တောင်ယာအလုပ်မလုပ်ကြ
လောင်းကစားအလုပ်ကို ခုံခုံမင်မင် လုပ်ကိုင်ကြသည်။

ဖဲရိုက်သည်၊ ကြက်တိုက်သည်၊ ဂေါ်လီပစ်သည် စိမ်
သန်ရာ သန်ရာလောင်းကစားနည်းမျိုးဖြင့် စားဝတ်နေ
ဖြေရှင်းကြသည်။

လောင်းကြေးများက ရှုံးလိုက် နိုင်လိုက်ဖြင့် တစ်ရွာ
ကြီးတွေကြရသော်လည်း မည်သူမှ မမှု၊ မိမိရွာသို့ အခြား

များမှ ဖဲဝါသနာရှင်များ၊ ကြက်ဝါသနာရှင်များ ရောက်လာပြီး လောင်းကြေးထပ်ကစားကြသည်။

အဝေးမှလာသူများ ကြီးကြီးမားမား နိုင်ပြီး ပြန်သွားရသည်မရှိ။ မကျေနပ်၍ အကြိမ်ကြိမ်ငွေအထုပ်လိုက် သယ်လာပြီး လောင်းကစားသော်လည်း ရွာကငွေများကို သိမ်းယူပြီး ပြန်သွား ရလေ့မရှိ။

အနိုင်မပေး၍ အကြိမ်ကြိမ်လာ၍ကစားရင်း အရှုံးနှင့်သာ တစ်ခေါက်ပြန်သွားကြရသည်။

ထိုကဲ့သို့သော အခြေအနေကောင်းများကြောင့် သစ်ဆိမ့်ရွာ၏လောင်းကစားသံသရာက သက်ဆိုးရှည်နေရခြင်း ဖြစ် သည်။

အောက်ဝဲကြီး ရွာကတော့ ဂျပန်ခေတ်က နာမည်ဆိုးကြီး ကျန်ခဲ့၍ ယခုတိုင် ဖျက်မရအောင် နာမည်ကြီးနေတုန်းဖြစ်သည်။

ဂျပန်တွေ မြို့ရွာအနှံ့ အုပ်ချုပ်နေစဉ် အောက်ဝဲကြီးရွာ–ဝန်းကျင်အထိ အုပ်ချုပ်ရေးရောက်မလာသေး။

ရွာအပေါင်း ကျီးလန့်စာစားသကဲ့သို့ သူ့မယုံ၊ ကိုယ့်မယုံသောအချိန်ကာလလည်းဖြစ်သည်။ တောကြောင်တွေ ထကြွသောင်းကျန်းသည့်အချိန် အောက်ဝဲကြီးရွာအိမ်ခြေတစ်

ရာကျော်မှာ နေထိုင်သည့် လူများ စီးပွားရေး ပြေလည်နေကြသည်။

သောက်ကြ၊ စားကြ၊ သုံးကြ ဖြုန်းကြနှင့် .....မည်သူကိုမှ လူမထင်သော အချိန်ဖြစ်နေစဉ် တစ်ည.....အောက်ဝဲကြီးရွာကို ဂျပန်တပ်များ လာဝိုင်းတော့သည်။

အသက်နှစ်ဆယ်ကျော် ယောကျ်ားမှန်သမျှ ရွာပြင်ဖမ်းခေါ်သွားပြီး အားလုံးသတ်ပစ်လိုက်သည်။

ပြီးတော့ ဓါးပြရွာ၊ သူခိုးရွာဆိုပြီး အမည်တပ်ပေးသွားသည်။ အနီးနားရွာများရှိ ပိုက်ဆံအနည်းငယ်ရှိသူများပါ မကျန်အရပ်တကာလှည့်ပြီး ဓါးမြတိုက်နေသောအဖွဲ့ကြီးဖြစ်ကြောင်းလည်းသိလိုက်ရသည်။

ကျောင်းစုရွာမှာ ဂျပန်တပ်စိတ်ရောက်နေသည်ကိုမသိဘဲ ရွာထဲ ဓါးပြဝင်တိုက်နေစဉ် တုတ်၊ ဓါး၊ လှံနှင့် သေနတ်များသာပါသောသူတို့အဖွဲ့ကို ဂျပန်တပ်စိတ်က အလွယ်တကူဝိုင်းဖမ်းလိုက်တော့သည်။

ဂျပန်များနည်းမျိုးစုံနှင့်နှိပ်စက်ပြီးမေးတော့ တစ်ရွာ လုံးယောကျ်ားမှန်သမျှ ညရောက်သည်နှင့် ဓါးပြလုပ်ပြီး အဖွဲ့များခွဲကာ ရွာစဉ်လှည့် ဓါးပြတိုက် လုယက်နေသည့်အကြောင်း ဂျပန်များ သိသွားခဲ့သည်။

သို့ကြောင့် အောက်ဝဲကြီးရွာသို့ ဂျပန်တစ်စိတ်ရောက်လာကာ ယောကျ်ားကြီးမှန်သမျှ ရွာပြင်ခေါ်ထုတ်ပြီး သတ်ပစ်ခဲ့သည်။

ထိုအချိန်မှစပြီး အောက်ဝဲကြီးရွာ နာမည်ပျက်ကာသူခိုး ရွာ၊ ဓါးပြရွာဟု ခေါ်တွင်လာသည်။

ဂျပန်များ သတ်ပစ်ခဲ့၍ ထိုရွာမှာ ယောကျ်ားကြီးကြီးမားမားဆို၍ အိုးမင်းမစွမ်းသူများနှင့် လူငယ်ပိုင်းများသာကျန်ရစ်ခဲ့သည်။

ဂျပန်ခေတ်ပြီးဆုံးသွား၍ လွတ်လပ်ရေးရပြီးနောက်ပိုင်း အမည်ဆိုးများပျောက်သွားပြီး အောက်ဝဲကြီးရွာ နာမည်ပြန်၍ အသက်ဝင်လာခဲ့သည်။

ထိုအချိန်က အိမ်ခြေတစ်ရာခန့်ရှိရာမှ ယခုလူဦးရေတိုးပွားလာပြီး အိမ်ခြေ သုံးရာနီးပါးရှိသော ရွာဖြစ်လာသည်။ အချို့ကတော့ လူကြီးမိဘများပြောပြထားသဖြင့် သူခိုးရွာ၊ ဓါးပြရွာဆိုသော နာမည်ကို အောင်ဝဲကြီးရွာသားများပင်မက အနီးအပါးရွာများကပါ သိထားကြသည်။

အောက်ဝဲကြီးရွာသားများနှင့်ပတ်သက်မှုရှိလာလျှင်သူခိုးရွာ၊ ဓားပြရွာက ကောင်တွေဟု.....စကားအနိုင်လုပြောစမှတ်ကတော့ သည်နေ့အထိရှိနေတုန်းပင်။

ထိုသစ်ဆိမ့်ရွာ အောက်ဝဲကြီးရွာနှင့် သိမ်မဝေး
နေရာမှာ ဖန်ခါးကုန်းရွာရှိသည်။ ထိုရွာကလည်း နာမည်
တစ်ခုနှင့်ကျော်ကြားသည်။

ရွာတစ်ရွာတည်းလျှင် ဝုန်းတစ်ယောက်ပါဝမြဲဖြစ်သ
တုအဆိုရှိသည်။ ယခု ဖန်ခါးကုန်းရွာတစ်ဝက်နီးပါ ဝုန်းက
များသာဖြစ်ကြသည်။

ဝုန်းထီးထက် ဝုန်းမများက ပိုများသည်။ ဝုန်းများ
သောရွာတွေ အနီးအပါးရွာများက သိထားသဖြင့်လည်း အသွ
အလာအဆက်အဆံမရှိသလောက်ဖြစ်သည်။

မရောင်းရ မတောင်းရကြောင်းရှိသူများသာ ဝုန်ခါးကုန်း
သို့ ဝင်တွက်သွားလာကြသည်။ ဖန်ခါးကုန်းရွာသားမျ
ကလည်း မိမိတို့ရွာအပေါ် အခြားရွာများက ကင်းကင်းရှင်း
နေမှန်း သိသဖြင့် သူတို့ကလည်း အသွားအလာမလုပ်ပဲနေ
သည်။

သူတို့ရွာက လယ်ယာလုပ်ငန်းလည်း လုပ်ကိုင်
သည်။ တောင်ပေါ်တက် အခဲလိုက်သောမုဆိုးအလုပ်လည်
ယောက်ျားအများစု လုပ်ကိုင်ကြသည်။

ထိုရွာကြီးမှာ ဝုန်းထီး၊ ဝုန်းမ မည်မျှပေါသည်ကို သိ
လျှင် လမြည့် လကွယ် မိုးရွာသောရက်မှလွဲလျှင် ညဉ့်နက်ပို

ရောက်သည်နှင့် ရွာ၏အပေါ်ထက်မှာ မီးလုံးများတောင်းကင်
တက်တက်နေကြသည်ကို မြင်ကြရသည်။

ဝုန်းတောက်တားခြင်းဖြစ်သည်။ မီးလုံးက အရွယ်အမျိုး
မျိုး၊ အရောင်အမျိုးမျိုးရှိသည်။ နီနီ၊ ဝါဝါ၊ ဖြူဖြူ၊ ခပ်စိမ်းစိမ်း
အရောင်စုံဖြစ်သည်။

မောက်ကတော်၊ မောက်လုံး၊ မောက်ပြား၊ ဆယ့်နှစ်
ကြိုးကဝေပုံများ၏ ဝုန်းမီးတောက်တားမှုက သာမန်ဝုန်းများ
ထက် အရောင်ရော အရွယ်ရောသာလွန်လှသည်။

နီနီရဲရဲ အရောင်တောက်သလို မီးလုံးများကလည်း
ပိုကြီးမားကြသည်။

လမြည့် လကွယ် ဖန်ခါကုန်းရွာမှ ဝုန်းကဝေများ ဝုန်းမီး
တောက်တားသည်ကို အနီးအပါးရွာများက ထွက်ကြည့်ကြသည်။
ညသန်းခေါင်အချိန်မှ မနက်သုံးနာရီ လေးနာရီခန့်အထိ တောက်
တားကြသည်။

လူအင်အား တောင့်သဖြင့် တော်ရုံ ဆရာများကို မမှု
အရေးမစိုက်၊ သူတို့ကလည်း စည်းမကျော်သဖြင့် ယခုအချိန်
အထိ ဆရာကြီးများ လာရောက်နှိမ်နင်းပစ်သည်ကို မကြားဖူး
သေး။

တစ်ရက်တော့ သူဟာသူ နေကြသည့် ထိုသုံးရွာ မပတ်

သက်ချင်ပဲ ပတ်သက်ကြရတော့သည်။
အောက်ဝဲကြီးရွာမှ လှဆောင်၊ တင်သန်း၊ ကျင်မော
သူငယ်ချင်းသုံးယောက်ကြောင့် ပတ်သက်သွားကြသည်။
ထိုသုံးယောက်က အောက်ဝဲကြီးရွာမှာ နာမည်
ဖဲသမားဖြစ်သည်။ အလုပ်ကို လက်ကြောတင်းအောင်မလု
ဖဲမရိုက်ရသည့်ရက်ဆို အရက်ဆိုင်ထိုင်သည်။ ထန်းရည်
အောက်ရောက်သည်။ အသုဘအိမ်ရှိလျှင် ဖဲလိုက်ရိုက်သည်
ယခုလက်ထဲမှာ ငွေလုံးငွေရင်းလေးရှာလို့ ဖွေလို
သည်နှင့် အနီးအပါးမှာ ငွေရင်းပွားရန် နားရေးအိမ်က မ
ထို့ကြောင့် သူငယ်ချင်းသုံးယောက်တိုင်ပင်၍ သစ်ဆိမ့်ရွာသွား
ဖဲရိုက်ရန်ထွက်လာခဲ့ကြသည်။
သူတို့သုံးယောက် သစ်ဆိမ့်ရွာသို့ ငါးကြိမ်ထက်မနည်း
ဖဲလာရိုက်ဖူးသည်။ လောင်းကစားဝိုင်းမှာ ငွေအများကြီး ပုံအော
လောင်းသဖြင့် နိုင်သည့်အခါ မြိုးမြိုးမြက်မြက်ရသည်။
သုံးလေးကြိမ် ရှုံးသည်နှင့် နိုင်သမျှ ပါသွားရသည်
နိုင်သည့်အခါ ငွေပုံကြီးကြည့်ပြီး ပျော်လိုက် ပါသွားသည့်အခါ
မခံချည့်မခံသာဖြစ်လိုက်နှင့် အကြိမ်ကြိမ် တစ်ခေါက်ပြန်ခဲ့ရ
သည်။
သူတို့ သစ်ဆိမ့်ရွာမှာ သွားရိုက်သမျှ တစ်ကြိမ်သာ

ရင်းထက်နည်းနည်း အသာလေးရခဲ့သည်။ ကျန်သည့်
ါက်များက ပါသမျှ ပိုက်ဆံထားခဲ့ရသည်ကြီးပင်။
နောက်ဆုံးအခေါက်က တစ်ညလုံးနီးပါး နိုင်နေကြရာမှ
သင်းကာနီး ဝိုင်းသိမ်းတော့မည့်အလှည့်များမှာ နိုင်သမျှ
ုန်ပြန်ပါသွားတော့သည်။
ထိုကဲ့သို့ ငွေထုပ်ထမ်းပြီး ပြန်ရတော့မည့် အခြေအနေမှ
ါသမျှအကုန်ကုန်သည့်အဖြစ်သို့ ရောက်ခဲ့ရခြင်းကို စိတ်ထဲ
မကျေနပ်ချင်။
တစ်ခေါက်ပြန်လာရပေမယ့် ငွေရှာပြီး နောက်တစ်ခါ
အောင်ကစားမည်ဟု စိတ်ထဲမှာ တေးပြီး ရွာပြန်လာခဲ့ကြ
ည်။
ရွာပြန်ရောက်တော့ ငွေရှာသည်။ ချေးငှားပေါင်နှံ၍
ရင်း ရှာသည်။ မဖြစ်မနေရှာတော့ လိုအပ်သည့်ငွေရခဲ့ကြသည်
သို့ကြောင့် ယည်တစ်ခါတော့ နိုင်အောင်ကစားပြီး
ထုပ်ထမ်းပြန်မည်ဟု ကြုံးဝါးရင်း သစ်ဆိမ့်ရွာသို့ သုံးယောက်
းစိတ်လက်ပေါ့ပါး ဘွက်လက်စွာနှင့် ထွက်လာခဲ့ကြသည်။
သစ်ဆိမ့်ရွာရောက်တော့ ညခြောက်နာရီခန့်ရှိပြီဖြစ်
ည်။ ရွာမှာဝိုင်းကောင်းကောင်းဖြစ်သည့် အိမ်ငါးအိမ်ခန့်ရှိ
ည်။

သူတို့က ဦးထွန်းစိန်အိမ်နှင့် ဦးကောင်းစံတို့အိမ်နှစ်အိမ်သာဝင်ပြီး ရိုက်လေ့ရှိသည်။

ယခု ပြီးခဲ့သည့်အခေါက်က ဖဲရှုံးခဲ့သော ဦးထွန်းစိန်အိမ်ကို ဝင်လာကြသည်။ အိမ်ပေါ်မှာ ဖဲဝိုင်းစနေပြီ။

အမျိုးသမီးများ၊ ကလေးများက လက်ထဲပိုက်ဆံများကိုင်ပြီး မိမိတို့ဘေးဝင်းထိုးမည့်အိမ်အနီးမှာ ကပ်နေကြသည် အခြေအနေကို အကဲခတ်ပြီး ဘေးဝင်ထိုးကြသည်။

သူ့အိမ်နိုင်လျှင် သူတို့လည်း အလျော်ရသည်။

သူတို့ထိုးသောအိမ်ရှုံးလျှင် ထိုးထားသည့်ငွေပါသွားသည်။

လှဆောင်တို့သုံးယောက်လည်း ဖဲဝိုင်းများကိုလိုက်ကြည့်ပြီး အိမ်လိုသည့်ဝိုင်းမှ ဖြည့်၍ ဝင်ထိုင်ကြသည်။

ညဦးပိုင်းမှာ ပိုက်ဆံကိုထိမ်းပြီးလောင်းကြသည်။

ညဉ့်နက်ပြီးနောက်ပိုင်း ဝိုင်းကောင်းလာသည်။ အလျော်အစားကြမ်းလာသည်။

ဝိုင်းဘေးမှာလည်း လူပါးသွားပြီဖြစ်သည်။

လှဆောင်တို့မှာ အလျော်အစားအသင့်အတင့်ဖြစ်ပြီး လှဆောင်လည်း နိုင်နေသည်။ နိုင်လျော်နေရသည်။

တင်သန်းကတော့ သည်တစ်ဝိုင်း မနိုင်လျှင် အရင်းပြုတ်

ကျင်မောင်က အခြေအနေကောင်းနေသည်။ သုံးဝိုင်းဆက်
နေသဖြင့် သူ့ရှေ့မှာ ပိုက်ဆံများအပုံလိုက်ဖြစ်နေသည်။

ငွေအချို့ကိုလည်း ခြေထောက်အောက်ထဲ ဆွဲသွင်းထား
သည်။ နောက်ဆုံး မနက်ငါးနာရီဝန်းကျင် သူတို့ရွာထုံးစံ
နိုင်နိုင်ရှုံးရှုံး ဝိုင်းသိမ်းရသည်။

ငါးနာရီထိုးသည်နှင့် အိမ်ရှင်က ကြိုတင်လာသတိပေး
ည်။ သတိပေးပြီးနောက်တစ်လှည့်သာ ကစားခွင့်ရှိသည်။

နိုင်သူများက ကျေနပ်ကြပေမယ့် ရှုံးသူများက ရှုံးမဲမဲ
သေးသည်။ ဝိုင်းမဖျက်ချင်။

ဒါပေမယ့် နေ့စဉ်ပြုနေကျထုံးစံကို အားလုံးလိုက်နာကြ
သည်။

ငါးနာရီပွဲသိမ်းပြီး နေ့ဆယ့်နှစ်နာရီနောက်ပိုင်း ကြိုက်
ည့်အချိန် ဝိုင်းပြန်စလျှင်ရသည်။

များသောအားဖြင့် ညနေငါးနာရီ ခြောက်နာရီမှသာ
စည်လေ့ရှိသည်။

သည်ည .....ပိုက်ဆံထုပ်ထမ်းပြီး ပြန်မည်ဟု အလာ
နီးက ကြုံးဝါးခဲ့သောကျင်မောင်တို့ သူငယ်ချင်းသုံးယောက်
သိမ်းတော့ ပါသမျှ ပိုက်ဆံအကုန်ရှုံးသွားသည်။ အချိုကြီး
နေသော ကျင်မောင် နောက်ဆုံးနှစ်လှည့်မှာ အကုန်ပြန်ပါ

သွားသည်။

ငါးနာရီခွဲနောက်ပိုင်း အိမ်ပေါ်မှာလာရောင်းသော ကောက်ညှင်းပေါင်းများဝယ်၍ အဝအပြစားကာ ဦးထွန်းစိန်၏ အိမ်မှာပင် တစ်ညလုံးအိပ်ရေးပျက်သမျှ အတိုးချပြီးအိပ်လိုက်ကြသည်။

သူတို့အိပ်သည့်နေရာက ဦးထွန်းစိန်အိမ်၏ အောက်မြေပေါ်မှ ဗျာကြမ်းခင်းပြီး အိပ်ခြင်းဖြစ်၍ မည်သူမှ လာမနှိုးကြ၊ သူတို့သုံးယောက်နှင့်အတူအိပ်ရေးပျက်ထားသော ဖဲသမားနှစ်ယောက်လည်း အိပ်နေသည်။

နေ့နှစ်နာရီခန့်ရောက်တော့ အိမ်ပေါ်မှာ ဖဲလာရိုက်သူများ၏ စကားပြောသံကြောင့် သုံးယောက်လုံး နိုးလာကြသည်။

ရေတွင်းသွားပြီး မျက်နှာသစ်လိုက်ကြသည်။ ပြီးတော့ သုံးယောက်သား ဦးထွန်းစိန်အိမ် မီးဖိုချောင်ဝင်ပြီး လှန်လှော ရှာဖွေကာ နေ့လည်စာ စားသောက်ကြသည်။

အခြားရွာမှလာပြီး ဖဲရိုက်သူများကို အိမ်ရှင်များက ကျွေးမွေးဧည့်ခံလေ့ရှိသည်။

သို့ကြောင့် ..... ရဲရဲတင်းတင်းပင် သုံးယောက်သား ထမင်းဟင်း ထည့်စားဝန့်ခြင်းဖြစ်သည်။

"ဘယ်လိုလဲ မောင်လှဆောင်တို့ ဒီညဝိုင်းဆက်နိုင်သေး

း"

"ညက ပါသမျှ .....မနက်ဂိုင်းသိမ်းတော့ တက်တက် ်အောင် ပြောင်သွားတာပဲ၊ ထမင်းစားပြီးရင် ရွာပြန်တော့ ယ်"

"ရွာမှာ အရင်ရှာပြီး ဦးထွန်းစိန်တို့အိမ်ကို မကျေပွဲ ာနဲ့ဦးမယ်"

"လာပါကွာ.....လာပါ ဦးလေးအိမ်ကတော့ ငါ့တူကြီးတို့ အမြဲကြိုဆိုနေပါတယ်"

"ကဲ....ရှိတာထည့်စား.....အိမ်ရှေ့ထွက်လိုက်ဦးမယ်"

ဦးထွန်းစိန်က အခြေအနေအားအကဲခတ်ပြီး အပြင်ပြန် က်သွားသည်။

တစ်ခါမှ တစ်ညက နှစ်ညအထိ ဆက်ပြီး မရိုက်ခဲ့ရ၍ ည်း စိတ်ထဲမကျေနပ်ချင်၊ သည်ရွာကိုက ပါသမျှအကုန်သဲ့ယူ နေသည်ပုံစံမျိုးဖြစ်နေသည်။

"နောက်ကို သည်ရွာမှာ လာရိုက်ရမှာ ငါတော့လန့်လာ .....သူတို့အောက်လမ်းနည်းသုံးပြီး နိုင်အောင်လုပ်ထားလား သိပါဘူးကွာ"

"ငါသတိထားမိတယ်.....တစ်ညလုံးနိုင်ထားသမျှ ောက်ဆုံး နှစ်ပွဲသုံးပွဲနဲ့ အကုန်ပြန်ပါသွားတာပဲ"

"ဟုတ်တယ် ငါတို့ထက် ဖျံကျတဲ့ ဖဲဆရာကြီးတွေလည်း ဒီရွာကျမှ အလဲထိုးခံလိုက်ရတာချည်းပဲ"

"ဖေတော့ နောက်ဆုံးတစ်ခေါက်ဖြစ်ဖြစ် လာရိုက်ချင်သေးတယ် နိုင်လည်း နောက်ဆုံး၊ ရှုံးလည်းနောက်ဆုံးပေါ့ကွာ"

ထမင်းစားသောက်ပြီး အိမ်ရှေ့ခန်းမှာ သက်ဝင်လှုပ်ရှားနေပြီးဖြစ်သည့် ဖဲဝိုင်းနှစ်ဝိုင်းအနီးသို့ ထွက်လာကာ ဖဲဝိုင်း အခြေအနေကို အကဲခတ်ကြည့်ရှုနေကြသည်။

"ကဲလှဆောင် သွားကြမယ်၊ လေးနာရီထိုးတော့ မယ် ဒီအချိန်သွားရင်တောင် ရွာကို ခုနစ်နာရီလောက်မှ ရောက်မယ်"

ကျင်မောင်ကလာပြီး သတိပေးမှ သုံးယောက်သား ဦးထွန်းစိန်ကို နှုတ်ဆက်ပြီး သစ်ဆိမ့်ရွာထဲမှ ထွက်လာခဲ့ကြသည်။

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာခဲ့ကြသည်။ ငါးနာရီခွဲခန့်ရောက်တော့ ဖန်ခါးကုန်းရွာအနီးသို့ ရောက်လာသည်။ သူတို့သွားနေသည့်လမ်းက ဖန်ခါးကုန်းရွာထဲမဝင်ဘဲ ရွာဘေးလမ်းမှဖြစ်သည်။ ရွာထဲဝင်သောလမ်းမှသွားလည်းရသည်။

"ဟဆောင်..ဒို့ဖန်ခါးကုန်းရွာထဲကဖြတ်သွားကြမလား"

"ဟာ.....မသွားရဲပါဘူးကွာ"

"ကိုယ့်လမ်းကိုယ်လျှောက်တာပဲ.....သူတို့ကို အနှောက်အယှက်ပြုတာလည်းမဟုတ်ဘူးလေကွာ.....ဒီရွာပြင်က လမ်းကတွေ့ဝိုက်ပြီးသွားနေတာ လမ်းကြောရှည်တယ်"

"လာပါကွာ.....ဒီအပြင်လမ်းကပဲသွားနေကျမဟုတ်လား။ ထုံးစံမဖျက်ချင်ပါနဲ့ကွာ.....မင်းဆန္ဒရှိရင်တော့ တစ်ယောက်ထဲသွားကြည့်လေ"

"ရွာကို စောစောရောက်အောင်လို့ ပြောတာပါ၊ မင်းတို့သွားချင်လဲနေ၊ ငါ.....လည်းမသွားတော့ဘူး"

"ဒီတစ်ရွာလုံး စုန်းမတွေ၊ စုန်းတွေမဟုတ်လား သွားမတ်သက်မိစေနဲ့ကိုယ့်လူ"

ရွာဘေးလမ်း၏ တစ်ဖက်မှာ သချိုင်းရှိနေသည်။ ထိုသချိုင်းအလွန်မှာ စားကျက်ကွင်းကြီးရှိသည်။ လယ်ယာစိုက်ပျိုး၍လည်းမရသဖြင့် ဗုန်းဆိုမြေကြီးဖြစ်နေသည်။ အနီးနားရွာတို့၏ နွားများ၊ ကျွဲများလွှတ်ထားသည်။

ကိုင်းလုပ်ချိန်၊ စပါးစိုက်ချိန်မဟုတ်၍ နွားများ၊ ကျွဲများကို စားကျက်ကွင်းထဲ လွှတ်ထားကြသည်။ နွားများ၊ ကျွဲများကို အသုံးလိုမှ စားကျက်ကွင်းကြီးထဲမှာ လိုက်ရှာပြီး အိမ်သို့ပြန်မောင်းသွားကြသည်။

နှစ်ပေါင်းများစွာ စားကျက်ကွင်းကြီးအနီးပတ်ဝန်းကျင်

ရွာတို့မှ နွားများ၊ ကျွဲများ လွှတ်ကျောင်းထားကြသည်။ တစ်ကြိမ် တစ်ခါမှ ကျွဲတွေနွားတွေ ပျောက်ရှခြင်းမရှိခဲ့။

ဇန်ခါးကုန်းရွာကိုကျော်လာခဲ့ပြီ၊ သချိုင်းကုန်းလည်း နောက်မှကျန်ခဲ့ပြီ၊ စားကျက်ကွင်းကြီးအနီးသို့ရောက်လာသည်။ လမ်း၏မြောက်ဘက်မှာ စားကျက်ကွင်းကြီးကို တမျှော်တခေါ် လှမ်းမြင့်နေရသည်။

ယောက်ျားခြေလှမ်းသွက်သွက်မလှမ်းပဲ စကားပြောရင်း အေးဆေးစွာလမ်းလျှောက်နေကြသည်မို့ စားကျက်ကွင်းကြီးဘေးသို့ ရောက်တော့ နေဝင်သွားပြီ။

သူတို့နေသော အောက်ဝဲကြီးရွာသို့ တစ်နာရီနီးပါးမျှ လမ်းလျှောက်ရဦးမည်၊ လမ်းမှာလည်း သူတို့သုံးယောက်အပြင် အခြားသွားလာသူမရှိ၊

အတော်လေးလျှောက်မိတော့ ကိုင်းတောစပ်မှာ လမ်းကျုံထွက်လာသော နွားပေါက်လေးတစ်ကောင်ကို တွေ့လိုက်ကြသည်။ လမ်းဘေးမလှမ်းမကမ်းမှာ နွားပေါက်လေးက လှဲအိပ်နေသည်။

အနီးသို့ရောက်တော့ နွားပေါက်လေးဘာကြောင့်လဲနေသည်ကိုတွေ့လိုက်သည်။ နွားလေးမှာ သူ့ထက်အကောင်ကြီးသောနွားသိုးကြီးတစ်ကောင်၏ အဝှေ့ကိုခံထားရပြီး ဒဏ်ရာများ

နှင့်လဲနေခြင်းဖြစ်သည်။

ချိုနှင့်ဝှေ့ထားသဖြင့် နွားလေးခန္ဓာကိုယ်မှာ ချိုရာများဖြင့် မြင်မကောင်းအောင် တွေ့သည်။

"နွားလေး.....အဝှေ့ခံထားရတာ ဒဏ်ရာတော်တော်ပြင်းပုံရတယ်.....မထနိုင်ဘူးလားပဲ မောင်းကြည့်ရအောင်"

"ဟဲ့နွား.....ဟဲ့ ထစမ်း.....ဟဲ့"

"ဟာ.....ဟိုဘက်မှာ ဇိုက်ပွင့်နေတယ် ဒီနွားလေး ဒီည ကိုကျော်နိုင်တော့မှာမဟုတ်ဘူး နွားသိုးပေါက်လေးကို နွားသိုးကြီးက မစိတ်နဲ့ ကောင်းကောင်း ပညာပေးလိုက်တယ်နဲ့တူတယ်"

"ဒီအတိုင်းထားခဲ့ရင်လဲ .....သေမှာပဲ ဒီတော့"

"ဘာလုပ်မလို့လဲ ကျင်မောင်"

"ခေါ်သွားမယ်လေကွာ"

"မင်းဆေးကုပေးမလို့အား ဘယ်ရွာကနွားမှန်းလဲ သိတာမဟုတ်ဘူး"

"ဒီလောက် အခြေအနေဆိုးနေတာ.....ငါက တိရစ္ဆာန်ဆရာဝန်မှမဟုတ်တာ.....ဘယ်လိုကုပေးနိုင်မှာလဲ.....ကုလို့မရတော့မယ့်အတူတူ .....သူ့ဒုက္ခမြန်မြန်ကျွတ်အောင် လုပ်ပေးမလို့"

"ဟာ.....ကျင်မောင် မလုပ်ပါနဲ့ကွာ ထားခဲ့ပါ"

"လှဆောင် မင်းက ဘာဖြစ်နေတာလဲ ဒီဒဏ်ရာရ နေတဲ့ နွားပေါက်လေးကိုသတ်ပြီး သူ့အသားကို ရွာထဲမှာ ရောင်း မယ်ကွာ ရတဲ့ပိုက်ဆံစုပြီး ဦးထွန်းစိန်တို့အိမ်ကို ထပ်သွား လို့ရတယ်လေကွာ"

"ဟုတ်တယ်, ငါလည်း ကျင်မောင်စကားကို ထောက် ခံတယ်"

"တင်သန်း.....လာကွာ နွားနဖားကြိုးက ဝိုင်းဆွဲထုဦး ဒီကောင်ထပြီး လမ်းလျှောက်နိုင်ရဲ့လားတောင် မသိဘူး"

"မင်းတို့ စဉ်းစားဦးနော် ဒီနွားက အနီးအနားရွာက မဟုတ်ဘဲ ဖန်ခါးကုန်းရွာကဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ဒီပတ်ဝန်းကျင်လေးငါးဆယ်ရွာက လွှတ်ထားတဲ့ နွားတွေပါ။ ခိုးယူသွားတဲ့အကောင်မှ ဖန်ခါးကုန်းကနွားဖြစ်ရမှာ လား၊ တွေးပြီးကြောက်မနေပါနဲ့၊ ရွာသားတွေက နောက်တစ် လကျော်မှ နွားတွေ ကျွဲတွေ လာပြန်သိမ်းကြမှာ"

"ဘယ်သူမှ .....သူတို့နွားယူသွားတာ မသိနိုင်ပါဘူး"

"နေဦး.....အခြားရွာကမဟုတ်ဘဲ ငါတို့ရွာက နွားပေါက် လေးဆိုဘယ်လိုလုပ်မလဲ"

"လျှောက်တွေးပြီး ထင်ရာမြင့်ရာ လျှောက်ပြောမနေ နဲ့ အားလုံးငါတာဝန်ယူတယ်..... လှဆောင် မင်းမဆွဲချင်နေ ငါနဲ့

တင်သန်းနွားကိုရအောင်ဆွဲခဲ့မယ်"

နွားပေါက်လေးမှာ အစပိုင်းမထပဲ ပေပြီးလှဲနေသော် လည်း ကျင်မောင်က နွားနဖားကြိုးကို အတင်းဆွဲခေါ်သဖြင့် နာ ကျင်ကျင်နှင့် သူတို့ဆွဲခေါ်ရာပါလာခဲ့သည်။

အောက်ဝဲကြီးရွာမရောက်ခင် လူတစ်ရပ်ခန့်နိမ့်ပြီး ပေနှစ်ဆယ်၊ သုံးဆယ်ခန့်ကျယ်သော မိုးအခါမှသာရေရှိသည့် လေးအနီးသို့ ရောက်လာသည်။ ရိုးအစပ်တစ်လျှောက် လူတစ် ရပ်ခန့်ရှိသည့် ကိုင်းပင်ပေါက်များ ထူထပ်စွာ ပေါက်ရောက် နေသည်။

နွားပေါက်လေးကို ထိုနေရာအထိ ရောက်အောင် အချိန် များစွာယူပြီး ဆွဲလာရသည်။ ကိုင်းတောစပ်ရောက်တော့ ညရှစ် နာရီခန့်ပင်ရှိပြီ။

"ကဲ.....တင်သန်း .....မင်းရွာထဲဝင်ကွာ ငါနဲ့လှဆောင် မှာ စောင့်နေခဲ့မယ်.....မင်းအောင်ထွန်းကို တိုးတိုးတိတ်တိတ်ပြော ပြီး ခေါ်လာခဲ့.....လိုအပ်တဲ့ ဓါးတွေ တောင်းတွေ ခင်းဖို့ပလပ် တစ်ပေါ ရှာယူခဲ့"

"ပလပ်စတစ်စက ဘယ်မှာသွားရှာမှာလဲ"

"ဟော့ကောင် မိုးကာလုပ်တဲ့ အစတွေဟာ.....ပလတ် စတစ်တွေမဟုတ်လို့ င့်အမေလပ်ပစ္စည်းတွေလား"

ထိုအခါမှပင် တင်သန်းပါးစပ်ပိတ်သွားသည်၊ အိမ်တို
အိမ်တိုင်း မိုးတွင်းအခါ မိုးကာလုပ်ရန် တစ်စ နှစ်စတော့
ဝယ်ထားကြသည်။

ကောင်းကင်မှာ လခြမ်းပဲ့ကသာနေသည်။ ရွာထဲ
သွားသော တင်သန်းလည်း အောင်ဖုန်းကိုခေါ်ပြီး ပြန်ရော
လာသည်။

အောင်ဖုန်းမှာ နွားသုံးကောင်ရှိသည်။ အောင်ဖုန်း
ပိုးထိသည့်အတွက် ဖျက်ပြီး ရောင်းသည်ဟုပြောရန် အောင်
ကိုပါနားသွင်းရသည်။

အောင်ဖုန်းက ကျင်မောင်နှင့်ညီအစ်ကိုဝမ်းကွဲ
သလို ကျင်မောင်က သုံးနှစ်ခန့်ကြီးပြီး ကျင်မောင်ပြော
ဘာမှပြန်မပြော၊ ခိုင်းသည့်အတိုင်း လိုက်လုပ်ပေးတတ်သ
အောင်ဖုန်းအတွက် စိတ်ချရပြီဆိုတော့ နွားလေး
ဝိုင်းသတ်ကြတော့သည်။

ညဆယ်နာရီခန့် အားလုံးခွဲခြမ်းစိတ်ဖြာ၍ ပြီးသွား
သည်။ ဇီးဆယ်သားတွဲ၊ တစ်ပိဿတွဲများစီးပြီး တောင်း
ထည့်သည်။

အောင်ဖုန်းအိမ်သို့ အမဲသားများတောင်းလေးတော
နှင့်သယ်ယူသွားကြသည်။ အောင်ဖုန်းအိမ်မှာ အောင်ဖုန်း

ယောက်တည်းရှိသည်။

အောင်ဖုန်းမှာ မိဘများမရှိတော့လင်မယားနှစ်ယောက်
ရှိသောသူတို့အိမ်မှာ ဇနီးဖြစ်သူက အိမ်ထောင်ကျပြီး ပထမ
ကလေးကိုယ်ဝန်ပျက်ကျကာ ဇနီးဖြစ်သူ ဆုံးပါးသွားသည်။

အောင်ဖုန်းမိဘများ ကျန်ခဲ့သော လယ်ငါးဧကကို
လုပ်ကိုင်ရင်း အိမ်ထောင်မပြုပဲနေခဲ့သည်။ သူ့မှာ နွားသုံးကောင်
ရှိသည်။ စပါးစိုက်ပြီးကိုင်းစိုက်၍ မဖြစ်ထွန်းသဖြင့် နွားများကို
တစ်နွေလုံး စားကျက်ကွင်းထဲ လွှတ်ထားသည်။

ကဆုန်လ မိုးရွာသည်နှင့် နွားများကို ကိုင်းတောထဲ
ဝင်ရှာပြီး အိမ်သို့ပြန်ခေါ်လာရသည်။ ယခုလွှတ်ထားသော နွား
တစ်ကောင်ပိုးထိပြီး အိမ်ပြန်လာစဉ် သေဆုံးသွားသည့် အတွက်
ဖျက်ပြီး ရောင်းသည့်အကြောင်း မေးမြန်းစုံစမ်းသူများကို ရှင်း
ပြရန် ကျင်မောင်က သင်ပေးထားသည်။

ထိုည.....တစ်ညလုံး လေးယောက်သား နွားပေါက်လေး
ဖါဝမ်းတွင်သားများ ချက်ပြုတ်ပြီး တင်သန်းနှင့် အောင်ဖုန်းတို့
သွားဝယ်လာသော မီးတောက်အရက်နှင့်သောက်ကြ၊ စားကြ
သည်။ မနက်သုံးနာရီကျော်မှ အိပ်ပျော်သွားကြသည်။

မနက်ရှစ်နာရီခန့်အားလုံးနိုးလာကြသည်။ အောင်ဖုန်း
နှင့် ကျင်မောင်က အမဲသားများထည့်သောတောင်းတစ်လုံးစီ

ထမ်းပြီး.....အသိမိတ်ဆွေများအိမ်သို့ ဝင်ရောင်းကြသည်။

ဘယ်ကအမဲသားလဲလည်းဟု 'မေးသူတိုင်းကို အောင်ဖုန်းနွားတစ်ကောင်ပိုးထိသွားလို့-ဟုပြောပြောပြီး ဈေးပေါပေါနှင့်ရောင်းသည်။

ငါးဆယ်သား၊ တစ်ပိဿာအတွဲများကိုလည်း လက်နှင့်မှန်းဆပြီး တွဲချည်းထားခြင်းဖြစ်သည်။ ငါးဆယ်သားအတွဲက (၇၀)သားခန့်ရှိသည်။ တစ်ပိဿအတွဲကလည်း များစွာပိုသဖြင့်ဈေးလည်းချိုသည်။ ပိုပိုသာသာလည်းရသည်ဆိုကာ တစ်အိမ်ကို နှစ်တွဲသုံးတွဲ ဝယ်ကြသဖြင့် ဆယ်နာရီမထိုးမီမှာပင် အားလုံးရောင်း၍ကုန်သွားတော့သည်။

အောင်ဖုန်းအိမ်ပေါ်မှာ အမဲသားဟင်းနှင့် အရက်သောက်ရင်း ဝေစုခွဲနေကြသည်။

"ငါတို့သုံးယောက်က ဒီရတဲ့ပိုက်ဆံကိုချန်ထားပြီး.....နောက်တစ်ပတ် ဦးထွန်းစိန်တို့အိမ်ကို ပြန်သွားကြမယ်"

"နောက်တစ်ပတ်ထိ နေဦးမလို့အား တစ်ရက် နှစ်ရက်အတွင်း ပြန်သွားကြမယ်လေ"

"ဒီရွာထဲမှာ.....ပိုက်ဆံအကုန်ရတာမှမဟုတ်တာ၊ နောက်အပတ်ထိထားခဲ့တဲ့အိမ်က လေးငါးအိမ်ရှိတယ်၊ အဲဒီအိမ်တွေမှာရမဲ့ပိုက်ဆံစောင့်ယူသွားဦးမယ်လေ"

"အောင်ဖုန်းကိုပေးထားတဲ့ပိုက်ဆံကိုပြန်ယူလေ.....သူ့ကိုအကြွေးတောင်းပြီး ယူနိုင်းပေါ့ သူကနွားရှင်လို့ပြောထားတာ သူတောင်းမှ .....ယူတွက်ရှိမှာပေါ့"

"အေးဟုတ်တယ်.....အောင်ဖုန်း သဘောတူလား"

"ဒီအခုယူထားတဲ့ ပိုက်ဆံကိုပြန်ပေးပြီး အကြွေးတောင်းယူရမှာလား အကြွေးက ကျွန်တော်ရတဲ့ဝေစုထက်ပိုများတယ်"

"မင်းတောင်းယူလိုက်ကွာ.....ပိုလည်းဘာဖြစ်လည်း၊ မင်းအခုလိုနားမည်ခံပြီးကူညီပေးတာနဲ့တင် ကျေးဇူးတင်နေ ပါပြီ"

သို့ဖြင့် လက်ထဲပိုက်ဆံရောက်တော့ နောက်သုံးရက်အတွင်း ဖဲရိုက်ရန် တိုင်ပင်ပြီး ကိုယ့်အိမ်ကို ပြန်သွားကြတော့သည်။

× × ×

"တောက် .....မယ်နှင်းဇံကိုမှ ပြဿနာရှာဝနိုကြတယ် ငါ့နွားပေါက်လေးကို သတ်စားကြတယ် ဆယ့်နှစ် ကြိုးကဝေ နှင်းဇံအကြောင်း ဝဲကြီးရွာသားတွေ ကောင်းကောင်းသိသွားစေရမယ်".

ညကက.....မယ်နှင်းဇံ လွှတ်ထားသော အစောင့်သရဲက မယ်နှင်းဇံ၏ နွားပေါက်လေး အောက်ဝဲကြီးရွာသားများ ဖမ်း

ခေါ်သွားပြီး သတ်စားဖြစ်ကြောင်း အသိလာပေးခဲ့သည်။

"'တား.....တား.....တား"

"ဖန်ခါကုန်းရွာမှာ .....မယ်နှင်းဖံ.....တစ်ဖံထဲရှိတယ် ဖွံ့ပစ္စည်းမတာရေးလုပ်လို့ကတော့.....အသက် ဖက်နဲ့ထုတ်ထား ကြပေတော့....."

"နေက်ကြီး.....လာခဲ့စမ်း"

"ဘုန်း ..... ဘုန်း ..... ဘုန်း"

"အေး သေသေချာချာ နားထောင် သွားနွားတင်းကုတ် ထဲက နွားစာခွက်ကြီး ဒီရှေ့ကို ယူလာခဲ့"

နေက်ကြီးဆိုသော သရဲကြီး အနီးကထွက်သွားသည်။ ခဏကြာတော့ မယ်နှင်းဖံဆိုသော ကဝေမကြီးရှေ့ နွားစာခွက် ကြီးထမ်းယူလာပြီး ချပေးလိုက်သည်။

"အေး.....ထားခဲ့.....မင်းသင့်ရာမှာ သွားနေချေဦး..... ငါ့ အစီအရင်တွေလုပ်လိုက်ဦးမယ်"

"ဘုန်း.....ဘုန်း"

ကဝေမကြီး၏အနီးမှ နေက်ကြီးထွက်သွားသည်။

ကဝေမကြီး.....နွားစာခွက်ကြီးဘေးမှာရပ်ကာ ပါးစပ် မှ .....ဂါထာမန္တန်များရွက်ဆိုနေသည်။

လက်နှစ်ဖက်ကို နွားစာခွက်အပေါ် ဆန့်တန်းထား

ည်။ ကဝေမကြီးက အသက်ခြောက်ဆယ်ခန့်သာရှိဦးမည်။ ဝေမကြီးမှာ.....နွားမတစ်ကောင် နွားပေါက်တစ်ကောက်နှင့် စ်နှစ်သားနွားလေးရှိသည်။

လွန်ခဲ့သော သုံးနှစ်က နွားနို့အလိုရှိသဖြင့် နွားမတစ် ကောင်ကို မယ်နှင်းဖံ၏ပညာသင် တပည့်တစ်ယောက်ကပေး ားခဲ့သည်။

နွားမမှ နွားလေးမွေးခဲ့သည်။ မယ်နှင်းဖံအလိုရှိသော းနို့ကို နွားလေးနို့မပြတ်သေးသည့် ကာလလုံးရရှိခဲ့သည်။

နွားငံလေးနို့ပြတ်ပြီးတစ်နှစ်လောက်အတွင်း နွားမရော းလေးပါ အိမ်မှာမထားတော့ဘဲ တကျက်ထဲမှ လွှတ်ထား သည်။

ပြီးခဲ့သည့်နှစ်က တကျက်တွင်းမှ လွှတ်ထားရင်း ာ်ယမြောက် နွားထီးလေးတစ်ကောင် ပေါက်လာခဲ့သည်။ ယခု သက်ခံလိုက်ရသော နွားလေးက သုံးနှစ်သားအရွယ်ဖြစ်သည်။

စိနီယာကျသော နွားသိုးများ၏ တကျက်လုရန်ပွဲမှာ ကျံမယ့်လဲနေစဉ် ရက်စက်သူ လူတစ်စု၏သတ်ဖြတ်ခြင်းခံ ိုက်ရသည်။

ထိုကိစ္စအတွက် မယ်နှင်းဖံလုံးဝခွင့်လွှတ်နိုင်စွမ်းမရှိ။ က်ထားသမျှ ပညာစုံအကုန်သုံးပစ်လိုက်သည်။

ဂါထာမန္တန်များ စိတ်ကြိုက်ရွတ်ဆိုပြီးသည်နှင့် ကျောနပ် အားရစွာ ကောင်းကင်ကို မော့ကြည့်ပြီး.....

"ဟားဟား.....ဟီး.....ဟီး.....ဟီး.....

အသံကုန်ထုတ်ကာ အော်တစ်ရယ်မောလိုက်သည်။

× × ×

ညနေ နေဝင်လုလု နွားရိုင်းသွင်းချိန်မှာ အောက်ဝဲကြီး ရွာထဲသို့ ငနက်ကြီး နွားစားကျင်းခွက်ကြီး ထမ်းပြီးဝင်လာ သည်။

ငနက်ကြီးကို အောက်ဝဲကြီး ရွာသားများ မမြင်ရပေ မယ့် လေထဲမှာသူ့အလိုလို နွားစားကျင်းခွက်ကြီး ရွေ့လျားနေ သည်ကိုတော့ မြင်ကြရသည်။

"ဟဲ့.....ဟဲ့.....ဘာကြီး လေထဲမှာ ရွေ့လျားပြီး ဝင်လာ တာလဲ.....မသာအခေါင်းကြီးများလား"

"မသာအခေါင်းနဲ့တော့မတူဘူး.....နွားစားကျင်းခွက် ကြီးလားမသိဘူး"

"ဟဲ့.....ကလေးတွေ အိမ်ထဲဝင်ကြစမ်း"

နွားစားကျင်းခွက်ကြီး ရွေ့လျားပြီး ရွာထဲဝင်လာသည် ကိုမြင်လိုက်ကြသော ရွာသူရွာသားတို့ .....ထိတ်ထိတ်လန့်လန့် ဖြစ်ကာ ....ကလေးများကို အိမ်ပေါ်အတင်းတက်ခိုင်းတော့သည်။

လေမှာလွင့်မျောနေသော နွားစားခွက်ကြီးက ရွာလယ် ...ငဒိ ရောက်သွားကာ လေပေါ်မှ မြေပြင်ပေါ်ရောက်သွားသည်။

နွားစားခွက်ကြီးကို ထမ်းလာသော သရဲကြီးက ပုခုံး ...ပေါ်မှ မြေပြင်ပေါ်ချလိုက်ခြင်းဖြစ်သည်။

ထို့နောက်.....နွားစားခွက်ထဲမှာ အသင့်ယူဆောင်လာ ...သောလူသေလက်ဖျံရိုးနှစ်ချောင်းနှင့်တဒုံးဒုံးခေါက်နေတော့သည်။

ဒုန်း .....ဒုန်း .....ဒုန်း

ဒုန်း.....ဒုန်း .....ဒုန်း

လက်ဖျံရိုးနှင့်ခေါက်လိုက်တိုင်း.....ရွာထဲက နွားလေး ...သားစားထားသူများ .....အော့အန်လူးလိမ့်နေကြတော့သည်။

စားထားသမျှ အကုန်အန်သည်.....အစာများကုန်တော့ ...သွေးများပါ .....အံချနေကြသည်။

ဒုန်း.....ဒုန်း.....ဒုန်း

ငနက်ကြီး၏ လက်ဖျံရိုးခေါက်သံက မိုးကြိုးပစ်သံထက် ...င် အောက်ဝဲကြီးရွာသားတို့ ခံစားနေကြရသည်။

နွားသားများ မစားထားသူများက နွားစားခွက်ကို ...က်ဖျံရိုးနှင့်ခေါက်၍ ထွက်လာသည့်အသံကိုလည်း မကြားရ။

အော့အန်ခြင်းလည်းမရှိ

အောင်ဖုန်း၊ လှခေါင်၊ တင်သန်းနှင့် ကျင်မောင်တို့

လေးယောက် ရွာထဲမှ .....နွားစာခွက်ရှိရာသို့ နွားများကဲ့သို့ လေးဘက်ထောက်ပြီး.....လာနေကြသည်။

ပါးစပ်မှလည်း .....နွားကဲ့သို့ .....အော်ဟစ်လာနေကြသည်။.....နွားစာခွက်ရှိရာသို့ လေးယောက်သား ရောက်လာပြီး .....နွားစာခွက်ထဲခေါင်းစိုက်ကာ အစာနှင့်သွေးများ.....ထိုးပြီးအန်ချနေသည်။

"ဝေါ်.....ဝေါ့"

နေကြီးကလည်း အဆက်မပြတ်ခေါက်နေသည်။ နွားစာခွက်ထဲ ထိုးအန်ချနေသောကျင်မောင်တို့လေးယောက် ခေါင်းစိုက်ပြီး ငြိမ်ကျသွားသည်။

အသက်ထွက်သွားခြင်းဖြစ်သည်။

သူတို့လေးယောက် အသက်ထွက်သွားမှ ... လက်ဖျံရိုးနှင့်ခေါက်သောအသံ ပျောက်သွားသလို.....နေကြီးလည်း ဖန်ခါးကုန်းရွာသို့ ပြန်သွားတော့သည်။

ကျင်မောင်တို့ တင်သန်းတို့ လူစု.....ဝန်းမကြီးမယ်နှင်းဝံ၏နွားကို သတ်စားပစ်သည့်အကျိုးဆက်က သူတို့ရွာသား၊ ကလေးလူကြီး .....သုံးဆယ်ကျော် အသက်ဆုံးသွားကြသည်။

အချို့က ဝယ်ထားပြီး မစားဖြစ်သေးသည့်အတွက် အသက်ရှင်ကျန်ရစ်ခြင်းဖြစ်သည်။

အားလုံး ချက်ပြုတ်စားသောက်ပြီးပြီဆိုလျှင် ငါးဆယ်ကျော်မနည်း သေကုန်ကြတော့မည်။

အောက်ဝဲကြီးရွာသားတို့လည်း ဂျပန်ခေတ်က အုပ်စုဖွဲ့ပြီးပြတိုက်စားခဲ့ခြင်းကြောင့် ဂျပန်များက အစုလိုက် အပြုံလိုက်သတ်ဖြတ်ခြင်းခံခဲ့ရသည်။

ယခုလည်း နွားပေါက်လေးကို ခိုးစား မိသဖြင့် ပိုင်ရှင်ဝန်းမကြီး၏ ဒဏ်ခတ်ခြင်းကို ခံရကာ လူအစုလိုက် အပြုံလိုက်သေဆုံးခဲ့ရသည်။

ပထမတစ်ခေါက်ကကိစ္စကြောင့် သူခိုးရွာ၊ ဓါးပြရွာအမည်တွင်ခဲ့ရသည်။ အမည်ပျောက်ကာစပင်ရှိသေးသည်။

နွားခိုးစားသည့်ကိစ္စနှင့် အောက်ဝဲကြီးရွာသူရွာသားများသေဆုံးကြရပြန်သည်။

ရွာလူကြီး ဦးသံခဲက သူ့ရွာ၏သမိုင်းကြောင်း မကောင်းသည့်အတွက် နာမည်ပျက်ခဲ့သည်။ သို့ကြောင့်-သူကိုယ်တိုင်သူ့ရွာအပေါ် တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ထားသည်။

ပစ္စည်းခိုး၊ ဓားပြတိုက်သည်ကို သိသည်နှင့်အခြားသူကလာသတ်သည်ကိုမခံ၊ သူကိုယ်တိုင် သတ်မည်ဟု အမိန့်ကို တင်းတင်းကျပ်ကျပ်ထုတ်ထားခဲ့သည်။

× × ×

ထိုကိစ္စဖြစ်ပွားပြီး တစ်လခန့်အကြာ အောက်ဝဲ
ရွာလူကြီး ဦးသံခဲ၏အိမ်သို့ အသက်(၇၀)ခန့် ယောကျ်ား
ယောက်နှင့် အသက်(၃၀)ခန့် လူရွယ်တစ်ယောက်တို့ ရောက်
သည်။ အသက်ကြီးသော ဦးလေးကြီးက ပန်းရောင်ပုဆိုး
ပေါင်းပြီး ပင်နီတိုက်ပုံဝတ်ထားသည်။

လူရွယ်က လွယ်အိတ်ကြီးတစ်လုံး လွယ်ထားသည်

"ဝုတ် .....ဝုတ် .....ဝုတ်"

ခွေးဟောင်သံကြားသဖြင့် ရေနွေးသောက်နေသော
ဦးသံခဲ အိမ်ရှေ့သို့ ခေါင်းစောင်းကြည့်လိုက်သည်။

အိမ်ရှေ့မှာ လူနှစ်ယောက်ရပ်နေသည်ကို တွေ့လိုက်
သည့်အတွက် လှမ်းအသံပြုလိုက်သည်။

"ဟဲ့...အောင်စိုးတို့ သန်းလှတို့ ဘယ်သွားကြလဲ"

"အိမ်နောက်ဘက်မှာ အဖေ"

"ဟဲ့.....မိသန်းကြွယ် ခွေးကို ဟောက်လိုက်စမ်း အိမ်
ရှေ့က ဧည့်သည်တွေကို ခွေးကြည့်ပေးပြီးခေါ်ခဲ့"

ချွေးမဖြစ်သူ အသံကြားသဖြင့် အိမ်ပေါ်မှ စိစဉ်ညွှန်
ကြားပြောဆိုလိုက်သည်။

မသန်းကြည်က အိမ်ရှေ့ပြေးထွက်သွားပြီး

"အဘ.....တို့ ခွေးမကိုက်ပါဘူး ဒီအိမ်ကိုလာတာဆို

အိမ်ထဲကိုဝင်ပါ အိမ်ပေါ်မှာ အဖေရှိပါတယ်"

မသန်းကြည်က ခွေးကြည့်ပေးသဖြင့် ခြံဝမှ လူကြီးနှင့်
လူငယ်လည်း ခြံထဲဝင်လာကြသည်။

တစ်ဆက်တည်းအိမ်ပေါ်တန်းတက်သွားသည်။

"ကြွပါခင်ဗျာ ဒီမှာလာထိုင်ပါ"

ဦးသံခဲက ငါးဆယ့်ငါးနှစ်ရှိသဖြင့် လူကြီးအား ရိုသေမှု
နှင့် ဧည့်ဝတ်ပြုနေရာပေးလိုက်သည်။

"ကိုသံခဲ.....ဆိုတာလား"

"ဟုတ်ပါတယ်ခင်ဗျာ.....ဦးကြီးတို့က"

"အေးအေး.....ဦးကြီးတို့က.....ကိုသံခဲတို့ ရွာကိုအခုမှ
ရောက်ဖူးတာပါ။ ဒီရွာလူကြီးနာမည်မေး၊ အိမ်ကိုမေးပြီး ဒီရွာ
သားတစ်ယောက် လမ်းညွှန်ပေးလို့ ရောက်လာတာပဲကွဲ့"

"ကိစ္စအထူးရှိလို့လားဦးကြီး"

"ကိစ္စအထူးရှိလို့ရောက်လာတာပဲကွဲ့ ဒီရွာမှာ လူတွေ
အတော်သေလိုက်တယ်လို့ ကြားတယ်.....ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျာ.....ဒီရွာက ရှုံးရှုံးမိုက်မိုက်၊ ငမူးလေး
ကောင် အခြားရွာကနွားခိုးသတ်စားလို့ နွားသားစားမိတဲ့ လူ
တိုင်းသေကုန်ကြတော့ပါပဲ"

"အင်း.....ဒီကိစ္စအတွက် ဦးကြီးတို့ ရောက်လာတာပဲ"

“အကြောင်းရင်းမှန်ပြောမှ ဗိုလ်တူသဘောပေါက်မယ်

“အဘက .....အထက်လမ်းပညာ လိုက်စားနေ
ဆရာဘိုးရှိန်းပဲကွယ် သူကတော့ ဆရာဝါပည့် မောင်ကျော်သို
ပဲ”

“ဟုတ်ကဲ့ ဆရာကြီး”

“အေး.....ဆရာကြီးရဲ့ အထက်ဆရာကြီးများအမိန့်
လူပေါင်းများစွာ သတ်ပစ်တဲ့ကဝေမကို နှိမ်နင်းပစ်ဖို့ စေလွှတ်
တာနဲ့ လာခဲ့ရတာပဲ”

“ဟာ.....ကဝေမကို နှိမ်နင်းမလို့လာခဲ့တာ ဝမ်းသာ
လိုက်တာ ဆရာကြီးရယ် ကဝေမက တော်တော်စွမ်းတာ သူ
နွားကိုစားမိလိုက်တဲ့ ဒီရွာကို သူနွားစားတဲ့ နွားစားခွက်ကြီး
လိုက်တာ နွားစာခွက်ထဲ ခေါက်ထိုးစိုက်ပြီး သွေးအန်သေကုန်ကြ
တာပဲ”

“မနက်ဖြန် လကွယ်ည.....ဆိုတော့ ဆရာတို့မနက်ဖက်
အဲ့ရွာကိုသွားမယ် လူသတ်တဲ့စုန်းကဝေကို လူ့လောကထဲက
ဖယ်ထုတ်ပစ်မယ်”

“ဆရာကြီးတို့ ခရီးပန်းလာကြမှာပဲ အိမ်ဦးခန်းမှာ
ငြ...က်သံလို လွတ်လွတ်လပ်လပ်နေပါ”

“ဆရာကြီးက ဒီအိမ်ဦးခန်းကို ဘုရားခန်းလို့သတ်မှတ်

...ဒီည တရားထိုင် ပုတီးစိပ်မယ် ညအိပ်ချိန်က သုံးလေးနာရီ
...တော့ ဖြစ်သလိုပဲအိပ်ပါ့မယ်”

“ဆရာကြီးက သက်သက်လွတ်စားတယ် ညစာမ
...ဘူး ဥပုတ်စောင့်တယ်”

“အိုဆို ဆရာလေးကရော”

“ကျွန်တော်လည်း သက်သက်လွတ်စားပါတယ်။
...တလည်း စားပါတယ်။ နေ့လည်စာ လမ်းမှာဝယ်စားခဲ့ပြီးပါ
... ဆရာကြီးအတွက် ရေနွေးကြမ်းနဲ့ ထန်းလျက်ခဲဆိုရပါပြီ။

“အို.....အားလုံး.....စီစဉ်ပေးရမှာပေါ့”

ဦးသံခဲတို့အိမ်ရောက်တော့ သုံးနာရီထိုးနေပြီဖြစ်သည်။
...ကြောင့် .....ဆရာကြီးအတွက် စားသောက်ရေးပြင်ဆင်စရာ
...လိုတော့။

ဆရာကြီးက ခရီးရောက်မဆိုက်ဖြစ်၍ ရေနွေးကြမ်း
...ိုင်သောက်ရင်း အိမ်ရှင် ဦးသံခဲနှင့်စကားပြောနေသည်။

ဦးသံခဲက ဖန်ခါးကုန်းရွာက ကဝေမအကြောင်း ဆရာကြီး
...ံမှာစုံစမ်းနေသည်။

“ဆရာကြီးကိုမသိလို့ မေးကြည့်ချင်ပါတယ်”

“မေးလေ.....ဆရာကြီးသိသမျှတော့ ပြောပြပါ့မယ်”

“တိုဘက်ရွာက ကဝေလား စုန်းလား ဆရာကြီးသိပါ

သလား၊ မယ်နှင်းဇံက ဘယ်လိုအမျိုးအစားပါလဲ ဆရာကြီး"

"စုန်းတွေ၊ ကဝေတွေ၊ အောက်လမ်းတွေက မတူကြဘူးကွဲ့၊ ကဝေက ကဝေပညာသက်သက်၊ စုန်းက စုန်းပညာသက်သက်၊ မှော်က မှော်ပညာသက်သက်ပဲ"

"မောက်လုံးတို့ မောက်ပြားတို့ ဆယ့်နှစ်ကြိုးကဝေတို့ ခေါ်သံ ပြောသံကြားဖူးတယ် .....သူတို့က တော်တော်အဆင့်မြင့်လားဆရာကြီး"

"ပညာသည်တွေမှာ အမောက်တွေရှိကြတယ်၊ သာမန်လူတွေကတော့ မတွေ့ရဘူး၊ ပညာသည်အချင်းချင်းမှ တွေ့ရတာ။ အထက်လမ်းပညာ လိုက်စားသူတွေလည်း မြင်ရတယ်"

"ခေါင်းပေါ်မှာ အမောက်လိုလို၊ အရိပ်လိုလိုထွက်နေတာ၊ အချို့ကလုံးတယ်၊ အဲဒါကို မောက်လုံးခေါ်တယ် တချို့ကပြားတယ် အဲ့ဒါကို မောက်ပြားလို့ခေါ်တာ"

မောက်လုံးအထက် ခုနစ်ဆင့်ဆိုရင် ကောင်းကင်ပျံနိုင်တယ်..... ကိုးဆင့်ဆို ကဝေကြီးတွေဖြစ်သွားပြီး၊ မောက်ကတော်လို့ခေါ်တယ်.....

ဆယ့်နှစ်ကြိုးကဝေက ကောင်းကင်မှာ ဓါတ်ကြိုးဆင်ပြီး ဓါတ်ကြိုးကနေ စွမ်းနိုင်သလောက် တက်နိုင်စွမ်းရှိတယ်.....

ကြိုးဆင်ပြီး ကြိုးပေါ်မှာ နေနိုင်ကြတယ်"

"အတော်စွမ်းကြတာပဲနော် ဆရာကြီး"

"အခု ဆရာတို့ ရင်ဆိုင်ရမယ့် ကဝေကလည်း မောက်တော်အဆင့်ထက် မနိမ့်ဘူး သတိထားပြီး ရင်ဆိုင်ရမယ်"

"သူတို့လို အဆင့်က သာမန်လူကို သတ်ချင်ရင် တုံးနဲ့ပဲ"

ဦးသံခဲအိမ်မှာ ဆရာရောက်နေသည်ဟူသော သတင်းမသန်းကြည်က ဖြန့်လိုက်သဖြင့် လူကြီးသုံးလေးယောက်ခန့်အိမ်ပေါ်တက်လာကြသည်။

ဦးသံခဲကလည်း မိတ်ဆက်ပေးသည်။

မိသားစုများ ဆုံးရှုံးခဲ့သူ ဦးခင်မြိုင်က ကဝေမကြီးကိုလာနှိမ်နင်းသည်ဟုဆို၍ မျက်ရည်စမ်းစမ်းနှင့် ကျေးဇူးတင်မ်းမြောက်ကြောင်း အခါခါပြောနေသည်။

ဆရာကြီးကလည်း ကဝေမကြီးကို နှိမ်နင်းရန်လာသည်ဆိုသည့် အကြောင်း အပြင်ကို မပေါက်ကြားရန်မှာသည်။

ထို့နောက် ညနေ ငါးနာရီခန့် အိမ်ပေါ်မှ လူများလည်းပြန်ကုန်ပြီ ဆရာကြီးရော ကျော်သိုက်ပါ ရေချိုးလိုက်ကြသည်။

ကျော်သိုက်က ညစာစားပြီး ဘုရားစင်ရှေ့မှာ ပုတီးထိုင်စိပ်နေသည်။ ဆရာကြီးက ညနေကတည်းက ပုတီးထိုင်

စိပ်နေသည်။ ညဆယ့်တစ်နာရီထိုးတော့ ကျော်သိုက်က ပုတီး
စိပ်ခြင်းကို ရပ်ပြီး အိပ်ယာဝင်လိုက်သည်။

ဆရာကြီးကတော့ ဘုရားစင်ရှေ့မှာ ပုတီးစိပ်တုန်း
ဆရာကြီး မည်သည့်ချိန် အိပ်သည်မသိ ကျော်သိုက်မနက်
ခုနစ်နာရီထိုးထတော့ ဆရာကြီးဘုရားသောက်တော်ရေပင်
နေပြီဖြစ်သည်။

သည်နေ့ လက္ကယ်နေ့ တစ်နာရီခွဲခန့် အောက်ဝဲကြီးရွာမှ
ဖန်ခါးကုန်းသို့ လမ်းလျှောက်ရမည်ဖြစ်၍ ညခုနစ်နာရီခန့် ရွာမှ
ဆရာတပည့်နှစ်ယောက် ထွက်လာခဲ့သည်။

စုန်းကဝေတွေများပြားစွာရှိသောရွာမို့ ရွာပြင်ခေါ်ထုတ်
ပြီး ပညာပြိုင်ပါကလည်း ပညာသည်များ အချင်းချင်းသိနိုင်သည်။

သို့ကြောင့် မယ်နှင်းဇံအိမ်မှာ ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့
သည်။ မယ်နှင်းဇံ၏အိမ်ကိုသိသော ရွာသားတစ်ယောက်ကို
ဦးသံခဲက ခေါ်ပေးသဖြင့် ထိုသူအား အိမ်နေရာကို လမ်းညွှန်
ပြောပြစေသည်။

အိမ်မှာ တပည့်ခေါ်မထားပဲ တစ်ယောက်ထဲနေသည့်
အကြောင်း၊ လိုအပ်မှသာ တပည့်များခေါ်တက်ကြောင်းသိရ
သည်။

ရွာအဝင်လမ်းမှဝင်လျှင် ညာဘက်လေးအိမ်မြောက်ဖြစ်

ပြီး၊ အိမ်ရှေ့ခြံဝင်းထဲမှာ မန်းကျည်းပင်ကြီးတစ်ပင် ထင်ထင်
ရှားရှားတွေ့နိုင်သည်ဟု ဆိုသည်။

လူကြီးလက်တစ်ဖက်ခန့်ရှိသော မန်းကျည်းပင်က သူ့
ခြံထဲမှာသာရှိသည်ဆို၏။ အိမ်က ဝါးထရံ သက်ကယ်မိုး မြေစိုက်
အိမ်ဖြစ်ကြောင်းသိခဲ့ရသည်။ မြေစိုက်အိမ်က နွားတင်းကုတ်
လို အိမ်မျိုးဖြစ်သည်။ နွားမွေးထားသဖြင့် ထိုကဲ့သို့ ဆောက်
ထားခြင်းဖြစ်ပုံရသည်။

ထိုလူပြောပြသဖြင့် ကဝေမကြီး မယ်နှင်းဇံအိမ်ကို မျက်
လုံးထဲမှာပင် မြင်ယောင်နေသည်။ ဆရာတပည့်နှစ်ယောက်
ရွာနားရောက်တော့ ရှစ်နာရီခွဲတော့မည်။

"ဆရာတို့ မဝင်သေးဘူး ဒီည လက္ကယ်ညဆိုတော့ စုန်း
တွေ ကဝေတွေ မီးလုံးကြီးတွေ ပြောင်းပြီး ကောင်းကင်တက်
လာလိမ့်မယ်.....အဲဒီအချိန်ကို စောင့်ကြမယ်"

အချိန်က မှောင်စဖြစ်၍ ထူးခြားမှုမရှိ။ တဖြည်းဖြည်း
အချိန်တို့ ကုန်လွန်လာခဲ့သည်။ ဖန်ခါးကုန်းရွာထဲမှ ခွေးသံလူသံ
များ တိတ်ဆိတ်သွားသလို မီးရောင်များလည်း မရှိတော့။

သက်ကြီးခေါင်းချချိန် ကြက်တွန်သံပင် ကျော်လွန်သွား
ပြီး ဆယ်နာရီခန့်ရှိပြီဖြစ်သည်။

ထိုအချိန် ရွာထဲမှ မီးလုံးများ သုံးလေးလုံးတက်လာ

သည်။ ရွာအစွန်နားကပ်နေသဖြင့် မယ်နှင်းဖံ၏အိမ်ကို ညဦးပိုင်းကတည်းက တစ်ခြံ နှစ်ခြံ သုံးခြံ လေးခြံအဖြစ် မှတ်သားထားပြီးဖြစ်သည်။

ယခုတက်လာသော မီးလုံးများက ရွာလယ်ပိုင်းလောက်မှဖြစ်သည်။

"ဟော.....ဟော.....ကျွန်တော်တို့မှတ်ထားတဲ့အိမ်က မီးလုံးကြီး တက်လာပြီ"

ဆရာကြီးက မီးလုံးကြီးကို ကြည့်လိုက်ပြီး

"တော်တော် အဆင့်မြင့်တဲ့ကဝေပဲကွ.....မလှုပ်မရှား နေနော် တွေ့သွားရင် အသေပဲ"

မီးလုံးက အတော်လေးကြီးသည် စတက်စအရွယ်ထက် အပေါ်ရောက်တော့ နှစ်ဆခန့်ကြီးကာ သပိတ်လုံးအရွယ်မျှဖြစ်လာသည်။

ခေါင်းမိုးပေါ်မှာ နိမ့်လိုက် မြင့်လိုက်လုပ်နေသည်။

"အဲဒီ ရန်သူရှာနေတာ သူ့အနီးမှာ ရန်သူရှိ–မရှိ ကြည့်နေတာ သူရဲ့ခန္ဓာကိုယ်က အိမ်ထဲမှာ ထားခဲ့ရတာမို့ စိတ်ချရအောင် ရန်သူရှာနေတာ"

မီးလုံးကြီးက အိမ်အမိုးပေါ် အထက်သို့ ထောင်တက်သွားပြီး အရှေ့အနောက် ဝဲပျံနေသည်။ ထို့နောက် မကြာခင်

မှာပဲ ခပ်လှမ်းလှမ်းသို့ ပျံတက်သွားသည်။

"မောင်ကျော်သိုက် မျက်ကွင်းဆေးကွင်းနိုင်းတာ ကွင်းပြီးပြီလား"

"ဟုတ်ကဲ့ စောစောကပဲ ကွင်းထားပြီးပါပြီ"

"အေး...ကဝေကို ဆရာက မမြင်နိုင်ဘူး။ မောင်ကျော်သိုက်က မျက်ကွင်းဆေးကြောင့် မြင်ရမယ် ကဝေရဲ့ ဒုတိယ ရုပ်ဝိညာဉ်ကတော့ ဆရာတို့ကိုမြင်နိုင်တယ်"

"သူ့ရုပ်ဝိညာဉ် သူ့ခန္ဓာကိုယ်ထဲ ပြန်မဝင်ခင်မှာပဲ ဆရာတို့ သူ့ကို အပြီး နှိမ်နင်းပစ်ရမယ်။

ဆရာကြီးက အင်းတစ်ချပ်ကို ပြာချပြီး ရေစင်ဘူးထဲက ရေနှင့် မွှေပြီး မောင်ကျော်သိုက်အား တိုက်လိုက်သည်။

"ဒီအင်းကို သောက်ထားရင် ကဝေမကြီးနဲ့တိုက်ခိုက်လို့ ကဝေဓါတ်တွေနဲ့ ပစ်ရင် ကာကွယ်ပေးလိမ့်မယ်"

ကဝေမ မယ်နှင်းဖံရဲ့ အိပ်ယာပေါ်က ခန္ဓာကိုယ်ပတ်ပတ်လည်ကို စည်းချလိုက်သည်။

"ကဲ.....ဒီခန္ဓာထဲကို အပြင်က ရုပ်ဝိညာဉ် ပြန်ဝင်လို့မရတော့ဘူး"

"ကဝေမကြီးကိုမြင်ရင် မောင်ကျော်သိုက်က ဆရာကြီးကို ပြောပေးရမယ် ဟုတ်လား ဒါမှ ကဝေမရဲ့ရုပ်ဝိညာဉ်

နေရာကို ဆရာကြီးသိမှာ"

သန်းခေါင်ခန့်အချိန်မှာ မီးလုံးကြီး အိမ်ပေါ်သို့ ရောက်လာသည်။

"ဆရာကြီး.....ကဝေမကြီးလာနေပြီ"

"အေး ဆရာကြီး မီးလုံးကိုမြင်ရသေးတယ်"

ဆရာကြီးနှင့် ကျော်သိုက်တို့က အိမ်အပြင်ထွက်၍ မန်းကျည်းပင်ကိုကွယ်ပြီး အခြေအနေကိုကြည့်နေသည်။

"ဝုန်း.....ဝုန်း.....ဒုန်း"

ကဝေမကြီးလည်း ဆရာကြီးဘိုးရှိုင်းချထားသော အင်းစည်းကြောင့် သူ့ခန္ဓာကိုယ်တွင် ပြန်ဝင်၍မရဖြစ်နေသည်။

"ဆရာကြီး ကဝေမကြီး အိမ်ပြင်ထွက်လာပြီ ဆရာကြီးမြင်ရလား"

"မမြင်ရဘူး သူက ဒုတိယရုပ်ခန္ဓာဝိညာဉ်အနေနဲ့ ပဲရှိတော့တာ.....အိမ်ပေါ်က မူလခန္ဓာထဲဝင်လို့မရတော့ဘူး"

"မင်းက မျက်ကွင်းဆေးကြောင့် မြင့်ရတာ မြင်သမျှပြောပြ"

"ဟာဆရာကြီး ကျွန်တော်တို့ကို တွေ့သွားလား မသိဘူး တည့်တည့်လာနေပြီ"

ဆရာကြီး ဆယ့်ငါးပေလောက်ပဲရှိတော့တယ် ရှေ့တည့်

တည့်မှာ မန္တန်ရွတ်နေလားမသိဘူး လက်နှစ်ဖက်ရှေ့ထုတ်ထားတယ်၊ စက်တွေထွက်လာပြီ"

"ဆရာကြီး စက်ကိုမြင်ရတယ်"

ဆရာကြီးက ကြိုတင် မန္တန်ရွတ်နေသည်မို့ ကဝေမကြီး လွှပ်ရှားလိုက်သည်နှင့် ဆရာကြီးကလည်း ချက်ချင်းလှုပ်ရှားသည်။ ကဝေမလက်နှစ်ဖက်မှ စက်များ ဝင်းလက်ပြီး ထွက်လာသည်နှင့် ဆရာကြီး ပစ်လွှတ်လိုက်သော စက်များထိပ်တိုက်ထိသွားစဉ်

"ဝုန်း.....ဝုန်း.....ဝုန်း"

"ဟာ....."

"ကဝေမကြီး ဖင်ထိုင်လဲသွားပြီ ဆရာကြီး ဟော ပြန်ထပြီး ပါးစပ်ကိုဟထားတယ်"

"ကဝေ မီးနဲ့မှုတ်မှာကွဲ့"

ဆရာကြီးက လွယ်အိတ်ထဲမှ အင်းတစ်ချပ်ကိုယူပြီး ကဝေမကြီး လှုပ်ရှားမှုကို အကဲခတ်နေသည်။

ကဝေမကြီးကို မမြင်ရပေမယ့် မလှမ်းမကမ်းမှာ မီးတောက်ကြီး ထွက်လာသည်ကို တွေ့လိုက်သည်။

ဆရာကြီးဘိုးရှိုင်း၏လက်ထဲမှ အင်းကလည်း ထိုမီးတောက်ရှိရာ တည့်တည့်သို့ ဝင်သွားသည်နှင့် မီးတောက်နှင့်

အင်းချပ်တို့တွေ့ဆုံကာ

"ဝုန်း"

မီးတောက်ကြီးနောက်သို့ ပြန်လှုပ်စင်ကာ ကဝေမကြီး အား မီးများဖုံးလွှမ်းမည်အပြု ကဝေမကြီး နောက်သို့ ခုန်ထွက် သွားသည်။

"ဟာ ဆရာကြီး ကဝေမကြီးက ကျားကြီးဖြစ်သွားပြီ ဆရာကြီးမြင်ရလား"

"မမြင်ရဘူး သူရှိတဲ့နေရာကိုညွှန်ပြ"

"ပေါင်း"

"အသံကြားရတယ်"

ကျားကြီးက ပါးစပ်ကြီးဖြဲကာ ဟိန်းဟောက်နေသည်။ ပါးစပ်ထဲက ကဝေစက်တွေ ထွက်လာနေသဖြင့် ဆရာကြီးကျား ကြီးကိုမြင်ရသည်။

ဆရာကြီးက ကဝေစက်ဖြတ် မှော်အင်းကြီးနှင့် ကျား ခေါင်းရှိရာတည့်တည့်မှန်းပြီး ပစ်သွင်းလိုက်သည်။

"ဝုန်း"

ကျားကြီးနောက်သို့ ပစ်ထွက်သွားပြီး ကျားအသွင်မှ ကဝေမကြီးအသွင်ပြန်ရောက်သွားသည်။

"ဆရာကြီး ကဝေမကြီးပြန်ဖြစ်သွားပြီ"

"အေး.....သေသေချာချာကြည့်နေ"

ကဝေလည် ဖြတ်အင်းကို ဆရာကြီးကလွယ်အိတ်ထဲ ကထုတ်ပြီး အသက်သွင်းမန္တန်ရွတ်နေသည်။

ထိုစဉ် ကဝေမကြီးလည်း မူလအတိုင်း ကဝေမီးလုံး အဖြစ် ဖန်ဆင်းပြီး ကောင်းကင်ပေါ်တက်ရန် ကြိုးစားလိုက်စဉ် ဆရာကြီးက အချိန်မဆိုင်းပဲ ထိုမီးလုံးတည့်တည့်သို့ ကဝေလည် ဖြတ်အင်းကြီးကို ပစ်သွင်းလိုက်သည်။

"မင်း.....ပြေးလို့လွတ်မယ်ထင်လား"

"ဝုန်း"

မီးလုံးကြီးကို ကဝေလည်ဖြတ်အင်းထိပြီး အရောင်တွေ တလက်လက်ထွက်ကာ လင်းထိန်သွားသည်။

ထို့နောက် မြေပြင်ပေါ် ဘုန်းကနဲပစ်ကျသွားတော့သည် ကောင်းကင်ပေါ်မှ ကျလာသောဒုတိယနာမ်ရုပ် ကဝေဝိညာဉ် လည်း မီးဟုန်းဟုန်းတောက်တော့သည်။

ထိုစဉ် ကဝေမကြီး အိမ်အတွင်းမှ ပထမရုပ်ခန္ဓာကြီး လည်းမီးတောက်ကြီးထကာ စွဲလောင်ပြီး ခဏအတွင်းမှာပင် ကဝေမကြီး၏ အိမ်ပါမီးလောင်သွားတော့သည်။

မီးစလောင်စဉ်မှာပင် ဆရာတပည့်နှစ်ယောက် ရွာပြင် သို့ ထွက်လာကာ မြို့အကွယ်မှနေပြီး အကဲခတ်နေသည်။

ထိုမီးလောင်ရာသို့ မည်သူမှ ထွက်မလာကြ၊ စုန်းကဝေ အချင်းချင်း ရင်းနှီးသောပေါင်းသင်းမှုမျိုး မရှိသဖြင့် မောက်က တော်အဆင့်ရှိသူများ တစ်ဦးတစ်ယောက်မှ ရောက်မလာပါ။

ဆယ့်ငါးမိနစ်ခန့်အတွင်းမှာပင် ကဝေမကြီး မယ်နှင်း၏ အိမ်ပါ ပြာပုံဖြစ်သွားတော့သည်။

ပြာကျမီးငြိမ်းမှ ဆရာတပည့်နှစ်ယောက် ငံအောက်ဝဲ ကြီးရွာသို့ ပြန်လာခဲ့ကြသည်။

နောက်နေ့မနက်တ စားသောက်ပြီးသည်နှင့် အောက်ဝဲ ကြီးရွာမှ ဆရာတပည့်နှစ်ယောက် ရွာလူကြီး ဦးသံခဲအား နှုတ် ဆက်ကာ ပြန်ခဲ့ကြတော့သည်။

အိမ်အလည်လာသောတစ္ဆေ

ကျော်အောင်တို့မိသားစု မြို့သစ်အကွက်ရိုက်ပြီး နေရာ ချပေးသည့်အထဲ ပါသွားသည်။

စီမံကိန်းပြုလုပ်မည့် ရပ်ကွက်များကို အစိုးရက မြို့နှင့် များမှာ မြေကွက်ရိုက်ပြီး အကွက်ချပေးသည်။

သူတို့မိသားစုရသော မြေကွက်က လမ်းမတန်းမဟုတ် ဘဲ အတွင်းဘက်မှာ နေရာရခဲ့သည်။

သူတို့မြေကွက်ရှေ့မှာ ပန်းခြံလိုလို၊ ဘောလုံးကွင်းလို လို၊ ဆေးရုံအတွက်လိုလို အဆောက်အဦမဆောက်ရသေးသော မြေကွက်ကြီးရှိနေသည်။

မြေကွက်ချပေးပေးခြင်း လယ်ကွင်းထဲမှာ သစ်ရိုတ် ငါး ခိုပ် မရှိသည့်အတွက် နေချင်စိတ်မရှိသဖြင့် မြေကွက်အသစ်ကို ငြီအတိုင်းထားပြီး မပြောင်းမရွှေ့သေးပဲ လူနေရပ်ကွက်ထဲမှာ

အိမ်ငှား၍ နေထိုင်ခဲ့သည်။

ရရှိသော မြေကွက်ကို ပျောတိုင်းများဝယ်ပြီး ခြံခတ်ထားလိုက်သည်။

သို့ဖြင့် မြေကွက်ချပြီး လေးငါးနှစ်ခန့်ကြာသွားတော့ ရပ်ကွက်အသစ်မှာ လူနေအိမ်ခြေ အသင့်အတင့်ရောက်လာပြီး သစ်ပင်များဖြင့် စိမ်းစိမ်းစိုစိုရှိလာသည်။

ကျော်အောင်မိသားစုလည်း.....မြေကွက်ကို လာကြည့်ရင်း အိမ်လေးတစ်လုံးအဖြစ်ဆောက်ကာ လူငှားတင်ရန် စိတ်ကူးပေါ်လာသည်။

သို့ကြောင့်.....သွပ်မိုး ပျက်ကာ သုံးပင်နှစ်ခန်း အိမ်လေးတစ်လုံး လက်သမားငှားပြီး ဆောက်ထားလိုက်သည်။

လမ်းပေါ်မှာ ကြီးထွားနှန်းမြန်သော မလေးရှားပိတောက်ပင်များကြောင့် နေရောင်ပင် မထိုးတော့။

တစ်ရပ်ကွက်လုံး .....စိမ်းစိမ်းစိုစိုဖြစ်နေပြီ။

မြေကွက်ရစဉ်က သူတို့ရှေ့မြေကွက်လပ်ကြီးက ဆေးခန်းတစ်ရုံဖြစ်နေပြီ၊ ဆေးရုံဝင်းအတွင်းနှင့်ပတ်ပတ်လည်မှာလည်း မလေးရှားပိတောက်ပင်များ၊ မြန်မာပိတောက်ပင်များဖြင့်စိမ်းစိုနေတော့သည်။

ကျော်အောင်တို့မိသားစုကတော့ အိမ်ပြောင်းလာရန်

စိတ်မကူးသေး၊ အိမ်မှာ လူငှားနေသလောက် တင်ထားမည်ဟု ဆုံးဖြတ်ထားသည်။

အိမ်ငှားတင်ပြီး တစ်နှစ်အကြာမှာ အိမ်ကိုပြန်အပ်တော့မည်ဟု အကြောင်းကြားသဖြင့် ငွေရေးကြေးရေးသွားဖြေရှင်းပေးလိုက်သည်။

ပထမအိမ်ငှားက ပျော်သလောက်နေမည်ဟုဆိုပြီး တစ်နှစ်ပဲနေ၍ အိမ်ပြောင်းသွားသည်။

သို့ကြောင့် အိမ်ငှားမည်ဟုဆိုင်းဘုတ်တက်ပြီး သော့ခတ်ထားခဲ့သည်။ ပွဲစားကိုအပ်ထားသော်လည်း ပွဲစားကပဲ လူတင်တာလား၊ ငှားမည့်သူမရှိ၍လားမသိ ခြောက်လကျော်သည့်တိုင် လူမရတော့။

ကျော်အောင်တို့မိသားစုက ဗိနပ်လုပ်ငန်းလုပ်နေရာမှ အလေးကစားစရာ ကော်ရုပ်လေးများ လုပ်သည့်အလုပ်ကိုပါ မိန်းသပ်တိုးချဲ့လုပ်ကိုင်သည်။ ထိုလုပ်ငန်းကဲ စလုပ်လုပ်ခြင်း ဈေးကွက်ရသဖြင့် လက်မလည်အောင်လုပ်ရသည်။

ပလပ်စတစ်ကို အပူပေးပြီး 'မိုလ်'နှင့်ဖိကာ ပုံဖော်ရသည်။ အချို့အရုပ်လေးများက အရည်ကျိုပြီး 'မိုလ်'ခွက်ထဲ လောင်းထည့်ရသည်။

အရုပ်ပေါ်မူတည်ပြီး အပူပေး၍လုပ်ရသလို အရည်ကျို

၍လည်း လုပ်ရသည်။

ပလပ်စတစ်ကြောင့် ထွက်သည့်အနံ့ဆိုး ရပ်ကွက်ထဲ လူတွေက မြှော်သည်ဆိုပြီး ရပ်ကွက်ရုံးကို မကြာခဏတိုင်သည်

သို့ကြောင့် လူနေမထူထပ်သေးသည့် ရပ်ကွက်ရှိ သူ အိမ်လေးကို လူငှားမထားတော့ပဲ အလုပ်လုပ်ရန်အတွက် သုံးရ ဆုံးဖြတ်လိုက်သည်။

သို့ကြောင့် ကျော်အောင်ဖါဇနီး သားသမီးများက ဖိနပ် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည်ဖြစ်၍ မူလငှားရမ်းနေ ထိုင်သောအိမ်ကို ပြန်မအပ်သေးပဲ နေခဲ့သည်။

ကျော်အောင်က သူပလပ်စတစ်အရုပ်လုပ်ကိုင်ကြသည့် အလုပ်သမားလေးနှစ်ယောက်နှင့် အတူ 'မိုလ်'များကိုသယ်ပြီး ရပ်ကွက်သစ်သို့ ပြောင်းလာခဲ့သည်။

ရပ်ကွက်သစ်ပေမယ့် ကိုယ်ပိုင်အိမ် ကိုယ်ပိုင်ခြံလည်း ဖြစ်၊ လျှပ်စစ်မီးလည်းရထားပြီးဖြစ်၍ အလုပ်ကို ဆက်၍လုပ်ကိုင် နိုင်ခဲ့သည်။

'မိုလ်'လောင်းသည့်အလုပ်သမားလေးများက နယ်မှ ဖြစ်၍ ကျော်အောင်နှင့်အတူနေ အတူစား၊ အတူအိပ်ကြသည်၊

ကျော်အောင်က အသက်သုံးဆယ့်ငါးရှိပြီး အလုပ် သမားလေးနှစ်ယောက်က ဆယ့်ငါးနှစ်တစ်ယောက် ဆယ့်ရှစ်

စ်တစ်ယောက်ဖြစ်သည်။ အကြီးက သိန်းထွန်းဖြစ်ပြီး အငယ် ကောင်က တိုးဝင်းဖြစ်သည်။

ပျော်ပျော်နေတတ်ပြီး အလုပ်ကို ကောင်းကောင်းလုပ် သည့်အတွက် အပျက်အစီးအလေအလွင့်နည်းသည်။

ညဘက်မီးအားကောင်းသည့် ဆယ့်တစ်နာရီခန့်အထိ လုပ်ကြသည်။ ညနေ ခြောက်နာရီမှ ရှစ်နာရီခွဲအတွင်း မီးအား ကျသဖြင့် အလုပ်နားထားသည်။

စားကြ သောက်ကြ စကားပြောကြသည်။ ထမင်းမစား ခင် ကျော်အောင်နှင့် သိန်းထွန်းတို့က အရက်တစ်ပုလင်းဝယ်ပြီး အမြည်းအနည်းငယ်နှင့် သောက်ရင်းအချိန်ဖြုန်းတတ်သည်။

အရက်သောက်ပြီးမှ ထမင်းစားကြသည်။

အရက်ဝယ်သည့်အခါ တိုးဝင်းက မကြာခဏသွားဝယ် ပေးတတ်သည်။ သူ့ကို အမြည်းကျွေးရသည်။

တစ်ည ခုနစ်နာရီခွဲခန့် တိုးဝင်းအရက်ဂဝ်ပုလင်း သွားဝယ်သည်။ ခေါက်ဆွဲတစ်ထုတ်နှင့် ဝက်ခေါင်းသုတ်တစ်ပွဲ မှာလိုက်သဖြင့် ဝယ်ပြီးပြန်လာစဉ် အသက်အစိတ်ခန့်လူရွယ် တစ်ယောက် သူနှင့်အတူပါလာသည်။ ထိုသူက သူ့ကိုယ်သူ မိတ် ဆက်သည်။

"ကျွန်တော်နာမည် ဝိုးသိန်းပါ။ ဒီရှေ့ ဆေးရုံမှာ အလုပ်

လုပ်ပါတယ်။ နေ့ဆိုင်း ညဆိုင်း အလှည့်ကျအလုပ်သမား အခု ညပိုင်း အလုပ်နားတုန်း လမ်းလျှောက်ရင်း ဒီညီလေး တွေလို့ လိုက်လာတာပါ"

ထိုလူက ရိုက်မစစ်ရပဲ သူ့အကြောင်းအကုန်ပြောပြ သည်။

"အေး.....အစ်ကိုတို့က အလုပ်ခဏနားပြီး စား သောက်ကြမလို့ကွ မောင်စိုးသိန်းလည်း ပြီးပလား။ မစားရသေး ဘူးဆို .....အရက်ဝင်သောက်လေ'

"ကျွန်တော် အရက်နဲ့မတည့်ဘူး"

"အေး.....ဒါဆိုလည်း အမြည်းကားချင် ဝင်စားပေါ့"

အမြည့်ကမများပေမယ့် လောကွက်အရပြောလို ရခြင်းဖြစ်သည်။

ခေါက်ဆွဲထုတ်က ညစာဟင်းမရှိသဖြင့် ထမင်းနှ သုံးဆောင်မှုစားရန် ဝယ်ခိုင်းလိုက်ခြင်းဖြစ်သည်။

ဝက်ခေါင်းသုတ်တစ်ပွဲကတော့ အရက်နှင့်မြည်းရ ဖြစ်သည်။

ဖန်ခွက်နှစ်လုံးထဲ အရက်ကို ငှဲ့လိုက်ပြီး ဝက်ခေါင်း သုတ်ကို အထုပ်ထဲမှ ပန်းကန်ထဲပြောင်းထည့်ပြီး ဇွန်းတစ် ချောင်းပါ ထည့်ပေးလိုက်သည်။

"ဟင်"

"ဘယ်လိုလဲဟ"

သိန်းထွန်းနှင့် ကျော်အောင်တို့က အသံမထွက်ပဲ စိတ် ထဲမှာပြောဆိုမိခြင်းသာဖြစ်သည်။ ဘယ်ကမှန်းမသိ မိတ်ဖွဲ့ပြီး ရောက်လာသော ဧည့်သည်က အိမ်ရှင်များပင် မနှိုက်ရသေး သော ဝက်ခေါင်းသုတ်ပန်းကန်ထဲမှ ဇွန်းအပြည့်ခပ်ပြီး ဆက် တိုက်နှစ်ဇွန်းခပ်စားလိုက်ခြင်းပင်။

ထိုကဲ့သို့ အငမ်းမရစားသည်ကို လူငယ်ဖြစ်သော တိုးဝင်းကအချိန်မီ ဝင်တားလိုက်သည်။

"ဟာ အစ်ကိုကြီး..... ဇွန်းကျွန်တော်ကိုပေးဦး"

"အော်.....အေ.....အေး"

ထိုလူစိမ်းက တိုးဝင်းလက်ထဲ ဇွန်းကိုပေးလိုက်သည်။

သူ့ပါးစပ်ထဲရောက်နေသော ဝက်ခေါင်းသုတ်နှစ်ဇွန်း စာကို ဝါးပင်မဝါးဘဲ မြိုချလိုက်ပုံရသည်။ ပါးငပ်ပင်လှုပ်ရှားမှု မတွေ့။

တိုးဝင်းက တစ်ဇွန်းကိုပါရုံခပ်ပြီး ကျော်အောင်လက်ထဲ ဇွန်းကို ထည့်ပေးလိုက်သည်။

အရက်ခွက်ကို မော့လိုက်ပြီး အမြည်းတစ်ဇွန်းခပ်စား လိုက်သည်။ သိန်းထွန်းလည်း ပါသည်ဆိုရုံခပ်စားလိုက်သည်။

"ဇွန်းပေးဦး"

ထိုဧည့်သည်က သူ့အလှည့်ကျပြီးဆိုကာ ဇွန်း တောင်းနေသဖြင့် သိန်းထွန်းလည်း ကျော်အောင်ကိုလှမ်းကြ လိုက်သည်။

"ပေးလိုက်ပါကွာ"

ကျော်အောင်က ပေးခိုင်းသဖြင့် သိန်းထွန်းလည်း ဝိုးသိ ဆိုသောဧည့်သည်လက်သို့ ဇွန်းလှမ်းပေးလိုက်သည်။

ပန်းကန်ထဲမှာ နှစ်ဇွန်းမောက်မောက်ခပ်လိုက်လျှ ကုန်ပြီ။

ထိုဧည့်သည်က မည်သူ့မျက်နှာကိုမှမကြည့် ပန်းကန် ထဲမှာ နှစ်ဇွန်းသာသာခပ်လျှင်ကုန်မည်မှန်းသိပေမယ့် ပန်းကန် ကိုဆောင်းပြီး ဇွန်းနှင့်အကုန်ခပ်၍ စားပစ်တော့သည်။

"ဟာ.....ခင်ဗျားစားတာ မလွန်ဘူးလား"

တိုးဝင်းက သူ့အလှည့်ပြန်မလာတော့သဖြင့် ဧည့်သည် ဟူ၍မမြင်ဘဲ ထပြောတော့သည်။

"ငါက.....ဗိုက်ဆာနေလို့ပါ ဟိုအထုပ်ထဲမှာ ခေါက်ဆွဲ ရှိသေးတယ်မဟုတ်လား မစားဘဲ ဘာလုပ်နေတာလဲ"

"အဲဒီအထုပ်က ထမင်းစားမှ စားမှာ"

ထိုလူပိန်းက ခေါက်ဆွဲထုပ်ကို မစားသေးဘူးဆိုသဖြင့်

ထိုင်ရာမှထလိုက်သည်။

"ပြန်လိုက်ဦးမယ်ဗျာ နောက်မှ အေးအေးဆေးဆေး လာလည်ဦးမယ်"

အပြင်သို့ ခပ်သွက်သွက် ထွက်သွားသည်။

"အတော်လက်ရဲ ဇက်ရဲ နိုင်တဲ့လူပဲ....."

"ဒီလောက်ရဲတင်းတာ လူမှဟုတ်ရဲ့လားလို့ တွေး လိုက်မိတယ် ခေါက်ဆွဲကို မကျွေးနိုင်လို့ ကျွေးသာနိုင်ရင် တော့ လူမဟုတ်တာ သေချာသလောက်ပဲ"

"ကဲ ခေါက်ဆွဲထုပ်ကိုဖြည်လိုက်။ ထမင်းတစ်ပန်းကန် စီထည့်ကွာ ထမင်းစားရင်း အရက်သောက်ရင်းပေါ့"

သို့ဖြင့် သုံးယောက်သား အရက်ပုလင်းဘေးချပြီး ထမင်းကိုပါ တစ်လက်စတည်း စားလိုက်ကြသည်။

ဒုတိယညဦးအားနည်းချိန် အလုပ်နားပြီး ထုံးစံအတိုင်း အရက်တစ်ပုလင်းဝယ်ခိုင်းကာ ကျော်အောင်နှင့်သိန်းထွန်းတို့ ထိုင်သောက်နေကြသည်။

သည်ညတော့ အားလူးကြော်နှစ်ထုပ်နှင့် မြေပဲလှော်များ ဖြင့် အမြည်းလုပ်သောက်ကြသည်။ မည်သည့်ဧည့်သည်မှ ရောက်လာခြင်းမရှိ။

နှစ်ရက်ဆက်ပြီး အားလူးကြော်နှင့် မြေပဲဆားလှော်

တို့ဖြင့် အမြည်းလုပ်နေရသည့်အတွက် ကျော်အောင်က တိုးဝင်းအား ဝက်ခေါင်းသုပ်တစ်ပွဲ၊ ကြက်ရိုးသုပ်တစ်ပွဲမှာလိုက်သည်။

အချိန်က ထုံးစံအတိုင်း ခုနစ်နာရီခွဲခန့်ဖြစ်သည်။ ဈေးဆိုင်များရှိရာသို့ ဆေးရုံးဝင်း ဘေးမှဖြတ်သွားလျှင် ငါးမိနစ်ခန့်ဆိုရောက်သည်။ အသွားအပြန်မှ ဆိုင်မှာ လူမကျလျှင် ဆယ့်ငါးမိနစ်ခန့်မျှနှင့် ပြန်ရောက်သည်။

တိုးဝင်း အမြည်းနှစ်ထုပ်ဆွဲပြီး အရက်တစ်ပုလင်း လွယ်အိတ်ထဲထည့်ကာ လမ်းလျှောက်ပြန်လာသည်။

"ဟော့ကောင်လေး အမြည်းဝယ်ပြီး ပြန်လာတာလား အတော်ပဲ ငါမင်းတို့အိမ်ကို လာမလို့ကွ"

လွန်ခဲ့သော သုံးရက်ခန့်က ဝက်ခေါင်းသုပ်တဝတ လာစားသွားသော စိုးသိန်းဆိုသူဖြစ်နေသဖြင့် တိုးဝင်း မကျေ မနပ်နှင့်ဘာစကားမှမပြောဘဲ သွက်သွက်လျှောက်ခဲ့သည်။

သူ့နောက်မှ စိုးသိန်းကလည်း ပါလာသည်။

အိမ်အဝင်မှာ ဦးအောင် တိုးဝင်းက ပြေးဝင်ရင်း

"အစ်ကို ကျော်အောင်ရေ ဟိုလူကြီး လိုက်လာပြန်ပြီ"

"ဟာ"

အားလုံး ဘာစကားမှပြန်မပြောရသေးခင် အိမ်ဝမှာ စိုးသိန်းကရပ်နေသည်။

"ဝင်ခဲ့မယ်နော်"

"အေး"

ကျော်အောင်က ဝတ်ကျေတန်းကျေ ပြန်ပြောလိုက်သည်။ ပန်းကန်နှစ်ချပ်နဲ့ ဇွန်းနှစ်ချောင်းယူခဲ့ကွာ"

အရက်သောက်ရန် အမြည်းဝယ်မှန်းလည်းသိသည်မို့ ဧည့်သည်ပြန်သွားမှ သောက်ရန်လည်းမဖြစ်၊ ဧည့်သည်က အမြည်းစားသောဧည့်သည်ဖြစ်သည်။

သို့ကြောင့် လက်မနှေးဘဲ မျက်ရိပ်မျက်ကဲပြရင်း ပန်းကန်နှစ်ချပ်ထဲ ဝက်ခေါင်းသုပ်နှင့် ကြက်ရိုးသုပ်များကို ထည့်လိုက်သည်။

"ဟာ ကြက်ရိုးသုပ်ပါလား ကောင်းတယ်"

"အရက်သောက်မလား"

"အရက်မကြိုက်ဘူး အမြည်းပဲစားမယ်"

ကျော်အောင်က ဇွန်းတစ်ချောင်းကိုယူပြီး ဝက်ခေါင်းသုပ်ကိုခပ်စားလိုက်သည်၊ သိန်းထွန်းကလည်း ကြက်ရိုးသုပ်တစ်ဇွန်းခပ်စားလိုက်သည်။

ကျော်အောင်ချလိုက်သောဇွန်းကို တိုးဝင်းက ကောက်ကိုင်လိုက်သည်။

"ဒီကိုဇွန်းပေး"

တိုးဝင်းက ကြက်ရိုးဖြစ်၍ ဇွန်းထဲမှ အကုန်မစားသေး
ပဲ ဇွန်းထဲအနည်းငယ်ချန်ရင်း ကိုင်ထားစဉ် ညှိသည် စိုးသိန်းက
ဇွန်းချမည့်အချိန်ကိုမစောင့်ဘဲ လှမ်းတောင်းလိုက်သည်။

"ခဏလေး.....ရမယ်"

သိန်းထွန်းက ဇွန်းထဲမှ ကြက်ရိုးအား လက်နှင့်ယူပြီး
ဇွန်းကို ချပေးလိုက်စဉ် စိုးသိန်းလည်း ကြက်ရိုးသုတ်ပန်းကန်
ကို ကောက်ကိုင်လိုက်ပြီး တစ်ဇွန်းပြီးတစ်ဇွန်းခပ်၍ ပါးစပ်ထဲ
ထည့်နေတော့သည်။

"ဟော့လို့ ဖြည်းဖြည်းစား ကြက်ရိုးတွေစူးလိမ့်မယ်"

စိုးသိန်း ပါးစပ်ထဲ ကြက်ခြေထောက်၊ ကြက်တောင်ပံ
အရိုးမျိုးစုံ နှစ်ဇွန်းဝင်သွားသည်။

အရိုးများကို တဂျွတ်ဂျွတ်နှင့်ကိုက်ဝါးနေသည်။
လက်ထဲက ပန်းကန်ကိုမချ။

ထို့ကြောင့် ဝက်ခေါင်းသုပ်ပန်းကန်ကို သုံးယောက်
သား တစ်ဇွန်းပြီးတစ်ဇွန်း အလှည့်ကြစားလိုက်သည်။

အရိုးတစ်ချောင်းမှ မထုတ်ပဲ ပါးစပ်နဲ့ အပြည့် ဝါးပြီး
မြိုချလိုက်သည်။

ကျော်အောင်တို့ မျက်လုံးပြူးသွားသည်။

"ဟော့လူ ...... ကျုပ်တို့လည်းစားဦးမယ်"

"ဝက်ခေါင်းသုပ်စားပေ.....ကျုပ်ကြက်ရိုးသုပ်ပဲစား
တော့မယ်""ဘယ်လိုလူလဲ သူများအိမ်လာပြီး အားနာရမှန်း
သိဘူး"တိုးဝင်းက မကြားတကြားပြောသည်။

"ငါ.....ကြိုက်လို့ပါကွာ ငါမစားရတာ ကြာပြီ မင်းတို့
ရောက်လာမှ စားရတာ"

စိုးသိန်း လက်ထဲက ကြက်သားသုပ်တစ်ပန်းကန်ကုန်
တော့ သိန်းထွန်းတို့သုံးယောက် စားနေသည့် ဝက်ခေါင်းသုတ်
ပန်းကန်က အနည်းငယ်ကျန်သေးသည်။

"စားတာနည်းလှချည်လား ဝက်ခေါင်းသုပ်လေးတစ်
ဇွန်းလောက်တော့ စားချင်သေးတယ်"

"ကဲ.....စားချင်လည်းစားလိုက်တော့"

ကျော်အောင်က ဝက်ခေါင်းသုပ်ပန်းကန်ကို စိုးသိန်း
ရှေ့တိုးပေးလိုက်သည်။

စိုးသိန်းက လက်ကျန်ဖြတ်လိုက်သည်။

"ဟူး.....အမြည်းလည်းကုန်ပြီး ပြန်လိုက်ဦးမယ်ဗျာ"

ပြောပြောဆိုဆို အိမ်ပေါ်က ခပ်သွက်သွက်ဆင်းသွား
သည်။ အိမ်ရှေ့မှာ ဓါတ်မီးတိုင်မရှိ သစ်ပင်ရိပ်ကြောင့် အနည်း
ငယ်မှောင်နေသည်။

ထိုညှိသည်လည်း အမှောင်ထဲ ဝင်ရောက်ပျောက်သွား

တော့သည်။ကျော်အောင်နှင့် သိန်းထွန်းတို့လည်း အမြည်း နှစ်ထုပ် ဝယ်ပြီး အရက်တစ်ခွက်စီသာသောက်ရသေးသည်။ အမြည်း များကုန်သွားပြီ.....

"တိုးဝင်း ထမင်းထည့်တော့ကွာ အရက်သောက်ချင် စိတ်လည်းမရှိတော့ဘူး.....ဒီလူဘယ်က ဘယ်လို လိုက်လိုက် လာတာလဲ.....တိုးဝင်း"

"ဗျာ"

"စောစောကလူနဲ့ မင်းဘယ်မှာဆုံတာလဲ"

"ကျွန်တော် ဆေးရုံဘေးက လျှောက်လာတော့ ဘယ် သူမှမရှိဘူး၊ ဒီလမ်းထဲ ချိုးဝင်တော့မှ နောက်ကကပ်ပြီး သူ့ အသံကြားရတာပဲ.....မင်းအမြည်းတွေဝယ်လာတာလား ..... ငါ လည်းမင်းတို့အိမ်ကိုသွားမလို့.....ဆိုပြီး ပါလာတာပဲ"

"ငါတော့ ဒီလူကို သိပ်မသင်္ကာဘူး"

"နောက်တစ်ခါလာရင် သူ့နေရာ လိုက်လည်မယ်ဆို ပြီး သူ့အခြေအနေလိုက်ကြည့်ကြမယ်"

"ဟုတ်တယ် ကျွန်တော်တို့သုံးယောက်ပေါင်းပြီး ဒီလူ နောက်လိုက်ကြည့်ကြမယ်။ သူ့ဒီအနီးဝန်းကျင်မှာ နေတာဖြစ် မယ်"

"ဒီလူးက ရိုးရိုးအမြည်းဝယ်တဲ့နေ့ဆို ပေါ်မလာဘူး နို့

အားလူးကြော်နှစ်ရက်ဝယ်တာ ရောက်မလာဘူး ဝက်ခေါင်း သုပ်တို့ ကြက်ရိုးသုပ်တို့ဝယ်မှ လိုက်လိုက်လာတာဆိုတော့ နောက်ပြန်ည အားလူးကြော်ဝယ်ပြီး စမ်းကြည့်မယ်"

သူတို့ထင်သည့်အတိုင်းပင် နောက်ည အားလူးကြော် နှင့် စမူဆာသုပ်ဝယ်သည်။ စိုးသိန်းဆိုသော ဧည့်သည် ရောက် မလာ။

နောက်ည စမူဆာသုပ်တစ်ပွဲနှင့် ဝက်ခေါင်းသုပ်တစ် ပွဲဝယ်ခိုင်းလိုက်သည်။ ထင်ထားသည့်အတိုင်း ကိုဧည့်သည်က ပါလာသည်။ ဝက်ခေါင်းသုပ်တစ်ပွဲလုံးပေးစားလိုက်သည်။ စမူဆာသုပ်ကို မထုတ်သေးပဲ အားလူးကြော်တစ်ထုပ် ဖောက် ပြီး အမြည်းလုပ်ကာ သောက်လိုက်ကြသည်။

ဝက်ခေါင်းသုပ်စားရင်း ကျော်အောင်က စကား စလိုက် သည်။

"မိတ်ဆွေ ပြန်ရင် မိတ်ဆွေရဲ့အိမ်ကို လိုက်လည်ဖို့ခေါ် မလား"

"ခင်ဗျားတို့ လိုက်လည်ချင်ရင် ခေါ်မှာပေါ့ လိုက်လည် လို့ရပါတယ်"

"ဒါဆိုလည်း ဝက်ခေါင်းသုပ်စားပြီးလို့ ပြန်ရင်လိုက်ခဲ့ မယ်နော်ဟုတ်လား"

"လိုက်လို့ရပါတယ် ကျုပ်အိမ်က ဒီအိမ်နဲ့သိပ်မဝေး ပါဘူး"

ခဏကြာတော့ ဝက်ခေါင်းသုပ်တစ်ပန်းကန်ကုန်သွားသည်"

"ကဲ.....စားလို့လည်းပြီးပြီ ပြန်တော့မယ်.....တကယ်လိုက်ကြမှာလား"

"ကဲ သိန်းထွန်းခေါ်နေပြီး လိုက်မှာလား"

"လိုက်မှာပေါ့ .....ကဲ သွားမယ်ဆိုသွားကြမယ်"

"တိုးဝင်း မင်းပေါ်လိုက်ပယ်ဆို တံခါးစေ့ထားလိုက်"

ဒီနားပဲဆိုသဖြင့် တံခါးကို သော့ခတ်မနေတော့ပဲ စေ့ရုံသာစေ့ထားပြီး စိုးသိန်းဆိုသူသွားရာနောက်သို့ လိုက်ခဲ့သည်။

အချိန်က ရှစ်နာရီခွဲကျော်ပြီ လမ်းမီးတိုင်များက နှစ်တိုင်ခြားမှသာ မီးလုံးရှိသဖြင့် မလင်းတလင်းလမ်းပေါ်ရောက်ခဲ့သည်။

အိမ်ရှေ့ကနေ နှစ်ခြံကျော်ခန့်အရောက် ဆေးရုံဘက်သို့ ဆင်းသွားသဖြင့် ပဝ့်မရဲရပ်နေကြစဉ်

"လာပါ.....ဒီသံဆူးကြိုးပြုတ်နေတဲ့ နေရာကဝင်ထွက်နေတာ .....ဒါဖြတ်လမ်းပဲ"

သူဆင်းသောနေရာက အဆောက်အဦသုံးလုံးဆီ ဦးတည်နေသည်။ တစ်လုံးက အိမ်သား. တစ်လုံးက ရေခဲတိုက်၊

တစ်လုံးက စတိုဆောင်ဖြစ်သည်။ ထိုစတိုထဲမှာ ဘွန်းလှည်းများ မြှုအသုံးမလိုသည့် ပစ္စည်းများ ထားသော အဆောင်ဖြစ်သည်။

သူရှေ့ကသွားနေသဖြင့် နောက်က သုံးယောက်မှာ မဲ့တရဲ ဆေးရုံဝင်းထဲဝင်နေရသည်။ ဆေးရုံခြံဝင်းနှင့်ထို အဆောက်အဦ သုံးလုံးက ပေနှစ်ဆယ်ခန့်သာကွာဝေးသည်။

လူသွားလမ်းလိုလိုအရာက ရေခဲတိုက်ဆေးရုံအနီးကို ဦးတည်နေသည်။ ရှေ့မှလူကလည်း ရေခဲတိုက်ဘေးက ကပ်ရောက်သွားသည်။

သူတို့သုံးယောက်လည်း ရေခဲတိုက်ဘေးက ကပ်ပြီး လိုက်သွားသည်။ ရေခဲတိုက်အဆောင်နားရောက်တော့ ညှီစို့ စို့ နံကို ရလိုက်သည်။

ရေခဲတိုက်ဆိုပေမယ့် အအေးခန်းမဟုတ်၊ ခွဲစိပ်ထားသော အလောင်းများ၊ အသုဘချမည့်သူ မယူသေးသမျှ သံကုတင်များပေါ်သည်အတိုင်း ရှိနေတတ်သည်။

ထိုအလောင်းကောင်တို့မှ အနံ့အသက်များလည်း အနီးတဝန်းကျင်သို့တိုင် ပျံ့နှံ့ထွက်နေတတ်သည်။

ရေခဲတိုက်ရှေ့ထွက်လိုက်သည်နှင့် ရှေ့သွားနေသော သိန်းဆိုသည့်လူကို မတွေ့တော့။

"ဟာ ...ဒို့ရှေ့က ငါးပေလောက်ပဲကွာတာအခုမရှိ တော့ဘူး-

"ရေခဲတိုက်ထဲများ ဝင်သွားလား"

"တံခါးဖွင့်သံလည်း မကြားပါဘူး .....ဆေးရုံနဲ့ ရေ
တိုက်က ပေတစ်ရာလောက်ဝေးတာ သူပြေးသွားလည်း တွေ့
မှာပဲ"

သုံးယောက်သား စိုးသိန်းဆိုသော လူပျောက်၍ ရပ်ပြ
ထင်ကြေးပေး ပြောဆိုနေကြသည်။

"အိမ်သာထဲ ဝင်သွားလား"

"အိမ်သာဆို သူသွားတာ ငါတို့မြင်မှာပေါ့ ငါတို့ရှေ့
သွားပြီး ငါတို့ဒီရေခဲတိုက်ဘေးအရောက် သူက ရေခဲတိုက်
ဘက်ကွေ့ဝင်သွားတာလေ"

"တိုဘက်သွားလည် မြင်ရမှာပဲ ဆေးရုံရှိရာသွား
ပိုပြီး မြင်ရမှာပေါ့"

"ဒါဆို .....ဒီလူ လူမဟုတ်တာ သေချာသွားပြီ"

ထိုစဉ် သူတို့သုံးယောက်ရပ်နေရာသို့ ဆေးရုံမှ ဓါတ်
နှင့်လှမ်းထိုးလိုက်သည်။

"ဘယ်သူတွေလဲ"

"ကျွန်တော်တို့ပါ"

"ကိစ္စမရှိဘဲ ဘာသွားလုပ်နေတာလဲ အခုလာခဲ့ကြ

ဆေးရုံထဲမှ ဓါတ်မီးကိုင် လူတစ်ယောက်က ဓါတ်မီးနှင့်
ထားရှင်း လှမ်းခေါ်လိုက်သည်။

လာရာလမ်း ပြန်လှည့်ထွက်ရန်မဖြစ်တော့သည့်
တွက် ထိုလူခေါ်သည့်ဘက်သို့ လျှောက်ခဲ့ကြသည်။

"မင်းတို့သုံးယောက် ရေခဲတိုက်နားမှာ ဘာလုပ်နေတာ

သူတို့ကိုခေါ်သည့်လူက ဆေးရုံအစောင့်အလုပ်သမား
ပုံရသည်။ လုံချိုရေးအဝတ်အစားနှင့်ဖြစ်သည်။ အသက်က
ဆယ်ခန့်ရှိပြီဟု မှန်းရသည်။

"ကျွန်တော်တို့ကို ဒီဆေးရုံက လူက ခေါ်လို့လိုက်လာ
ပါ"

"ဘယ်သူက ခေါ်တာလဲ အခုဘယ်မှာလဲ"

"အတူတူလျှောက်လာပြီး ရေခဲတိုက်အကွယ်ရောက်မှ
ျာက်သွားတာ သူပျောက်သွားလို့ ဘယ်အဆောက်အဦ
ဝင်သွားလဲ ကြည့်နေတာ"

"ငါ.....သဘောပေါက်ပြီ မင်းတို့သုံးယောက် စိုးသိန်း
ခုံလိုက်ပြီနဲ့တူတယ်"

"ဟုတ်တယ် ဟုတ်တယ် သူနာမည် ကိုစိုးသိန်းလို့
တာပဲ"

"ငါ့တူတို့ သရဲဝိုးသိန်းနဲ့တိုးခဲ့တာပဲ ဒီကောင်သေပြ
မကျွတ်လွတ်သေးဘဲ ဒီရေခဲတိုက်အနီးမှာပဲ ရှိနေတယ်"

"ဒီဆေးရုံကဝန်ထမ်းတွေရော ဆေးလာကုတဲ့လူတွေ
ရော မကြာခဏသူ့ကို တွေ့ကြရတယ်၊ ကြောက်စရာကော
အောင်တော့ မခြောက်လှန့်ပါဘူး တွေ့တဲ့လူတိုင်း·သူ့ရုပ်ခန္
အတိုင်းပဲတွေ့ရတယ်"

"သူက ဒီဆေးရုံမှာ တွန်းလှည်းတွန်းတဲ့လူ။ လူသေ
ဆို ဒီရေခဲတိုက်တွန်းပို့နေကျပေါ့။ လူမမာတွေကိုလည်း တွ
လှည်းနဲ့ တစ်နေရာက တစ်နေရာတွန်းပို့နေကျ။ တစ်ရက်
အလုပ်လုပ်ရင်း ဒီရေခဲတိုက်ကို အလောင်းပို့ရင်း နှလုံးရပ်
သေဆုံးသွားတယ်"

"သူ့မှာ နှလုံးရောဂါရှိတယ်.....ဒီလို ပင်ပန်းတဲ့အလေ
အပင်တွေသယ်တာ တွန်းတာ သူ့ရောဂါနဲ့မလုပ်သင့်ဘူး၊ ဒါပေ
မယ့်စားဝတ်နေရေးအတွက် ဒီအလုပ်ကမထွက်ပဲ ရောဂါကိုမှ
လုပ်ရင်း သေဆုံးသွားခဲ့တယ်"

"သူသေဆုံးတာ ခြောက်လ ခုနှစ်လလောက်ရှိပြီ
တယ်၊ မကျွတ်မလွတ်ပဲ ဒီနားမှာရှိနေတယ်။ ဒါနဲ့ ဝိုးသိန်းသ
နဲ့ ငါ့တူတို့ ဘယ်လိုဆုံကြတာလဲ"

ကျော်အောင်လည်း သူ့အိမ်ကို အသားပါတဲ့အမြည်

ယ်လာတိုင်း နောက်ကပါလာပြီး အမြည်းတွေစားသည့်
အကြောင်းရှင်းပြလိုက်သည်။

"သူစားပုံက လူတစ်ယောက်လို အားနာမှုမရှိဘူး။
တစ်ပန်းကန်လုံး ကုန်အောင်စားတယ်။ ဒါ့ကြောင့် မသက်
ာနဲ့ မင်းအိမ်ကိုလိုက်လည်မယ်ဆိုပြီး သူ့နောက်လိုက်ခဲ့တာ
နားလည်းရောက်ရော ပျောက်သွားတာပဲ"

"ငါ့တူတို့အိမ်က ဘယ်မှာလဲ"

"ဒီဆေးရုံနောက်လမ်းမှာ ဒီဘက်ကို မျက်နှာချင်းဆိုင်
.....ရေခဲတိုက်နဲ့ဆို သိပ်မဝေးဘူး၊ ကြားမှာ သစ်ပင်တွေကွယ်
နေလို့ မကွယ်ရင် ရေခဲတိုက်ကို နေ့တိုင်မြင်နေရမှာ"

"အိမ်နဲ့ ရေခဲတိုက်ကလည်းနီး သူကလည်း ဒီအနီး
အနားသွားလာနေမှာ နောက်ကို ညဘက် အသားပါတဲ့အမြည်း
ထွက်မဝယ်နဲ့ပေါ့ကွာ"

"တုတ်ကဲ့ .....ကျွန်တော်လည်း အဲဒီလိုပဲ စိတ်ကူထား ပါတယ်"

"အခုမင်းတို့ဝင်လာတဲ့ခြံစည်းရိုးက ပြတ်မကျနေပါဘူး
အလုံအခြုံကာထားတာ ဒီသရဲ ဝင်လို့ရအောင် ဖန်ဆင်းလိုက်တာ
ဖြစ်မယ်"

"ကဲ.....ကဲ .....သွားတော့ ဒီဆေးရုံဝင်ပေါက်ကပဲထွက်
င်းတို့ဝင်တဲ့နေရာရောက်ရင် ဦးလေးပြောတဲ့အတိုင်း တုတ်

မဟုတ် ကြည့်သွားဦး"

ဆေးရုံအဝင်အထွက်ပေါက်က သုံးယောက်သား
ထွက်လာကြသည်။ ရှေ့မှနေပြီး ဆေးရုံဘေးမှ သူတို့နေသေ
လမ်းအတိုင်းဝင်လာသည်။

စောစောက သူတို့ဝင်ခဲ့သော နေရာအနီးသို့ရောက်
သည်။ ဆေးရုံစောင့်ကြီးပြောလိုက်သည့်အတိုင်း သံဆူးကြိုး
တန်းက အင်္ဂတေတိုင်များမှာ အခိုင်အခန့်ချိတ်တွယ်ပြီး ကာ
ထားသည်။

သူတို့ကို သရဲတစ္ဆေစိုးသိန်းက ဝင်လို့ရအောင် သံ
ကြိုးများပြက်ထွက်နေအောင် လုပ်ထားသည်မှာ အတော်
ဆန်းလွန်းလှသည်။

"ဟာ.....ဒီနေရာက ကျွန်တော်တို့ဝင်သွားတာနော်
တန်းက သံဆူးကြိုးတွေပြတ်နေပါတယ်"

"ဟုတ်တယ်.....ငါလည်း ဒါကိုကြည့်ပြီး အံ့အား
နေတာ"

အံ့ဩစိတ်နှင့်ပင် အိမ်ထဲပြန်ရောက်လာခဲ့ကြသည်။

နောက်ကို ဧည်သည်တစ္ဆေ အိမ်ကိုအလည်မလာ
ရန် အသားပါသော အမြည်းများနှင့် အသားငါးများ ညဘ
မဝယ်ရန် ဆုံးဖြတ်ထားလိုက်ကြတော့သည်။

အခြောက်ကြွမ်းတဲ့ သရဲမ

"တော့.....ခင်မှုံ.....ခင်မှုံ"

ခြေလှမ်းပင် မှန်အောင် မလှမ်းနိုင်တော့သည့် အရက်သမားဒွေးမြင့် ရှေ့ကသွားနေသောမိန်းကလေးကို အမီလိုက်ရန် ကြိုးစားရင်း အသံပြုနေသည်။

"သွား .....ငါ့နောက်ကမလိုက်နဲ့"

"ငါ့ကိုစောင့်ပါဦး.....ငါနင့်ကို ပြောစရာရှိလို့"

"ဘာမှမပြောနဲ့.....ငါ နားမထောင်နိုင်ဘူး"

ခင်မှုံဆိုသော မိန်းကလေးက ပြန်လှည့်အော်ပြောပြီး

ခြေကုန်သုတ်သွားသဖြင့် အမူးလွန်နေသော ငွေးမြင့်လဲမကျ
အောင် သစ်ပင်တစ်ပင်ကို လှမ်းကိုင်ရင်း ရပ်ကျန်ခဲ့သည်။

"တောက် ....ဘာသောက်ဆင့်ရှိလို့ မာနတွေခေါင်
တက်နေတာလဲ....ငွေးမြင့်အကြောင်း မကြာခင်သိစေရမယ်"

ထန်းတပင်ရွာက အိမ်ခြေနှစ်ရာခန့်ရှိသည်။ တစ်ရွာ လုံး
လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသည်။

မိုးအခါ ရွာဘေးက ချောင်းမှာ ငါးရှာကြသည်။

ခင်မှုံက ထန်းပင်တန်းရွာမှာ ကွမ်းတောင်ကိုင် တစ်
ယောက်မဟုတ်ပေမယ့် မိန်းမလှစာရင်းတော့ဝင်သည်။ အသက်
နှစ်ဆယ်ဝန်းကျင်ရှိပြီး ခင်မှုံက ရွာလည်မှ ညွန့်လှိုင်ဆိုသော
လူငယ်တစ်ယောက်နှင့် ချစ်ရည်မျှနေသည်။

ဒီနှစ်ဝါကျွတ်လျှင် လက်ထပ်ကြမည်ဖြစ်သည်။ သုံးနှစ်
သုံးမိုးမကချစ်လာကြပြီး လာမည့်နှစ် လက်ထပ်ရန် ညွန့်လှိုင်က
ကြိုးစား၍ ငွေစုနေသည်။

ထိုကဲ့သို့ ချစ်သူနှစ်ယောက် နီးစပ်ရေးကြိုးစားနေကြ
စဉ် ....ငွေးမြင့်ဆိုသော ငမူးတစ်ယောက်က ခင်မှုံကိုတွေ့လိုက်
လျှင် ရိသဲ့သဲ့လုပ်ကာ နောက်မှတကောက်ကောက်လိုက်တတ်

သည်။

အရက်သောက်ဖော် မိတ်ဆွေများ၏ မြှောက်ပင့်ပေးမှု
ကြောင့်လည်း ခင်မှုံအားမြင်လိုက်သည်နှင့် စကားလိုက်ပြော
တော့သည်။

ငွေးမြင့်က မိဘများချမ်းသာ၍လည်း မဟုတ် ဗီဇမ
ကောင်းသောစိတ်ဖြင့် ဆိုးမိုက်နေခြင်းဖြစ်သည်။

အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်ရုံသာမဟုတ် ထစ်
တနဲ့ရှိ သတ်မယ်၊ ရိုက်မယ်၊ ခုတ်မယ်ဆိုကာ ဇက်ရဲလက်ရဲ
သွေးဆိုးသူဖြစ်သည်။

အရက်သမား၊ လူဆိုး လူမိုက်များနှင့်သာ မိတ်ဆွေ
အပေါင်းအသင်းရှိပြီး တစ်ရွာလုံးက အပေါင်းအသင်းမလုပ်၊
ကျင်ထားခံရသူများဖြစ်သည်။

ခင်မှုံလည်း လယ်သမားမျိုးရိုးဖြစ်သည့်အတွက် အိမ်ထဲ
မှာနေ၍မရ လယ်နှင့်အိမ်သိပ်မဝေးကွာလှသဖြင့် ထမင်းပို့ချိန်
တန်ပို့ရသည်။ လယ်ကွင်းထဲ ကိစ္စရှိလျှင်သွားရသည်။

တစ်နေကုန် လယ်ကွင်းထဲသွားရတတ်သည်။ ရွာထဲ
လည်း အကြောင်းကိစ္စရှိထွက်ရသည်။ အိမ်တွင်းပုန်းနေ၍ မရ။
ထိုအခါ ခင်မှုံအခြေအနေစောင့်ကြည့်နေသော ငွေးမြင့်နှင့် မဆုံ
ချင်ပဲ ဆုံရသည်။

ယခုအချိန်ထိတော့ ငွေးမြင့်က ခင်မှုံအား ကိုယ် လက်ရောက် မပြုမူသေး၊ ချစ်စကား ကြိုက်စကားသာ နော မှအတင်းလိုက်ပြောသေးသည်။

ခင်မှုံအော်ဇေါ်ကထုတ်လျှင် နောက်မှကျန်ခဲ့တတ်သည် ငွေးမြင့်လို လူမျိုးစိတ်ကို မှန်းမရ၊ သည်းမခံနိုင်အောင် အပြေ ခံရဖန်များလာလျှင် ကိုယ်ထိလက်ရောက်ပါလာနိုင်သည်။

သို့ကြောင့် ခင်မှုံ လူကြီးများကိုပြောပြပြီး ကိစ္စအလွ အရေးမကြီးလျှင် အပြင်သိပ်မထွက်တော့။

× × ×

ဝါလကင်းလွတ်၍ သီးတင်းကျွတ်လသို့ပင် ရောက်လာ ခဲ့ပြီ သီတင်းကျွတ်လပြည့်ည ရွာဦးကျောင်းမှာ မီးထွန်းပွဲကျင်း ပပြီး .....ဒီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှာ အလှူ ရှိသည်။

ခင်မှုံတို့ မိန်းကလေးများ မီးထွန်းပွဲမှာ နွဲပျော်ရင်း ချစ်သူ ညွန့်လှိုင်နှင့် တွေ့ရန် ချိန်းထားကြသည်။ နှစ်ဖက် မိဘများက သူတို့နှစ်ယောက်အကြောင်း သိပြီးသားမို့ ခိုးကြောင့်ခိုးဝှက် ချိန်း တွေ့စရာတော့မလို။

ကျောင်းခြံထောင့်(၂၇)တောင်စေတီ ရင်ပြင်အနီးရှိ ဗိတောက်ပင်ကြီးအောက်မှာ သွားထိုင်စကားပြောနေကြသည်။

တစ်ယောက်နှင့်တစ်ယောက် နှီးကပ်စွာထိုင်ရင်း ရှေ့ ရေးကို တိုင်ပင်ကြသည်။

"ကိုညွန့်.....ခင်မှုံကို တကယ်ချစ်လား"

"ချစ်လို့...ခင်မှုံနဲ့ မြန်မြန်နီးအောင် ကြိုးစားနေတာပေါ့"

"ဘာလဲ.....ခင်မှုံကို တင်တောင်းလို့ ခင်မှုံမိဘတွေက ပြောထားလို့လား"

"အဲဒီလိုတော့ မပြောပါဘူး"

"ဒါဆို ဘာဖြစ်လို့ ပိုက်ဆံစုနေတယ် ပဲပြောနေရ ဘာလဲ အဲဒီလို ကိုညွန့်က အချိန်ဆွဲနေ ရွာထဲက ပူးငွေးမြင့် က ပိုရောင့်တက်လာလေပဲ"

"အစ်ကို.....အဲဒီ ငွေးမြင့်အကြောင်း သတင်းကြားပြီး ပြီ ခင်မှုံသိက္ခာကို ယုံလို့ ဘာမှမဖြစ်တာ"

"ခင်မှုံက မိန်းမသားလေ.....အပြင်သွားရင်းလာရင်း အမူးသမားတစ်အုပ်စုပြီး အတင်းဆွဲခေါ်ရင် ဘယ်လိုမှတက် နိုင်မှာမဟုတ်ဘူး.....ဒီလိုလူမျိုးတွေက မကောင်းတဲ့ကိစ္စဆို လုပ်ရဲ ကိုင်ရဲကြတယ်"

"ခင်မှုံပြောမှပဲ စိုးရိမ်သွားပြီ ဒါဆို ဘယ်လ အိမ်ထောင် ပြုလို့ကောင်းလဲ အမေတို့ကိုကြည့်နိုင်းပြီး ခင်မှုံကို တောင်းခိုင်း လိုက်မယ်နော်"

"အတူတူနေပြီးစီးပွားတိုးတက်အောင် ရှာကြမယ် အခု ခင်မှုံအတွက်ရှာနေတယ်ဆိုတာကြီးရပ်လိုက်တော့ ကြာရင် ခင်မှုံ ငွေးမြင့်နောက်ပါတော့မယ်"

"အစ်ကို အမြန်ဆုံး လက်ထပ်နိုင်အောင်ကြိုးစားမယ် တုတ်လား"

ခင်မှုံက ခေါင်းလေးညိတ်ပြီး သဘောတူကြောင်းပြ လိုက်သည်။ ညွန့်လှိုင်က ခင်မှုံ၏ကိုယ်လုံးလေးကို တင်းတင်း လေးပွေ့ဖက်ထားရင်း သနပ်ခါးနံ့လေးသင်းနေသော ပါးပြင် နုနု လေးကို အနမ်းလေးများပေးပြီး ချစ်သူလေးကို နှစ်သိမ့်ပေး လိုက်သည်

ထို့နောက် ပိတောက်ပင်ကြီးအောက်မှထပြီး သူငယ် ချင်းများရှိရာသို့ လာခဲ့ကြသည်။

ကောင်းကင်မှာ လမင်းကြီးက ထိန်ထိန်သာနေသည်။ ဦးပဥ္စင်းနှင့်ကိုရင်များက မီးပုံးများကို လွှတ်တင်ရန် မှိုင်းခံနေ ကြသည်။

အနီးအနားရွာများမှ လွှတ်တင်ထားကြသော မီးပုံးပျံ များက မီးရောင်လေးများမှိတ်တုတ် မှိတ်တုတ်နှင့် ကောင်းကင် ထက်မှာ တရွေ့ရွေ့ လွင့်ပျံသွားနေကြသည်။

ညွန့်လှိုင်တို့ ယောကျာ်းလေးအုပ်စုနှင့် မိန်းကလေးအုပ်

ဒုံးကလည်း မှိုင်းဝနေသော မီးပုံးပျံကြီးကို ဝိုင်းထိမ်းပေးနေ ကြသည်။

"ကဲ.....လွှတ်တော့မယ်"

ဦးဇင်းကြီးက မီးပုံးကြီးလွှတ်တင်ရန် အခြေအနေကြည့် သည်။ မီးပုံးကြီးက မှိုင်းဝနေသဖြင့် ကောင်းကင် သို့တက်ရန် ခုန်းကန်နေသည်။

"ကဲ.....တပြိုင်နက်လွှတ်လိုက်ကြ"

ဦးဇင်းကြီးစကားဆုံးသည်နှင့် ထိမ်းကိုင်ထားသူများ ဝါးလုံးကြီးနှင့် ထိမ်းထားသူများက မီးပုံးကြီးလွှတ်လွှတ်ကျွတ် ကျွတ်တက်ရန် ဖယ်ရှားပေးလိုက်ကြသည်။

"ဝေး"

မီးပုံးကြီး ကောင်းကင်ပေါ်တည့်တည့် ပျံတက်သွား သည်ကိုကြည့်ပြီး ကလေးများရော လူကြီးများပါပျော်ရွှင်နေကြ သည်။

မီးပုံးပျံသုံးလုံး လွှတ်မည်ဆို၍ ကလေးလူကြီး လူရွယ် များ စုပြုံရောက်ရှိနေခြင်းဖြစ်သည်။ ယခုနှစ်လုံးကို အောင်မြင် စွာ လွှတ်တင်ပြီးပြီး တစ်လုံးလွှတ်တင်ရန် ကျန်သေးသည်။

ခင်မှုံနှင့် သူ့မိဘများ ဘုန်းကြီးကို ကန်တော့ပြီး ပြန်သွား ကြသဖြင့် ညွန့်လှိုင်လည်း လိုက်သွားတော့သည်။

× × ×

စပါးများရိတ်သိမ်းပြီးသည်နှင့် ကိုင်းမဝင်ခင်မှာပင် ညွန့်လှိုင်နှင့်ခင်မှုံတို့ချစ်သူနှစ်ယောက်ကို အကျဉ်းရုံးပြီး အိမ်ထောင်ချပေးလိုက်ကြတော့သည်။

မိဘများက သုံးလေးနှစ်ခန့် အိမ်ထောင်မခွဲသေးပဲ မိဘများနှင့်အတူနေ၍ စီးပွားရှာရန်ပြောဆိုထားရာ ညွန့်လှိုင်လည်း ခင်မှုံတို့အိမ်ရောက်လာရတော့သည်။

ခင်မှုံမှာ အစ်ကိုယောကျ်ားသားမရှိသဖြင့်လို အသက်ငါး ဆယ်ကျော် ဖခင်ကြီးက လယ်ခုနစ်ဧကကို လူငှားနှင့်လုပ်ကိုင်နေရသည်။

ညွန့်လှိုင်အိမ်ကိုရောက်လာသဖြင့် လူငှားမထားတော့ဟုဆိုသည်။ ခင်မှုံ၏ဖခင်ကြီး လယ်မလုပ်နိုင်သည့်အချိန် ညွန့်လှိုင် ဦးစီးလုပ်ကိုင်ရမည်ဟုဆိုသည်။

ခင်မှုံက အကြီးဆုံးဖြစ်ပြီး အောက်မှာ မောင်လေးတစ်ယောက်၊ ညီမလေးတစ်ယောက်သာရှိသည်။

ညွန့်လှိုင်ကလည်း အစကတည်းက လယ်ယာလုပ်ကိုင်နေသူမို့ နောက်တစ်နှစ်ခန့်လုပ်ပြီးလျှင် သူကိုယ်တိုင် လယ်ယာများကို ဦးစီးလုပ်မည်။ ယောကျ်ားကြီးအား လယ်အလုပ်မလုပ်ပဲ အနားယူစေမည်ဟု ခင်မှုံကိုပြောထားသည်။

ခင်မှုံတစ်ယောက် အိမ်ထောင်ပြုသွားသည့်အတွက် ...ဖြင့် အရက်တွေအလွန်အကျွံသောက်ပြီး ညွန့်လှိုင်ကို သွား ...က်မည်ဟု ဆိုသည်။

ခင်မှုံကိုပါသတ်ပစ်မည်ဟုဆိုကာ နေ့စဉ် ခါးကြိမ်းကြိမ်း ...သည်။ ဆိုးတူပေါင်းဖက်ဖော်များက အတင်းတားတားသဖြင့် ...သနာကြီးကြီးမားမား မပေါ်ခြင်းဖြစ်သည်။

"မင်းမကျေနပ်ရင် အခွင့်သာအောင်စောင့်၊ အခုနေ ...သိရှင်ကြားသွားလုပ်ရင် မင်းလဲသေမှာပဲ မင်းမသေချင် သေး ... ကိုယ့်အတွက်ထဲဝင်မယ့်အချိန်ကိုသာစောင့် သူတို့ ဒီရွာက ...ယ်မှ မပြေးဘူး"

ထိုစကားကြောင့် ဓားသွေးနေသောငွေးမြင့် ဓားကို ...ကိုင်ဖြစ်တော့ပဲ အခွင့်သာမယ့်အချိန်စောင့်တော့မယ်ဆိုကာ ...နလာခဲ့သည်။

အစပိုင်းတော့ သွေးပူ၍ သတ်မည်ဖြတ်မည်လုပ်သည်။ ...ကြာတော့ ငွေးမြင့် ခင်မှုံအကြောင်း အရက်ဝိုင်းမှာလည်း မပြော ...ဖစ်တော့။

အရက်သောက်ဖော်များက အစပေါ်ပေးသော်လည်း ...သူက ထိုအကြောင်းကို ဆက်မပြော၊ ကြာတော့ သူ့မိတ်ဆွေ ...များကလည်း ခင်မှုံအကြောင်း စကားမစတော့။

တစ်နေ့ကုန်၍ တစ်မိုးရောက်ခဲ့သည်။ ခင်မှုံတို့ရွာက အနိမ့်ပိုင်းဖြစ်၍ မိုးအလွန်ကြီးလျှင် ရွာရေလယ်များပါ ရေမြှု တော့သည်။

ခင်မှုံတို့လယ်က ရွာနှင့်တစ်ပိုင်ခွဲခန့်ဝေးသဖြင့် မိုးတွင်း နွားများ ရေထဲအသွားအပြန်လုပ်ရန် မလွယ်။ သို့ကြောင့် လယ် ကွင်းထဲမှာ တဲထိုးပြီး နွားနှင့်အတူ လူပါတစ်မိုးခိုကြရတော့ သည်။

သူရင်းငှားတစ်ယောက်နှင့် ညွန့်လှိုင်တို့က လယ်ထဲက တဲမှာပင်နေကြသည်။

တဲမှာ ဆန်ကို တစ်မိုးစာ ပုတ်နှင့်ထည့်ထားပြီး ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ဟင်းစားတို့ကို ရွာမှတစ်ပတ်တစ်ခါ လူကြုံရှိလျှင် လူကြုံဖြင့်ပေးလိုက်ပြီး လူကြုံမရှိလျှင် ခင်မှုံက လှေလှော်ပြီးပို့ပေးသည်။ တစ်ခါတစ်ရံ ခင်မှုံ၏အဖေလည်းသွား ပို့သည်။ ခင်မှုံက ခင်ပွန်းဖြစ်သူနှင့်တွေ့ရန် သူကိုယ်တိုင်သွား သည်ကများသည်။

မနက်ပိုင်းသွားပြီး ညနေမှ ပြန်လာတတ်သည်။

တစ်ရက် မိုးမရွာသည့်ရက် သုံးလေးရက်ခန့်ရှိသည် မို့ ရေများကျသွားပြီး ချောင်းဘေးလူသွားလမ်းလည်း ကောင်း စွာပေါ်လာပြီ။

လယ်ကွင်းထဲအထိ လှေမပါဘဲသွား၍ရပြီဖြစ်သည်။

သည်း တောင်းတစ်လုံးထဲ အပြည့်နီးပါး တစ်ပတ်စာ ငရုတ်၊ သွန်၊ ဆီနှင့်ငါးခြောက်တို့ကို ထည့်ပြီး လယ်ကွင်းထဲသို့ လာခဲ့သည်။

ဝါခေါင်လကုန်တော့မည်။ စပါးပင်များလည်း မကြာခင် းအနှံများထွက်တော့မည်။ သီတင်းကျွတ်အထိ အိမ်မှာနေ ဘန်ဆောင်မုန်းလနောက်ပိုင်း သူပါတဲမှာ သွားနေရမည်။

ကိုင်းဝင်သည့်အချိန် ရှေ့ပိုင်းမှာ ကိုညွန့်လှိုင်က နွားနှင့် န်ပြည့်လုပ်ငန်းဝင်နေစဉ် သူက တဲမှာ ချက်ရေးပြုတ်ရေး ခန်ယူပေးရမည်ဖြစ်သည်။

ကိုင်းစိုက်ချိန်– ရေလောင်းချိန်– ပေါင်းသင်ချိန် သူပါ န်ပြည့်ဝင်လုပ်ရမည်။ ထိုအချိန်ကို ကြိုတင်တွေးပြီး .....ပျော် သည်။

အပျော်အချိန်လေးတွေကိုကြိုတင်တွေးရင်း လာခဲ့ရာ ဘြာခင်မှာပဲ တဲသို့ရောက်လာခဲ့သည်။

တဲရောက်တော့ ကိုညွန့်လှိုင်တို့က တဲမှာမရှိ၊ နွားစာ က်ရိတ်နေကြသည်။

သူတဲပေါ်ရောက်တော့ .....ပတ်ဝန်းကျင်အခြေအနေကို ကဲခတ်လိုက်သည်။

●

"ဂလုံ ,.... ဂလုံ.....ဂလုံ"

အိုးခွက်ပန်းကန်များထားသော နေရာမှ ထွက်လာသော အသံကြောင့် ထိုနေရာသို့ထွက်လာခဲ့သည်။

ထမင်းချက်သောအိုးအပေါ်မှာ အုတ်ခဲတစ်လုံးကို တင်ထားသည်ကိုတွေ့လိုက်သဖြင့် အဖုံးကို အနည်းငယ်ဟကြည့်လိုက်သည်။အိုးထဲမှ ရေအနည်းငယ်နှင့် ထည့်ထားသောငါးအရှင်များကို တွေ့လိုက်သည့်အတွက် လယ်ကြား ငါးများဖမ်းထည့်ထားသည်ကို သိလိုက်သည်။

တန်သင်းရိုးထောင့်များမှာ ငါးဖြင့်တစ်ဖက်ကာပြုလုပ်ရက်ထားသော 'ခရာ'များကို ညဘက်ထောင်၍ မနက်စောစော 'ခရာ'ဖေါ်ရသည်။

ထို'ခရာ'အတွင်း မန်ကျည်းကိုင်းခြောက်များကို ဖုံးထိုးထည့်ထားရသည်။ ရေစီးနှင့်တိုးဝင်လာသော ငါးမှန်သမျှ ရှုပ်ယှက်ခတ်နေသော မန်းကျည်းကိုင်းများကြောင့် နောင်ပြန်လှည့်၍ မရတော့။ တစ်ညလုံး ရှေ့တိုးမရ နောက်လှည့်မရနှင့် 'ခရာ'ထဲမှာ မိနေတော့သည်။

မနက်ရောက်၍ ခရာကိုဖေါ်ပြီး မန်းကျည်းကိုင်းများကို ...ုတ်၍ အထဲမှငါးများကို တောင်းထဲ၊ အိုးထဲခေါက်ချလိုက်လျှင် ခရာထဲဝင်သမျှ ငါးမျိုးစုံရရှိသည်။

လယ်သမားတို့ စပါးခင်းထဲမှာ ရေရှိသည့်အချိန်
...ား မြူးများကို ဆိုကဲ့သို့ ထောင်ဖမ်းကြသည်။

ညွန့်လှိုင်လည်း ခရာငါးလုံးလုပ်ထားကာ ညတိုင်း ဟင်း
...အောင် ငါးထောင်သည်။

ရေများသည့်အချိန် ခရာအားလုံး ငါးဝင်ချက်မှဝင်သည်
...တစ်ရံ ဟင်းစားပင်မရတတ်၊ ပုံမှန်မတုတ်၊ ရချင်သည့်ရက်
...ရက်သုံးရက်တားမကုန်အောင်ပင်ရသည်။

သည်မနက်ငါးခူးသုံးကောင်နှင့်ငါးပြေမနှစ်ကောင်၊ငါးခုံ
...ှင့်ရိုင်းအနည်းငယ်ရလိုက်သဖြင့်အခြေအနေကောင်းသည်။

ငါးခူသုံးကောင်နှင့် ငါးပြေမနှစ်ကောင်ကို အိမ်အမြန်ယူ
...နဲ့ဖယ်ထားပြီး တဲမှာချက်ရန် ကျန်ငါးများကိုကိုင်နေသည်။

ငါးကိုင်ရင်း ထမင်းတစ်အိုးတည်ထားသည်။ ခင်မှုံ
...က်ပြီး နာရီဝက်ခန့်ကြာမှ မြတ်ရိတ်ထွက်နေသော ကိုညွန့်
...ုန်ရောက်လာသည်။

"ဦးလေးချစ်ရော မတွေ့ပါလား"

"အောက်ပိုင်းက စပါးခင်းတွေကြားထဲ ပေါင်းတွေဆင်း
...င်းကျန်ခဲ့တယ်"

"ဘယ်အချိန်ကရောက်တာလဲ"

"ထမင်းတစ်အိုးပဲကျက်တော့မယ်။ အခုငါးကိုင်နေတာ

ပြီးသွားပြီ"

"တာ.....ဘာလို့ ငါးချက်မှာလဲ နေ့တိုင်းဒီမှာ ငါးစားနေ
တာ ရွာပြန်ရင် ယူသွားဖို့ထားတာမဟုတ်ဘူး"

"ငါးခူသုံးကောင်နဲ့ ငါးပြေမနှစ်ကောင်၊ ငါးခုံးမကြီး
တစ်ကောင်ချန်ထားတယ်"

"စောစောကသိရင် အကုန်ချန်ထားပါတယ် နှစ်အိမ်
ပို့ရင်အတော်ပဲ"

"နောက်တစ်ခေါက်မှ အစ်ကိုတို့အိမ်ကို ပို့တော့ဟုတ်
လား"

"နောက်ပိုင်း ရေနည်းသွားရင် ငါးပိုရမှာ 'ခရာ'သုံး
လုံးလောက် ထပ်လုပ်မလို့ ငါးမှာထားတယ်"

"ဘယ်သူ့ကို မှာတာလဲ"

"ကိုမျိုးလည်း ယင်းလုပ်မလို့ ငါးဝယ်မယ်ဆိုတာနဲ့
ငါးနှစ်လုံးအပိုဝယ်ခဲ့ဖို့မှာလိုက်တယ်"

ထိုအချိန် ဦးချစ်တင် မြက်ထုံးထမ်းပြီး တင်းကုတ်ထဲ
ဝင်လာသည်။

"ဟင်းအိုးက ပေါင်းလင်နဲ့ကို သင်းနေတာပဲ ဗိုက်တောင်
ဆာ..ဘာပြီ.....ဘယ်အချိန်က ရောက်လဲ"

"ထမင်းရော ဟင်းရော ကျက်နေပြီလေ.....ရောက်တာ

နာရီကျော်သွားပြီး.....ရေချိုးပြီးရင် ထမင်းစားကြပေါ့"

ညနေငါးနာရီထိုးကာနီးမှ ခင်မှုံရွာသို့ပြန်လာခဲ့သည်။
းမှာ သူကဲ့သို့ပင် ရွာသို့ပြန်လာကြသည့် ရွာသားနှစ်
ာက်ခန့်ပါလာသည်။ တစ်ရွာတည်းသားများဖြစ်သော်လည်း
းရင်းနှီးနှီးသိသူများ မဟုတ်သဖြင့် တစ်ဦးနှင့်တစ်ဦး အခေါ်
ပြောမရှိပဲ ကိုယ့်အတွေးနှင့်ကိုယ့်ရွာသို့ ပြန်လာခဲ့ကြသည်။

ရွာနားရောက်တော့ မိမိတို့အိမ်ရှိရာဘက်သို့ သွား
ာလမ်းများရှိရာ ခွဲထွက်သွားသဖြင့် ခင်မှုံတစ်ယောက်သာ
ာင်းဘေးလမ်းအတိုင်း ဆက်လာခဲ့သည်။

ခင်မှုံတို့ရပ်ကွက်ကိုဝင်သောလမ်းကိုမရောက်သေး
ဖြင့် ရှေ့ဆက်လျှောက်စဉ် ကိုင်းတောစပ်က ဌေးမြင့်ထွက်
ပြီး ကိုင်းတောထဲဆွဲသွင်းသွားသည်။

"လွှတ် လွှတ်ခွေးကြီး.....ခွေးကျင့်ခွေးကြံမကြံနဲ့"

"ငါနင့်ကို ညနေ လေးနာရီထဲက ဒီထဲမှ ထိုင်ပြီးစောင့်
ဘာ.....မလွှတ်ဘူး"

"လွှတ်.....ငါအော်လိုက်မယ်"

"ခွပ်.....ခွပ်"

"အား"

သရဲသဘက်စီးသကဲ့သို့ ဖြစ်နေသော ဌေးမြင့်လည်း

ရှိန်းကန်အော်ဟစ်နေသော ခင်မှုံ၏မျက်နှာကို နှစ်ချက်
ထိုးပစ်လိုက်သဖြင့် အသံမထွက်ပဲ ငြိမ်သွားတော့သည်။ အ
ကခြောက်နာရီခွဲကာနီးပြီ.....မိုးတွင်းကာလဖြစ်၍ အမှောင်
သန်းနေပြီ.....

မလှုပ်မယှက်ဖြစ်နေသောခင်မှုံအား .....ငွေးမြင့် ပြ
တိုင်းပြုနေတော့သည်။

အတော်ကြာတော့ ခင်မှုံသတိရလာသည်။ သူ့အား
ကားနေသည့်ငွေးမြင့်၏မျက်နှာကို လက်သည်းများနှင့် အား
ဆွဲကုတ်ချလိုက်သည်။

"အား"

"ခွေးမ.....ငါ့အသားနာအောင်လုပ်တယ်.....နင့်ကို
သတ်မယ်"

သွေးသံရဲရဲနှင့် ကုန်းရုန်းထပြီး ခင်မှုံခေါင်းကိုကိုင်
မြေကြီးနှင့်ဆွဲဆောင့်သည်။

မိုးရေကြောင့် နူးနေသောမြေသားက ခင်မှုံ၏ခေါင်း
ဆွဲဆောင့်တိုင်း အောက်ကို ချိုင့်ဝင်သွားသည်။ ခင်မှုံကသ
မဖြစ်၊ အတင်းရုန်းကန်နေသည်။

"နင်ဒီနေ့ သေရမယ်"

ကျောမှာထိုးလာသော ဓားကိုယူပြီး ခင်မှုံလည်ပင်း

င်ကာ သူ၏ကိုယ်လုံးကြီးနှင့် အားကုန်ဖိချလိုက်သည်။ ထက်
အောင်သွေးထားသော တစ်ပေခန့်ရှိသည့် ဓားသွားက ခင်မှုံ၏
ည်ပင်းကို ဟိုကနဲဖြတ်ချသွားသည်။

ဘီးလူးသဘက်စီးနေသကဲ့သို့ဖြစ်နေသော ငွေးမြင့်
ည်း ခင်မှုံ၏ခေါင်းကို ကောက်ကိုင်ပြီး ခပ်လှမ်းလှမ်းမှာရှိသော
ချောင်းအတွင်းသို့ ဆံပင်ကိုဆွဲကာ လွှင့်ပစ်လိုက်သည်။

ခေါင်းတခြား ကိုယ်တစ်ခြားဖြစ်သွားသော ခန္ဓာကိုယ်
ကြီးကို အားရပါးရ လိုမ့်ကန်နေပြီးမှ ဓားကိုကိုင်ကာ အမှောင်
ထဲဝင်ရောက်သွားတော့သည်။

ခင်မှုံ၏အိမ်က ခင်မှုံလယ်ကွင်းထဲကပြန်မရောက်ပေ
ယ့် စိတ်မပူ၊ ယောက်ျားဖြစ်သူက တဲမှာအိပ်နိုင်းသဖြင့် မပြန်ပဲ
နေသည်ဟုထင်လိုက်သည်။

ထိုညလွန်ပြီးနောက်နေ့တစ်နေ့လုံး စိတ်မပူ၊ ညနေပိုင်း
သို့ရောက်မှ ရွာပြန်လာမည်ကိုသိနေကြသည်။

တဲမှာတစ်ညအိပ်တာထက်ပိုမနေပဲ ပြန်လာနေကြဖြစ်
သည်။ သို့ကြောင့် သမီးဖြစ်သူ တဲမှပြန်မရောက်သည့်အတွက်
ပူပန်ခြင်းမရှိ နေခဲ့ကြသည်။

ညနေ သုံးနာရီခန့် ရွာထဲက လူတွေ လှုပ်လှုပ်ရွရွဖြစ်
ကာ တီးတိုးတီးတိုး ပြောပြီး ရွာမြင်သို့သွားနေကြသည်။

ဒေါ်တင်က အိမ်ရှေ့မှာ ကွက်ကြည့်ကွက်ကြည့် စကားရပ်ပြောနေသော လုံးတင်နှင့်မိပုံကိုကြည့်ပြီး အိမ်ပေါ် လှမ်းအော်ကာ စပ်စုလိုက်သည်။

"ဟဲ့လုံးတင်နဲ့ မိပုံ ဘာသတင်းကြားလို့ .....တီးတိုး နေတာလဲ.....ခင်လှနဲ့မြဝင်း ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်သွား တာလဲ"

"ဒေါ်တင်.....ခဏလေးဆင်းလာပါဦး"

"အေး.....အေး.....လာပြီ.....ညည်းတို့သတင်း ငါလည်း ထောင်ရတာပေ့ါ"

အနီးသို့ရောက်လာသော ဒေါ်တင်လည်း လုံးတင်နှင့် မိပုံတို့မျက်နှာမကောင်းသည်ကို အကဲခတ်ပြီး

"ဘာပြဿနာတက်နေလို့လဲ.....ငါကိုလည်းပြော ကြစမ်းပါဦး"

ဒေါ်တင်က ထိုကဲ့သို့မေးလိုက်မှ မိပုံရော လုံးတင် ဒေါ်တင်ကိုဖက်ပြီး ငိုပါလေတော့သည်။

"ဟဲ့.....ဟဲ့ ဘယ်လိုဖြစ်တာလဲ"

ဟီး.....ဟီး.....ဟီး.....

"ဟဲ့.....ဘာဖြစ်လာကြတာလဲ.... .ငါ့ကိုပြောပြကြစမ်း"

ဟီး.....ဟီး.....ဟီး

"လုံးတင်.....ဘာဖြစ်နေတာလဲ.....မိပုံပြောစမ်း ငိုနေလို့ ပြီးမလား"

"ဟို.....ဟို.....ဒေါ်လေးတင်သမီး အမယ့်မရှိတော့ဘူး"

"ဘာ.....ဘာပြောတာယ်"

"ခင်မူ.....ခင်မှုံသေပြီ.....ဒေါ်လေး"

ဟီး.....ဟီး.....ဟီး

"အမယ်လေး.....ငါ့သမီးလေး ခင်မှုံသေပြီတုတ်လား ဘယ်မလဲခင်မှုံ.....ဘယ်မှာသေတာလဲ"

"ဟို.....ဟို.....ရွာအဝင် ချောင်းဘေးကိုင်းတောစပ်မှာ"

"အမယ်လေး သမီး ခင်မှုံရေ"

ဒေါ်တင်အော်ငိုသံကြောင့် အိမ်ပေါ်မှ ဖခင်ဖြစ်သူ ဦးသန်းမောင်နှင့် ခင်မှုံ၏မောင်လေးနှင့် ညီမလေးတို့ အိမ်ရှေ့ ပြေးထွက်လာကြသည်။

"ကျွန်မတို့ကို လာပြောနိုင်းတာ ပြောမထွက်တာနဲ့ ရပ်နေကြတာ ပြီးတော့ ခင်မှုံ.....ခင်မှုံရဲ့ခေါင်းကိုဖြတ်.....ဖြတ် သွားတယ်"

"အမယ်လေး .....ကျုပ်ရင်ကွဲပါပြီတော် ဟီး ဟီး ဟီး ငါ့သမီးကို ဘယ်သူသတ်လဲ ငါ့သမီးအစား ပြန်သတ်မယ် ..... ဟီး.....ဟီး.....ဟီး"

"ဟဲ့ လုံးတင်.....ခင်မှုံအသတ်ခံရလို့ သေပြီတဲ့ ဘယ်မှာလဲ ပြောစမ်း"

"ဦးလေးသန်း အိမ်မှာပဲနေ မသွားနဲ့"

"ဘာဆိုင်လို့မသွားရမှာလဲ ခင်မှုံသေတာဘယ်နေရာမှာလဲ.....မတင်.....ဒီမှာနေခဲ့ ငါသွားမယ်.....ဟိုကောင်.....ငွေမြ.....ဇီးသမီးကို သတ်တာပဲ .....ဒီကောင်ကိုတွေ့ရင် ငါသတ်မယ် ဓါးသွားယူဦးမယ် ဖယ်ကြစမ်း"

ဦးသန်းမောင်က ဓားယူရန် အိမ်ထဲပြေးဝင်သွားသည်နှင့် လုံးတင်က ဒေါ်တင်အား.....

"ဒေါ်လေးတင် ဦးလေးသန်းကို မသွားခိုင်းနဲ့ အမြင်မတော်ဘူး အောက်ပိုင်းက လုံးတီးကြီး"

"အမယ်လေး .....ဇီးသမီးလေးအဖြစ်ဆိုးလိုက်တာ ဟီး.....ဟီး....."

ရွာလူကြီး ဦးစိုးဝင်းရောက်လာပြီး ဦးသန်းမောင်ကိုခေါ်သွားသဖြင့် .....ဦးသန်းမောင်ပါသွားသည်။

ဒေါ်တင်ကိုလည်း သေချာပြောင်းဖျပြောဆိုပြီး သမီးအလောင်းရှိရာသို့ ခေါ်သွားသည်။

လွန်ခဲ့သောညက သေဆုံးသွားသလို မိုးများကလည်း ရွာချလိုက်သဖြင့် သွေးအနည်းငယ်သာခြောက်ကပ်ပြီးကျန်ရစ်

သည်။

ဒေါ်တင်လည်း သမီးအလောင်းကိုမြင်ပြီး မခံစားနိုင်တော့သဖြင့် တစ်နေရာသွားထိုင်ကာ ငိုနေတော့သည်။

ညနေ ငါးနာရီခန့် ရဲများရောက်လာပြီး စစ်ချက်အချို့ယူကာ အလောင်းကိုဆေးရုံသို့ သယ်သွားတော့သည်။

မျက်နှာမှာ လက်ငါးချောင်းကုတ်ရာကြီးနှင့် လူကြားသဲမသွားဝန့်သော ငွေမြင့်တစ်ညလုံး ချောင်းဘေးလယ်အတိုင်း လျှောက်ခဲ့ရာ ရွာအချို့ကိုလည်း ကျော်ဖြတ်ခဲ့သည်။

မိုးရေစိုသော အဝတ်အစားများနှင့် တစ်ညလုံးအိပ်စရာ ရွာမတွေ့၊ အခြေအနေမသိဘဲ ရွာတစ်ရွာကိုအဝင် ခွေးများဝိုင်းဟောင်သည့်အတွက် လာရာလမ်းကို ပြန်လှည့်ခဲ့ရသည်။

မနက်မိုးလင်းတော့ သူရောက်သည့်နေရာက ရွာတစ်ရွာနှင့်မနီးမဝေးမှာရှိနေသည်ကိုတွေ့လိုက်သည်။

အခြေအနေကြည့်ပြီး သစ်ပင်အောက်မှာ မိုးခိုရင်း အညောင်းအညာဖြေရန် ထိုင်နေလိုက်သည်၊ ကုတ်ခြစ်ရာ ငါးခုမှ သုံးခုက အသားများပဲ့ထွက်ကုန်ပြီး အနာယင်းသလိုဖြစ်ကာ ကိုက်လွန်းလှသည်။

မိုးရေမကြာခဏမိသဖြင့် အနာက ခြောက်မသွားဘဲ အနာဘေးသားများ ဖထူလာနေသည်။ အနာကနာ ချမ်းက

လည်းချမ်း၊ ဗိုက်ကလည်းဆာနှင့် တစ်ကိုယ်လုံး တုန်တုန်ရီရီ ဖြစ်လာသည်။

နေထွက်လာသည့်အချိန်ထိ သူ့အနီးဝန်းကျင်သို့ရွာထဲကလူများရောက်မလာ။ ချောင်းဘေးလမ်းနှင့်လည်း သူထိုင်နေသောသစ်ပင်က ဝေးငါးဆယ်ခန့်ကွာသည်၊ အနီးဝန်းကျင်မှာ ကိုင်းပင်များ၊ ခြုံပုတ်များလည်းရှိနေသည်။

သေသေချာချာမကြည့်ပါက သူ့ကိုမြင်ရန်မလွယ်။ အချိန်က တဖြည်းဖြည်းကုန်လာသည်။ ရွာထဲကိုလည်း သည်ပုံနှင့်မဝင်ဝန့်၊ နေပူလိုက်၊ မိုးရွာလိုက်နှင့် အဖျားတတ်လာပြီဖြစ်သည်။ နေလုံးက အနောက်ဘက်သို့ နိမ့်ဆင်းသွားသည်။

သစ်ပင်ရိပ်၊ အနီးဝန်းကျင်က ကိုင်းပင်ခြုံပင်တို့၏ အရိပ်များက အမှောင်ကိုပိုပြီးဖြစ်စေသည်။

ငွေမြင့် မျက်လုံးတွေပြာဝေနေသည်။ တစ်ညလုံး လမ်းလျှောက်ထားရသလို၊ မျက်နှာက ဒဏ်ရာတွေရင်းပြီး မခံမရပ်နိုင်အောင် နာကျင်နေသည်။ အဖျားကြောင့်လည်း တစ်ကိုယ်လုံးတုန်ယင်နေသည်။

ထိုအချိန်မှာပဲ ကိုင်းတောထဲက အမျိုးသမီးတစ်ယောက် သူ့ထံလာနေသည်ကို တွေ့လိုက်သည်။ အမျိုးသမီးခေါင်းကို မမြင်ရသေး၊ ကိုင်းပင်အဖျားတွေ ယှက်နေသည့်အတွက်

အောက်ပိုင်းကိုသာ မြင်ရသည်။ ရင်ဘက်အထက်ကို မမြင်ရသေး။

သူနှင့်ပေနှစ်ဆယ်ခန့်သာကွာတော့သည်။ အချိန်ကလည်း နေဝင်ချိန် ဆွားရိုင်းသွင်းချိန်သာသာ၊

အမျိုးသမီး လက်နှစ်ဘက်က သူ၏မျက်နှာရှေ့ကွယ်နေသောကိုင်းပင်များကို လက်နှက်ဘက်နှင့်ဘေးကိုတွန်းထုတ်လိုက်စဉ် .... ငွေမြင့် အမျိုးသမီးကို မြင်ပြီး အထိတ်တလန့်အော်လိုက်သည်။

"သွား....သွား ....ငါ့အနားမလာနဲ့"

"သွား....ခင်မုံသရဲမ ငါ့အနားမလာနဲ့"

သူမြင်လိုက်သောအမျိုးသမီးက ခေါင်းမပါသောခန္ဓာကိုယ်ကြီးသာဖြစ်သည်။ သူသတ်ခဲ့သော ခင်မုံမှန်းသိလိုက်သည်။

"ခင်မုံ....မလာနဲ့....သွား....အား....အား"

ခင်မုံက နောက်ကိုဆုတ်မသွားပဲ ....လက်ကြီးနှစ်ဖက်ဆန့်တန်းပြီးသူ့အနီးသို့ တဖြည်းဖြည်းလျှောက်လာသည်။

သူလျှောက်ပုံက လေထဲလွင့်မြောနေသည့်ဟန်နှင့် ခန္ဓာကိုယ်ကလည်း မြင့်မြင့်လာနေသည်။

"အား....အား....မလာနဲ့"

အဖျားကလည်းတက် အစာကလည်းမရှိ အကြောက်

လွန်သည့်စိတ်နှင့်.... နှလုံးလေဟက်ကာ ဇက်ကျိုးကျပြီး အသက်ထွက်သွားတော့သည်။

ဒွေးမြင့်ခန္ဓာကိုယ် ငြိမ်သက်သွားသည်ကိုကြည့်ပြီး ကျေနပ်သွားသည့်အလား ခင်မှုံ၏ခေါင်းမပါသော ဝိညာဉ်တစ္ဆေလည်း ရှေ့ဆက်မတိုးပဲ ပျောက်သွားတော့သည်။

သူ့အား ခနိုင်ကျင့်သတ်ဖြတ်သွားသော ဒွေးမြင့်သွားရာနောက်လိုက်ခဲ့ပြီး ဒွေးမြင့်သေဆုံးသွားသည်နှင့် သူ့အသက်ဝိညာဉ်ချုပ်ငြိမ်းရာနေရာသို့ ပြန်ရောက်လာသည်။

ထိုနေရာက ဘယ်မှမသွားတော့ပဲ နေထိုင်ခဲ့သည်။ ရွာတောင်ဘက်ပိုင်းမှ ...ထွက်ပြီး လယ်ကွင်းထဲသွားသူများ ချောင်းအတွင်းငါးရှာထွက်သူများ သူသေဆုံးခဲ့ရာကို ရှောင်ကွင်း၍မရ။

သို့ကြောင့် ထိုလမ်းမှ မနက်စောစောသွားသူများ ခင်မှုံဝိညာဉ်နှင့်မကြာခဏတိုးကြရတော့သည်။

ညနေ ငါးနာရီကျော်၍ ခြောက်နာရီခန့်သို့လျှင်ခင်မှုံသရဲမနှင့် မကြုံတွေ့သူဟ၍မရှိ၊ ခေါင်းပြတ်ကြီးနှင့်သာတွေ့ကြရသည်။

ခင်မှုံသေ၍ ခန္ဓာကိုယ်ကို မြေမြှုပ်ပြီးသုံးရက်ခန့်ကြာမှ သူတို့ရွာနှင့် တစ်မိုင်ခန့်ဝေးသော ချောင်းလက်တက်ရိုးလေးအတွင်း ရေအကျမှာ အသားများအနည်းငယ်သာကျန်တော့သည့် ခေါင်းပြတ်ကိုပြန်တွေ့ကြသည်။

ခေါင်းပြတ်ကြီးကိုကြည့်ပြီး ခင်မှုံဖြစ်ကြောင်း မည်သူမှ ...ပြောနိုင်သော်လည်း ခေါင်းအဖြတ်ခံလိုက်ရသော ခင်မှုံ၏ခေါင်း ...ဖြစ်ကြောင်း လူတိုင်း အကည်ပြုကြသည်။

သို့ကြောင့် သူ၏မိသားစုကိုအကြောင်းကြားပြီး ခင်မှုံ၏ ...သာသာခေါင်းအား ခင်မှုံကိုမြေချခဲ့ရာနေရာသို့ ယူဆောင် ...ပြီး မြေပုံပေါ်မှာ မီးသင်္ဂြိုဟ်လိုက်သည်။

ခင်မှုံ၏ခေါင်းပြန်တွေ့ပြီး သူ၏မြေပုံမှာသွား၍ မီးသင်္ဂြိုဟ် ...လိုက်သည့်နောက်ပိုင်း ခင်မှုံဝိညာဉ်ကို တွေ့ကြသူများ ခေါင်း ...ကြီးအတိုင်း မတုတ်ဘဲ....

ခေါင်းကြီးကို ပွေ့ကိုင်ပြီး ရေကူးနေသည်ကိုတွေ့သူများ ...သလို ခေါင်းပြတ်ကြီးကိုင်ပြီး ရေထဲကနေ့ ကုန်းပေါ်တက်လာ ...သည်ကို မြင်သူရှိကြသည်။

ရေထဲမှာ ခေါင်းပြတ်ကြီးကိုင်ပြီး ဆံပင်များကို ဆေးကြော ...သည်ကိုလည်း မြင်သူများရှိကြသည်။

ထိုကဲ့သို့ ခင်မှုံသရဲကို မကြာခဏမြင်နေရသည့် အတွက် ...လမ်းမှ တစ်ယောက်တည်း မည်သူမှ မသွားဝန့်ကြတော့။ ...များများနှင့်စောင့်ပြီး အများနှင့်သာ သွားလာဝန့်ကြသည်။

သူ၏လူ့ဘဝက မိခင်၊ ဖခင်တို့ရှိရာသို့လည်း မရောက်၊ ...လင်ဖြစ်ခဲ့ဘူးသော ကိုညွန့်လှိုင်ရှိရာသို့လည်းမသွား။ သူ

အသတ်ခံလိုက်ရာ နေရာဝန်းကျင်မှာသာ စွဲစွဲလန်းလန်းရှိနေ
သည်။

မိသားစုများ အလှူလုပ်၍ တရားနာရန်သွားခေါ်သော်
လည်း တရားသွားမနာသည်လားမသိ၊ ရွာက စုပေါင်းဖြီး
သူခြောက်လန့်နေသော ချောင်းစပ်မှာ ဘုန်းကြီးငါးပါးပင့်၍
ပရိတ်ရွတ်သည် တရားပေးသည်။

မည်သို့ပင် ကျွတ်လွတ်အောင် လုပ်ပေမယ့် ခေါင်းပြတ်
သရဲမ ခင်မှုံကား ပျောက်မသွား။

ထို့နောက်က နွေရာသီ၊ တပေါင်း၊ တန်ခူးလဆိုလျှင်
ရေအနက်က နှစ်ပေ။ သုံးပေခန့်သာနက်ပြီး ရေကပေနှစ်ဆယ်
ခန့်သာ အကျယ်ရှိတော့သည်။

ထိုရေနည်းနည်းမှာပင် သရဲမခင်မှုံက ညနေ လူတွေ
လမ်းပေါ်မှာတွေ့သည်နှင့် ရေထဲမှာ ခေါင်းလေးပေါ်ပြီး ရေစိမ်
ပြနေတတ်သည်။

အနည်းငယ်မှောင်လာလျှင် ရေထဲမှ ခေါင်းပြတ်ကြီးမွေ
ဝိုက်ပြီး ကုန်းပေါ်တက်လာသည်ကို ဖန်ဆင်းပြပြီး ခြောက်လှန့်
တတ်သည်။မှောင်လွန်းလျှင် ချောင်းထဲမှာမရှိတော့ပဲ ချောင်း
စပ်မှာခေါင်းပြတ်ကြီးကို ဒူးနှစ်ချောင်းနှင့်ညှပ်ပြီး သန်းရှာသည့်
ပုံလုပ် ပြတတ်သည်။တန်ခူး ကဆုန်ကိုင်းများသိမ်းပြီးသည်နှင့်

င်လည်းယောကျ်ာမဦးသန်းမောင်နှင့် ဒေါ်တင်တို့အားခွင့်
း သည်။

"မောင်ညွန့်လှိုင်က မနေချင်လို့ ပြန်တော့မယ်ဆိုတော့
ဂို့က မတားချင်တော့ပါဘူး....သမီးခင်မှုံမရှိပေမယ့် ခင်မှုံ
သက်ရင် မင်းလည်းသားပါပဲ။ အခုထိလည်း ဒီအတိုင်းပဲ
ပေါ် သားအရင်းလိုပါပဲ....မင်းအဖေ အမေတို့မှာ ....မိသား
ဘော့ မင်းမှာတာဝန်ရှိတာပေါ့....သွားမယ်ဆို မတားတော့
"

"ကျွန်တော် ....အမေတို့ဆီမသွားပါဘူး....ရှာဦးကျောင်း
း....သာသနာ့ဘောင်ဝင်ပြီး အမြဲနေတော့မယ်....ခင်မှုံ
မလွတ်ပဲရှိနေတာ....ကျွန်တော်မခံစားနိုင်တော့ဘူး....

"ဖြစ်ရလေ မောင်ညွန့်လှိုင်ရယ်"

"လူတွေပြောပြောနေကြတယ်....ခေါင်းပြတ်ကြီးကိုင် ပြီး
ာန်အမျိုးမျိုးနဲ့ ခြောက်လှန့်နေတယ်တဲ့....သေပြီးထဲ အထိ
ခေါင်းပြတ်ကြီးနဲ့....ဟိုးအတိတ်ဘဝက ဘယ်လိုဝဋ်ကြွေး
ာလဲမသိဘူး....သူ့အတွက်လည်း ကောင်းမှုဖြစ်အောင်
ာ့်အတွက်လည်း ကုသိုလ်ရအောင် သာသနာ့ဘောင်
ါအပိုင် ဝင်လိုက်တော့မယ်"

"ဟာ....ဒါဆို မင်းအမေ အဖေဆီသွားပြီး ခွင့်တောင်း

ဦး၊ သူတို့ခွင့်ပြုလို့ ဘာသနာ့ဘောင်ထဲဝင်မယ်ဆိုရင်....အဖေ
ရဟန်းအကာခံမယ်...,အကျွေးအမွေလည်း အကုန်တာဝန်ယူမ
....ကဲ့ပိုသား ဆန္ဒရှိသလိုသာလုပ်....ခင်မှုံလက်ဝဲ လက်ဖ
ကျန်ခဲ့တယ်....အကုန်ရောင်းပြီး အလှူထဲထည့်မယ်"

လယ်သမား၊ ယာသမားများလည်း ကိုင်းသီးနှံမှ
ရောင်းချပြီးပြီးမို့ ငွေရှင်နေကြသည်။

အချို့က အလှူအတန်းလုပ်သည်။ အချို့ကသားရှ
ပွဲလုပ်သည်။ ယခု ကိုညွန့်လှိုင်အပါအဝင် ခင်မှုံ၏မောင်လေး
ကိုညွန့်လှိုင်၏ညီနှစ်ယောက် ရွာထဲမှ ဦးသန်းမောင်၏တူ
ယောက်တို့အား ရဟန်းခံရှင်ပြုပွဲပြုလုပ်ပေးခဲ့သည်။

အလှူနေ့က ဦးသန်းမောင်နှင့် ဒေါ်တင်ကိုယ်တိုင်
သေဆုံးခဲ့သည့်နေရာသို့သွားပြီး....

"ခင်မှုံရေ...သမီးရဲ့ခင်ပွန်း မောင်ညွန့်လှိုင် သာသ
ဘောင်ဝင်နေပြီ ဒီနေ့ နေ့လည်တစ်နာရီမှာ အလှူအတ
တရားနာရေစက်ချမယ် သမီးရဲ့အလှူလည်းပါတယ်
ကိုယ်တိုင် တရားလာနာပြီး သာဓုခေါ်ဟုတ်လား"

ဒေါ်တင်‌ပြောပြီး ဦးသန်းမောင်ကလည်း

"သမီးခင်မှုံ ဒီဘဝဆိုးကြီးကလွတ်အောင် မောင်ညွ
ရဲ့ ရဟန်းခံအလှူပွဲမှာ သာဓုတွေ တဝကြီးခေါ်ရအောင် တ

သာခဲ့ပါ နေ့တစ်နာရီတိတိမှာ တရားပွဲစမယ် တရားနာ လာ
...."

ဘုန်းကြီးများ ဆွမ်းမကပ်ခင်လင်မယားနှစ်ယောက်
းလာပြီး ခင်မှုံအား တရားနာရန် ဖိတ်သည်။

မိခင်နှင့် ဖခင်တို့တရားနာလာဖိတ်သည်ကို ခင်မှုံသိ
သော်လည်း ချောင်းစပ်ခြံပုတ်ဘေးက သစ်ပင်ပေါ်ကမဆင်းဘဲ
မ်ပြီးနားထောင်နေသည်။

ထိုနေ့ တရားပွဲကို ခင်မှုံရောက်သွားပြီး တရားနာယူ
ပါသည်။

မသေခင်က သူ့ကိုသတ်ရန် လည်ပင်းကိုဓါးနှင့်လှီးနေ
ည် အသက်ဝိညာဉ်မထွက်ခင်မှာပဲ ငါသေခဲ့ရင် ဝိညာဉ်ဘဝနဲ့
ငွေးမြင့်ကို ကိုယ်ထိလက်ရောက် ပြန်သတ်ပြီးမှ လွတ်ရာကျွတ်
ရာသွားမယ်ဟု ကျိန်ဆိုခဲ့သည်။

ငွေးမြင့်သွားရာနောက်လိုက်ပြီး သတ်ရန်အကြိမ်ကြိမ်
ကြိုးစားသော်လည်း သေပြီးဝိညာဉ်က လူသတ်နိုင်သည်အထိ
မစွမ်းခဲ့။

ဒါပေမယ့် ဝိညာဉ်ကိုပြင်အောင်တော့ ဖန်ဆင်းပြနိုင်
သည်။ ငွေးမြင့်က သူကျိန်ဆိုသည့်အတိုင်း ကိုယ်ထိလက်
ရောက်မသတ်ရသေးဘဲ....ဝိညာဉ်ကိုမြင်ရုံနှင့် အသက်ထွက်သွား

သည်။

ကိုယ်ထိလက်ရောက်သတ်ပြီးမှ လွတ်ရာကျွတ်ရာသွားမည်ဆိုသော မသေခင်ဖြစ်ချင်ခဲ့သည့်ဇောကြောင့် ငွေးမြင်းသေမှန်းသိခဲ့သည့်တိုင် သည်နေရာကခွာမရဖြစ်နေသည်။

ကိုယ့်စိတ်နှင့်ကိုယ် ရက်လည်တရားနာသွားမည် ကြံသော်လည်း တရားနာသည့်ဆီမရောက်ပဲ သူသေခဲ့သည့်နေရာကိုသာ ပြန်ရောက်ခဲ့သည်။

သည်နေရာကခွာချင်သော်လည်း ဘာကြောင့်မှန်းမသိသည်နေရာမှာသာ တဝဲလည်လည်ဖြစ်နေသည်။ ရွာကလူများလည်း သူ့ဝိညာဉ်ကိုမြင်ပြီး ကြောက်လန့်နေကြပြီ။

ယခု ခင်မှူး၏မိခင်နှင့် ဖခင်တို့က ခင်ပွန်းဖြစ်သူ၏ရဟန်းခံအလှူပွဲမှာ မိမိပိုင်ဆိုင်ခဲ့သည့် လက်ဝတ်ရတနာများ ထုခွဲရောင်းချလှူခဲ့၍ မိမိ၏အလှူလို့လာပြောသွားသည်။

တရားနာရန်လာဖိတ်သွားသည်။ သည်တစ်ခါတော့တရားနာရောက်အောင်သွားမည်ဟု စိတ်ထဲကပိုင်းဖြတ်ထားသည်။ ဆန္ဒဖြစ်ပေါ်သည့်အတိုင်း တစ်နာရီမထိုးခင်ကျောင်း အနီးသို့ရောက်လာခဲ့သည်။

တရားနာရန် ဖိတ်ကြားနေသည့်အတွက် ကျောင်းဝင်းအပြင်မှ တရားကို သေချာစွာနာယူနေလိုက်သည်။

ရေစက်ချတရားနာအပြီး သာဓုခေါ်လိုက်သည်နှင့် သူ၏သာဥ်လည်း တဖြည်းဖြည်းအငွေ့ အမှုံကဲ့သို့ပေါ့ပါးလာကာသနှင့်အတူ လွင့်မြောပျောက်ကွယ်သွားတော့သည်။

ခင်မှူး၏ယောကျ်ားကိုညွှန့်လှိုင် ရဟန်းခံလိုက်သည့်နောက်ပိုင်း ခေါင်းပြတ်ခန္ဓာကိုယ်နှင့်သရဲမကို မည်သူမှမမြင်ရဘာ့ယောကျ်ားကိုစိတ်မချ၍ အစွဲအလန်းကြီးလွန်းကာ သရဲမဖြစ်က မကျွတ်ခြင်းဟု လူတွေပြောကြသေးသည်။

မည်သို့ပင်ဖြစ်စေ နေ့စဉ်ရက်ဆက် အခြောက်ကြမ်းသည်ဟု နာမည်ဆိုးထွက်နေသော ခေါင်းပြတ်သရဲမခင်မှူ ဘယ်ထွက်သွားသည်။ မည်သည့်ဘုံသို့ ကူးပြောင်းရောက်ရှိသွားသည်ကို မည်သူမှမသိနိုင်ပါလေတော့။

ညောင်ပင်တစ္ဆေ

တောင်ဒဂုံ(၅၃)ရပ်ကွက်မှာနေသော သူငယ်ချ
ထိန်လင်း၏ (၂၃)နှစ်မြောက် မွေးနေ့ကျင်းပသဖြင့် ည
လေးနာရီခန့် သူငယ်ချင်းများ စုံညီစွာ ရောက်ရှိနေသည်။
ပန်းကမ္ဘာစားသောက်ဆိုင်မှာ နာရီပိုင်းနှင့် ငါးနာ
မှ ခုနှစ်နာရီခွဲအထိ ငှားပြီး ညှော့ခံမည်ဖြစ်သည်။
ထိန်လင်း၏ သူငယ်ချင်းအရင်းအချာများဖြစ်သေ
ကံထူး၊ သိန်းနိုင်၊ တင်မောင်ဝင်း၊ ဟန်ဝင်းအောင်တို့ ညနေ
နာရီကျော်ကတည်းက ဝိုင်းလုပ်ကိုင်ပေးရန် ကြိုပြီးရောက်
သည်။အရက်ဘီယာကို စိတ်ကြိုက်သုံးဆောင်ရန်....စီစဉ်
ပေးသည်။ကံထူးနှင့် သိန်းနိုင်တို့က ဒဂုံမြောက်ပိုင်း (၃၈)ရပ်
မှာနေသည်။ အလုပ်မှာ အတူတူလုပ်ကိုင်ရင်းက ရင်းနှီး
သူငယ်ချင်းများဖြစ်ခဲ့သည်။

စိတ်သဘောချင်းတိုက်ဆိုင်သည်ဖြစ်၍လည်း ဆိုးတူ
ကောင်းဖက် ရင်းရင်းနှီးနှီးရှိခဲ့သည်။
သို့ကြောင့် သူငယ်ချင်းမွေးနေ့ပွဲမှာ ဝိုင်းကူညီလုပ်ကိုင်
ပေးရင်းဆိုင်မှာညှော့ခံသောအရက်ကိုမူးအောင်သောက်ကြသည်။
ဟန်ဝင်းအောင်တို့ တင်မောင်ဝင်းတို့ကတော့ ကာရာ
အိုကေဝိုင်းမှာ အသံသေးအသံကြောင်နှင့် နားကွဲမတတ် အော်
ဟစ်သီဆိုနေသည်။မိန်းကလေးသူငယ်ချင်းများလည်း အတော်
များများ လာကြသည်။
ခုနှစ်နာရီခွဲတော့ မွေးနေ့ပွဲပြီးဆုံးသွားပြီး ကံထူးတို့
သည်း ထိန်လင်းကို အိမ်ပြန်ပို့ပေးပြီး ....နှုတ်ဆက်ကာ.... ဆိုင်
ကယ်နှင့် ဒဂုံမြောက်ပိုင်းသို့ ပြန်လာခဲ့ကြသည်။
ကံထူးက ဆိုင်ကယ်ကိုမောင်း၍ သိန်းနိုင်က နောက်မှ
စီးပြီး လိုက်လာသည်။ နှစ်ယောက်လုံး ရေချိန်ကိုက်အောင်
မူးနေကြသည်။အချိန်က ညရှစ်နာရီကျော်ပြီ.... (၅၃)ရပ်ကွက်မှ
(၇၁) ရပ်ကွက်သို့ မောင်းလာခဲ့သည်။ (၇၁)ရပ်ကွက်၊
ကျွန်စစ်သား လမ်းမှနေ၍ တောင်ဒဂုံမှ ဒဂုံအရှေ့ပိုင်းသို့
ဆိုင်ကယ်ကိုမောင်း လာခဲ့ကြသည်။ထိုရပ်ကွက်နှစ်ခုကြားမှာ
ကုမ္ပဏီပိုင်အ ကွက် များ ကဟင်းလင်းပြင်အတိုင်းရှိနေသည်။
အချို့အကွက်များကို ခြံကာ ပြီး အဆောက်အဦများ

ဆောက်နေသည်။

လမ်းမီးက ခပ်ကျဲကျဲသာရှိသဖြင့် လမ်းပေါ်မှာ သစ် ရိပ်တို့ကြောင့် မှောင်နေသည်။ ကွန်ကရစ်ခင်းထားသော လ များက ပျက်စပြုနေပြီး [illegible]ကျင်းများ နေရာအနှံ့ရှိနေသည်

"သတိထားမောင်းကွ....ချိုင့်ထဲကျပြီး ပစ်လဲလို့ တော့....တစ်ယောက်မှသက်သာမယ်မထင်ဘူး"

"ဒီလောက်တော့ ကျွမ်းပြီးသားပါ...စိတ်ချလက်ချ လိုက်ခဲ့စမ်းပါ"

သိန်းနိုင်လည်း ဘာမှမပြောပဲနေလိုက်သည်။

"ဟော့....ကံထူး ခဏလေးရပ်စမ်းပါ"

"တစ်မျိုးပြီးတစ်မျိုးပါလား ဘာဖြစ်ပြန်ပြီလဲ"

"ဗိုက်ထဲမှာ ရေတွေ....အရက်တွေနဲ့ ပြည့်နေတယ် ငါအပေါ့စွန့်ချင်လို့ ခဏလေးရပ်ပေးကွာ"

"မင်းကတော့ အမြဲဂျီဂျောင်ကောင်ပဲ"

"ပြောချင်တာပြော....အခု ရပ်ပေး မရပ်ပေးရင် ဆို ကယ်ပေါ်မှာပဲ ပေါက်ချပစ်လိုက်မယ်"

"ကျွိ"

ကံထူးက ဆိုင်ကယ်ကို ပိုက်သည်။

"မင်းကော မစွန့်တော့ဘူးလား"

"ငါနေလို့ရသေးတယ် အိမ်ရောက်မှပဲ စွန့်တော့မယ် သွား....သင့်ရာမှာလုပ်လိုက်"

သိန်းနိုင်က နောက်ဘက်ပြေးသွားပြီး သစ်ပင်တစ်ပင် ဘေးမှာ ရပ်ကာ အပေါ့စွန့်နေသည်။

"ဟာ....ဒီကောင်ထိုင်ပြီး မစွန့်ဘူး ရပ်ပြီး ပန်းနေတယ် .... တကယ်မလွယ်တဲ့ကောင်"

ခဏနေတော့ သိန်းနိုင်ရောက်လာသဖြင့် ဆိုင်ကယ်ကို စက်နှိုးပြီး ဆက်ထွက်လာခဲ့သည်။

"မင်းကွာ အပေါ့စွန့်တာ လမ်းဘေးထိုင်စွန့်တာမဟုတ် ဘူး"

"ဘောင်းဘီအရှည်နဲ့ ထိုင်လို့မလွယ်လို့ သစ်ပင်ဘေး ကပ်ပန်းလိုက်တာ ပန်းပြီးမှ အပင်ကိုမော့ကြည့်မိတယ် ညောင် ပင် တစ်ပင်ပဲ"

"မင်းကွာ လုပ်လိုက်ရင် အချိုးကိုမပြေဘူး။ အပေါ့စွန့် တာ ....ခွင့်လွှတ်ပါ ဘာညာပြောပြီး တောင်းပန်လိုက်သေးလား"

"ဘာဆိုင်လို့ တောင်းပန်ရမှာလဲ....ခါတိုင်းလဲ ဘောင်း ဘီနဲ့ဆိုမတ်တတ်ရပ်ပြီးပဲ အပေါ့စွန့်နေကျ.မတောင်းပန်မိပါ ဘူး"

"အခု မင်းအပေါ့စွန့်တာက ညောင်ပင်ဇလ....ညောင် ပင်ဆို....အခြားအပင်တွေထက် မမြင်နိုင်တဲ့အရာတွေ ခိုကပ်မှီ တွယ်နေတတ်ကြတယ်လို့ ငါကြားဘူးတယ်"

"ဒီညောင်ပင်က အပင်ကြီးမှမဟုတ်သေးပဲ....အပင်ကြီး ဆိုရင်တော့ မင်းပြောတဲ့အတိုင်း ဖြစ်နိုင်တယ်....ကဲပါကွာ ဘာမှ မဖြစ်ပဲ ငါအခုဆိုင်ကယ်ပေါ်မှာ ရှိနေပြီလေ"

ကျွန်စစ်သားလမ်းနှင့် အမှတ်(၂)လမ်းမကြီးအဆုံးကို ရောက်ပြီမို့ ဆိုင်ကယ်ရပ်ကာ ဘေးနှစ်ဘက်ကိုကြည့်လိုက်သည်။ကားလာနေသည့် မီးရောင်ကိုတွေ့သည့်အတွက် ရပ်ပြီးအနီးအဝေးကိုကြည့်ခြင်းဖြစ်သည်။

တပ်ရင်း(၃)ဘက်ကလာနေသော ကားမီးရောင်က နီးသဖြင့်ရပ်ကာ ကားဖြတ်အသွားကိုစောင့်နေလိုက်သည်။ ခဏ အတွင်းမှာပင် ကားကြီးတစ်စီးဖြတ်သွားသည်။

ထိုကားနောက်မှာ ပါလာသော ကားက ဝေးသေး သဖြင့် ဆိုင်ကယ်ကို ရပ်ထားရာမှ ဆက်ထွက်လိုက်သည်။

"ဝူး"

ဆိုင်ကယ်က ရှေ့ကိုရုန်းပြီး ခေါင်းထောင်သွားသည် နောက်ကဘီးက နေရာကမရွေ့။

"ဟာ....ဘာဖြစ်တာလဲ"

"ဝူး"

ဆိုင်ကယ်ဆောင့်ရုန်းပေမယ့် နေရာကမရွေ့ နောက် ကဆိုင်ကယ်ကို ဆွဲထားသလိုမျိုးဖြစ်နေသည်။

"ဝူး ....ဝူး"

ဘယ်လိုပဲ လီဗာကို တင်တင် ဆိုင်ကယ်ခေါင်းသာ ထောင်သွားသည် နေရာကမရွေ့။

"ကဲ....သိန်းနိုင်....ခဏဆင်းဦး .... မင်းဆင်းတွန်း ငါ မောင်းကြည့်ဦးမယ်"

ထိုအချိန် ရွာသာကြီးဘက်မှရော တပ်ရင်း(၃)ဘက်မှ ရော ကားများဖြတ်နေသဖြင့် ဆိုင်ကယ်ထွက်၍မဖြစ်နေသည်။

ကားသုံးစီးခန့် ဆက်တိုက်ဖြတ်သွားပြီးမှ ဆိုင်ကယ် လမ်းပွင့်သွားသည်။ ဆိုင်ကယ်ကို ကားလမ်းကိုဖြတ်မောင်း ကြည့်လိုက်သည်။ "ဝူး"

သိန်းနိုင်အောက်ဆင်းပေးမှ ဆိုင်ကယ်က ကျောက် လမ်းဆုံကို ဖြတ်၍ ရသွားတော့သည်။

နောက်မှ သိန်းနိုင်ကပြေးလိုက်လာပြီး ဆိုင်ကယ်ပေါ် ခုန်တက်လိုက်သည်။ ထိုအခါ ဆိုင်ကယ်က ဘာမှမဖြစ်ပဲ ဆက် မောင်း၍ရခဲ့သည်။

"သိန်းနိုင်"

"ဘာလဲကွ"

"ဆိုင်ကယ်က ရုန်းဆွဲနေရတယ်....ခါတိုင်း ထက်ပို လေးသလိုပဲ၊ အခုနို့နှစ်ယောက်ထဲ ဆိုင်ကယ်ပေါ်မှာရှိနေပေမယ့်

ဆိုင်ကယ်က (၃)ယောက်လောက်တင်ပြီး ဆွဲနေရသလိုလေး နေတယ်" "ဒါလည်း မပြောတတ်ဘူး ....မင်းအမြင်ပဲ ဘာမှ မပ လာပါဘူးကွာ မင်းစိတ်ထင်လို့ဖြစ်မှာပါ"

"ဆိုင်ကယ် ရုန်းနေရလား သာသာလေး လေးသွားနေ တာလားဆိုတာ ငါသိတာပေါ့..အခုနည်းနည်းထူးဆန်းနေ တယ်"

"ထူးဆန်းတာအသာထား အခုမောင်းလို့ရနေတာပေါ့ ....စိတ်အေးလက်အေးသာမောင်းစမ်းပါ ကံထူးရာ"

(၁၃)ရပ်ကွက်နှင့် (၁၂)လမ်းဆုံထိပ်အရောက် တပင် ရွှေထီးလမ်းထဲ ချိုးဝင်လိုက်သည်။ ထိုလမ်းအတိုင်း ဆိုင်ကယ် ကိုမောင်းလာစဉ် အခံရခက်သော အပုပ်နံ့ကြီးကို ရလိုက်သည်။

"ဟာ....နံ့လိုက်တဲ့ အပုပ်နံ့ကွာ"

"လမ်းဘေးမှာ ခွေးသေကောင်ပုပ်ရှိတယ်နဲ့တူတယ်"

အပုပ်နံ့က ....စနံ့သည့်နေရာမှ ဓါတ်တိုင်နှစ်တိုင်ခန့် အထိ ရောက်သည့်တိုင် နံတုန်းဖြစ်သည်။

"ဟ....မင်းခွေးသေပုပ်ကလည်း ဆိုင်ကယ်နဲ့ ချိတ်ပြီး ပါလာတာလားမသိဘူး....နံလိုက်တာကွာ"

"အေးကွာ.... အနံ့ကိုပျောက်မသွားဘူး"

ကုန်ပဒေသာလမ်းဆုံရောက်လာသဖြင့် ဘ်သည် ကို· စောင့်ပြီး လမ်းဖြတ်ကူးလိုက်သည်။

(၃၈)ရပ်ကွက်သို့ ရောက်ခဲ့ပြီး အတွင်းလမ်းထဲဝင်ပြီး မြင့်ဦးလွင် လမ်းထဲဝင်ခဲ့သည်။ မကြာခင်မှာပင် သိန်းနိုင်တို့ အိမ်ရှေ့ရောက်ခဲ့သည်။ အပုပ်နံ့ကမရှိတော့။

"ငါမဝင်တော့ဘူးသိန်းနိုင် ....မနက်မှဆုံကြမယ်"

သိန်းနိုင်က ဘာမှပြန်မပြောပဲ သူ့ ခြံဘက်လှည့်ပြီး တံခါးကို ဆောင့်ကန်လိုက်သည်။

"ဝုန်း"

"ဟာ....ဒီကောင်...ပြဿနာရှာနေပြီ..လစ်တော့မယ်"

ကံထူးလည်း ....ဆိုင်ကယ်ကို သိန်းနိုင်တို့အိမ်ရှေ့မှ ဆက်ပြီးမောင်းလာခဲ့သည်။ သိန်းနိုင်ဆင်းသွားသည်နှင့် အပုပ်နံ့ ပျောက်သွားသည်။ ....ဆိုင်ကယ်ပေါ်က လူနှစ်ယောက်ဆင်းသွား သလို မောင်းရ၍ပေါ့ပါးသွားကြောင်း ကံထူးသတိထားမိလိုက် သည်။

"ဒီကောင် မဟုတ်တာလုပ်လို့ သရဲများလိုက်လာလား မသိဘူး....ထူးဆန်းတာတော့အမှန်ပဲ"

ကံထူးထွက်သွားပြီးနောက် သိန်းနိုင်တစ်ယောက် အိမ် ကိုပြဿနာရှာနေသည်။ ခြံတံခါးကို ကန်ဖွင့်နေသဖြင့် အိမ်ပေါ်မှ ဆင်ဖြစ်သူအော်ဆဲမှ....တံခါးကို မကန်ပဲ ဂျက်ကိုဆွဲပြီး ဖွင့်ဝင် ခဲ့သည်။

အိမ်ထဲရောက်တော့....ဖခင်ဖြစ်သူက ဆူတော့သည်။

"မင်းကအချိန်မဟုတ် သွားလာနေပြီး သောက်ရေတွေသောက်လာတယ်....မင်းမှာလက်မပါဘူးလား"

"ငါတို့က မင်းကိုဆင်းပြီး ခရီးဦးကြိုပြုရဦးမှာလား တံခါးဖွင့်ပေးပြီး ဝင်ပါလို့ပြောရမှာလား....မင်းတံခါးကို ဘာအချိုး ချိုးပြီး ကန်ဖွင့်တာလဲ ပြောစမ်း"

"မသိဘူးဗျာ"

"ဒုန်း"

ဆက်တီစားပွဲကို လက်သီးနှင့်ထိုးပြီး ဖခင်ဖြစ်သူအား စိန်ခေါ်သလိုကြည့်သည်။

"ဟေ့ကောင် သိန်းနိုင် မင်းက ငါ့ကိုဘယ်တုန်းက ဒီအချိုးမျိုးပြောဘူးလို့လဲ....လာစမ်း"

"ကိုလှဟန် ....ရှင်....လူငယ်နဲ့ပြိုင်ပြီး မိုက်မလို့လား"

"မင်းအသာနေစမ်း ငါဒီကောင်အချိုးကိုကြည့်မရတာ ကြာပြီ ....အခု ....ပြန်တောင်စော်ကားနေပြီ....ကဲကွာ"

ဦးလှဟန်က သားဖြစ်သူအား လှမ်းထိုးလိုက်သည်။ မိမိရရမထိုးဖြစ် ပခုံးကိုထိုးမိသွားသည်။

"ဟာ ဗျာ"

ဒုန်း....ဒုန်း....ဒုန်း

ဖခင်ကိုပြန်မထိုးပဲ ခေါင်းနှင့် နံရံကိုပြေးဆောင့်သည်။ နံရံကလျှာထိုးများဖြစ်၍ခေါင်းကွဲကာသွေးများဖြာကျလာ သည်။

"တဲ့....တဲ့....သိန်းနိုင်....ဘယ်လိုဖြစ်တာလဲ ဖအေက ကောင်းစေချင်လို့ ပြောဆိုဆုံးမတာ....ဘယ်လိုလုပ်တာလဲ ခေါင်းကသွေးတွေထွက်လာပြီ"

ဘာမှမပြောရပ်နေရာမှ ထိုင်ချလိုက်ပြီး ကြမ်းပြင်နှင့် ခေါင်းကို အကြိမ်ကြိမ်ဆောင့်နေပြန်သည်။

"ဟာ....ဒီကောင်ဘာတွေဖြစ်နေတာလဲ"

"ရှင့်သားပုံစံကြည့်ရတာ....ပုံမှန်မဟုတ်ဘူး....ခါတိုင်း ဒီလိုမှ မဟုတ်တာ....စကားလည်း တစ်လုံးမှပြန်မပြောဘူး"

ကြမ်းပြင်ပေါ်မှာ ခြေခွင်ထိုင်ရင်း ဘယ်သူ့မှမကြည့်ပဲ မျက်နှာကြီး ရှုံ့မဲ့ထားသည်။

ကိုယ်လုံးက တုန်ရီသလိုဖြစ်နေသည်။

သိန်းနိုင်၏ အမူအရာကြည့်ပြီး ဖခင်ဖြစ်သူ ဦးလှဟန် နှင့်မိခင်ဒေါ်ဆင့်တို့လည်းပုံမှန်မဟုတ်သည်ကိုရိပ်စားမိသွားသည်။

"အပြင်က ပြန်လာပြီး အခုလိုဖြစ်တာဆိုတော့ အပမှီ လာတာပဲဖြစ်မယ်.... ဘိုးတော်ကိုသွားပင့်ပြီး ပြကြည့်ရင် မကောင်းဘူးလား"

"ဘိုးတော်က ဒီအချိန်ဆို အိမ်မှာမရှိတတ်ဘူး။ မြို့ဦး

စေတီမှာ ပုတီးသွားစိပ်နေလောက်ပြီ"

"မြန်ရောက်ချင်ရောက်ရောပေါ့...မင်းတို့ဘိုးဖေ ကဲ တို အိမ်ခဏလောက်ကြွပေးပါလို့ ပင့်ခဲ့ပါလား....ဘိုးတော်မလာသေး လည်း ... မြန်လာတဲ့အချိန်ထိ စောင့်ပြီး ပင့်လာခဲ့"

"ဟဲ့စန်းစန်းအေး....လာခွဲသားအမိ ဘိုးတော်အိမ်သွား ရအောင်"ဘိုးတော်ဆိုသူက ဦးလှဟန်တို့လမ်းနှင့် တစ်လမ်းနှစ် လမ်းကျော်ဆို ရောက်သည်။ အဘ ဘိုးမင်းခေါင်ဓာတ်စီးသော ဘိုးတော်ဖြစ်သည်။ (၃၈)နှစ်ဘိုးတော်ဟုလည်း နာမည်ကြီးနေ သူဖြစ်သည်။

မကြာခင်မှာပင် အိမ်မှာဘိုးတော်ကိုအဆင်သင့်တွေ့ သည်နှင့် ....ခေါ်ဆင့်က ပင့်ခေါ်လာခဲ့သည်။

ဘိုးတော်က အသက်ငါးဆယ်ဝန်းကျင်ခန့်သာရှိသေး သည်။ အပေါ်အောက်ဆင်တူ ယောဂီရောင်ဝတ်ထားသည်။

"ကဲ....သားကြီးလာ အဘရှေ့ကို"

ဘိုးတော်က ....သိန်းနိုင်ရှေ့ကဖြတ်သွားရင်း သူဘုရား ခန်းရှေ့သွားရာသို့ လိုက်ခဲ့ရန်ခေါ်လိုက်သည်။

ဘိုးတော်က ရောက်သည်နှင့် ဘုရားကိုဦးချရှိခိုးလိုက် သည်။ ဘုရားရှိခိုးပြီးသည်နှင့် သိန်းနိုင်ဘက်သို့လှည့်လိုက်ကာ သေသေချာချာစိုက်ကြည့်နေသည်။

"အံမယ် တော်တော်ကြီးတဲ့ကောင် ငါ့သားနဲ့ခိုကပ်ပြီး ...က်လာတာပါလား...."

"ကဲ....ဟော့ကောင် မင်းဘယ်သူလဲ ငါသိတယ် မင်း ...သားမှာ ခိုကပ်နေတယ် အေးကပ်တဲ့အတိုင်းပဲနေ မင်းဘာ ...ကြောင့် လိုက်လာတာလဲ အားလုံးသိအောင်ပြောပြစမ်း"

"ဒီကောင်ငါ့ကို မရိုးမသေ မလေးမစားစော်ကားခဲ့လို့ ...ကျေနပ်တာနဲ့ လိုက်လာခဲ့တာ"

"ဘယ်လိုစော်ကားတာလဲ ရှင်းပြဦးလေ"

"ငါနေတဲ့ညောင်ပင်ကို သူသေးနဲ့ပန်းတယ်၊ ငါ့ကို ...တောင်းပန်ရင် ခွင့်လွှတ်ချင် ခွင့်လွှတ်ဦးမယ်၊ သူကိုစွပြီးတော့ ...တွေးနဲ့လည်း ထွေးခဲ့သေးတယ်၊ တံတွေးထွေးတာ ငါတို့ ...ပ်စိတ်ဆိုးတယ်"

"လူငယ်ဆိုတာ ဒီလိုကိစ္စတွေနားမှမလည်ပဲ ခွင့်လွှတ် ...ရပါတယ်""သူ့ သူငယ်ချင်းက တောင်းပန်ဖို့ပြောတယ်။ သူက ...ယုံအကြည်မရှိလို့ တောင်းပန်စရာမလိုဘူးလို့ ပြန်ပြောတယ်"

"သူအဲဒီလိုပြောတာနဲ့ မကျေနပ်လို့ သူတို့ဆိုင်ကယ် ...ပေါ်တက်ပြီး လိုက်ခဲ့တာပဲ....ဒီရောက်တော့ ငါသူ့ကို ဆုံးမတယ် ...အသေသတ်မလို့ ဆုံးဖြတ်ထားတယ်"

"ဟာ ....အဲဒီလို မလုပ်ရဘူးလေ မင်းအဲ့ဒီလိုလုပ်ရင်

အထက်ပိုင်ရာဆိုင်ရာတွေက မင်းကို ဒီအတိုင်းကြည့်နေမှာ လား မင်းရဲ့ ဇိမ္မာန်လေးတောင် ပျောက်သွားဦးမယ်"

"ကဲ....မင်းဘာကြောင့် အခုလိုလုပ်တာလဲ အားလုံး သိသွားပြီ....မင်းဘယ်သူလဲဆိုတာ ဒီကကောင်လေးရဲ့ မိဘတွေ သိအောင် ပြောပြစမ်းပါ"

"ဒီက....လွန်ခဲ့သောနှစ်ငါးဆယ်က ကျောက်လမ်းနား ကရထားလမ်းပေါ်မှာ ရထားတိုက်ခံရပြီး သေခဲ့ရတာ၊ ဒီအနီး ဝန်းကျင်မှာတော့ ငါ့ထက်ကြီးတဲ့ တစ္ဆေသဘက်တွေမရှိဘူး။

"အားလုံးနီးပါး ကုသိုလ်တွေရ၊ အမျှတွေရပြီး ကျွတ် လွတ်ကုန်တယ်"

"ဒီက ....ဒီဝန်းကျင်မှာရှိတဲ့ တစ္ဆေသရဲတွေကို ထိန်း ချုပ်ရတယ် အပိုင်စားရထားတာပေါ့"

"သင်က... ဒီလောကသက်တန်းရှည်နေတာ အလှူ ပေးမယ့်လူ၊ အမျှဝေမယ့်လူရှိလို့လား"

"ဒီလိုသရဲမျိုးမှာ ဘယ်က... အလှူလုပ်ပေးမယ့်လူရှိ မှာလဲ.. လူ့ဘဝထဲက မိသားစုမရှိ။ တစ်ကိုယ်တည်း အထီးကျန် နေတဲ့ကောင်။ ကိုယ့်ဘဝကိုယ်ထိမ်းကြောင်းရုန်းကန်ခဲ့ရတယ်"

"သေပြီး သရဲတစ္ဆေဖြစ်တော့လည်း ဘယ်သူက သပိတ် သွတ်ပေးလို့လဲ။ အမျှဝေသူမရှိ။ အလှူလုပ်ပေးမယ့်

လူမရှိ။ သေတဲ့က သရဲဖြစ်တဲ့ကောင်"

"ကဲ.... အဲဒီ... ဒီလူငယ်ကို ခွင့်လွှတ်ပါလို့ အဘ တောင်း ပန်ပါတယ်.....သင်က တစ်ကြိမ်တစ်ခါများလို့ ခွင့်လွှတ်မယ်ဆို ရင် သင့်ကို သည်မိသားစုက ကုသိုလ်ပြုပေးမယ် သစ်လည်း သာဓုခေါ်ခွင့်ရမယ် ဘယ်လိုလဲ"

"ကျုပ်အတွက် အလှူအတန်းလုပ်ပေးမယ်ဆိုရင် ဒီသူငယ်ကို ခွင့်လွှတ်ပေးမယ်"

"အဲဒီရင် .....သင့်ကိုပြောလိုက်မယ်..... မနက်ဖြန်ညနေ ....မြို့ဦးစေတီမှာ သင့်အတွက် ရည်စူးပြီး ..... ဘုရားရွှေသင်္ကန်း လှူပေးမယ်၊ မြို့ဦးစေတီမှာပဲ.....ဇရပ်ကျောင်းဆောက်တဲ့ဆီမှာ လည်းလှူပေးမယ်.....အဲဒီက ဆရာတော်ဆီမှာ သင်္ကန်းလှူပြီး အလှူတော် ရေစက်ချ.....တရားပွဲလေးလုပ်ပေးမယ်။ အလှူ လှူသမျှအစုစုကို...သင့်ကိုရည်စူးပြီး ရေစက်ချအမျှပေးဝေ မယ်"

"သင့်ကိုဖိတ်ထဲ့အချိန် မြို့ဦးစေတီကိုလာခဲ့ပါ"

"ဘုရားဝင်းထဲ ဝင်လို့မရဘူး"

"ဘုရားမုခ်ဝကပဲစောင့်နေပေါ့.....တရားနာတာနဲ့ ဝပြီး ဖိတ်မယ်.....သင့်ဘုရားဝက အလှူကိုအာရုံပြုထား"

"အထဲမှာ တရားပွဲရေစက်ချပြီးတာနဲ့ ဘုရားဝထွက် ပြီး သင့်ကိုကောင်းမှုအစုစုကို အမျှပေးဝေမယ်..... သင်စောင့်ပြီး

သာစုဒေါ်ပါ""သင့်ရဲ့အလှူကို အဘတာဝန်ယူပြီး လုပ်ပေးမယ်"

"ကျေးဇူးကြီးလှပါတယ်အဘ"

"ကဲ ဒါဆို.....သင်လည်း သူငယ်ဆီက ခွာပြီး သင့်နေရာ သင့်ပြန်တော့ မနက်ဖြန်ညနေ သင်လာရမယ့်အချိန် အဘ လှမ်းဖိတ်လိုက်မယ် ကဲသွားတော့"

မောင်သိန်းနိုင် ခန္ဓာကိုယ်မှာဝင်ရောက်ပူးကပ်နေသော တစ္ဆေကြီးလည်း.....ဘိုးတော်၏မေတ္တာရပ်ခံချက်ကိုလက်ခံကာ ထွက်ခွာသွားတော့သည်။

မောင်သိန်းနိုင်လည်း .....ထိုင်ရာမှလဲကျသွားတော့သည်။ ဘိုးတော်က ဘုရားသောက်တော်ရေတစ်ခွက်ကို ငှဲ့ပြီး-

"ကဲရေစင်နဲ့ .....ဖျန်းလိုက်မယ်.....သတိရစေ"

ဘိုးတော်က ဒေါ်ဆင့်နှင့်ရင်းနှီးသည့်အတွက် ဘုရားသောက်တော်ရေဖြင့်တောက်ပေးရင်း အသံနေအသံထားနှင့် ပြောလိုက်သည်။

ခဏနေတော့ မောင်းသိန်းနိုင်သတိရလာသည်။

စောစောကကြမ်းပြင်နှင့်ရော ထရံနှင့်ပါစောင့်ထားသည့် ဖူးယောင်သောဒဏ်ရာများမရှိတော့။

မူလအသားအရေအတိုင်းအားလုံးမြင်ကြရသည်။

"ကဲ.....တစ္ဆေကြီးကိုတော့ ကတိပေးလိုက်ပြီ။ ဘယ်လို

စိတ်ကူးထားကြလဲ""အဘဆန္ဒကတော့ ရွှေသင်္ကန်းအတွက် တစ်သောင်း လောက်လှူ၊ ခမ္မာရုံဆောက်တဲ့အထဲကိုလည်း တစ်သောင်း လောက်လှူ၊ တရားပေးမယ့်ဆရာတော်ကိုလည်း သင်္ကန်း တစ်စုံနဲ့ တစ်သောင်းလောက်လှူ ပြီးရင် တရားနာပြီး ရေစက် ချအမျှဝေလိုက်ကြတာပေါ့"

"ကျွန်တော်တို့အဘ စီစဉ်တဲ့အတိုင်း ဆောင်ရွက်ပါမယ့် အခုလို လာရောက်ကူညီပေးတဲ့အတွက် အဘကိုလည်း ဒီည အတွက်တစ်သောင်းလှူပါရစေ"

"အေးအေး....ကျန်းမာချမ်းသာကြပါစေကွယ်။ ကဲ နောက်ကို မသိလို့ပါဆိုပြီး မမှားစေနဲ့ အသွားအလာ၊ အနေ အထိုင် အပြောအဆိုဆင်ချင်ပေါ့"

"ဟုတ်ကဲ့အဘ.....သားအတွက် အမှတ်တရဖြစ်သွား ပါပြီ"

"အေးအေး ....မကြုံဘူးတော့မယုံ- မယုံတော့စမ်း ကြည်တာပေါ့....ကဲကဲ..... အဘသွားမယ် .....မင်းလိုက်ပို့"

ဘိုးတော်က ပြောပြောဆိုဆို ထပြန်သဖြင့် မောင်သိန်းနိုင် လည်း ဘိုးတော်ကို ပြန်ပို့ပေးရန်ထပြီး လိုက်သွားလေတော့ သည်။

ကောန်မင်း